# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## တပ်မက်မှုကိုစွန့်လွှတ်

သူတော်ကောင်းတို့သည် ခန္ဓာငါးပါးစသော သဘောတရားအားလုံး၌ တပ်မက်မှုကို စင်စစ် စွန့်လွှတ်ကုန်၏။ သူတော်ကောင်းတို့သည် ကာမကိုအလိုရှိကုန်သည်ဟု မပြောဆိုကုန်။ ပညာရှိတို့သည် ချမ်းသာဆင်းရဲနှင့် တွေ့စေကာမူ ဝမ်းမြောက်ခြင်း၊ နှလုံးမသာမယာခြင်း သဘောကို မဖော်ပြကြကုန်။ ဆင်းရဲ၊ ချမ်းသာ ဘယ်အခါမှ ဝမ်းနည်း၊ ဝမ်းသာခြင်းမရှိ။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၃)


၁၃၇၈ ခုနှစ် ဝါခေါင်လဆန်း ၃ ရက်၊ စနေနေ့။ 6, Saturday August 2016 (၈၆၄၅)




နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် လာအိုနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်တို့ ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။ (သတင်းစဉ်)

# လာအိုနိုင်ငံသမ္မတနှင့် ဇနီးတို့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့က ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၅

**လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ် နှင့် ဇနီး မစ္စစ် ခမ်မွမ်းဂ် ဗိုရာချစ်တို့အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင် တို့က ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်သမ္မတအိမ်တော် မြက်ခင်းပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။**

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် နှစ်နိုင်ငံဆွေးနွေးပွဲသို့ တက်ရောက်လာသော လာအိုနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်အား နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ ရင်းနှီးခင်မင်စွာကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် မြန်မာ - လာအို နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးဖေဇင်ထွန်း၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများ၊ လာအိုနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်နှင့် ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်နိုင်ငံ ပူးတွဲကော်မရှင်အစည်းအဝေး ဆက်လက်ကျင်းပရေးနှင့် စက်တင်ဘာလတွင် ကျင်းပမည့် နယ်စပ်ဒေသ ဗဟိုအာဏာပိုင်အဖွဲ့ အစည်းအဝေး ကျင်းပရေးဆိုင်ရာများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲရေးအတွက် ပူးတွဲဆောင်ရွက်ရေး၊ ရာသီဥတုဒဏ်နှင့် ရေတိုက်စားမှုဒဏ်ကြောင့် ပျက်စီးခဲ့သည့် နှစ်နိုင်ငံအကြား နယ်နိမိတ်မှတ်တိုင်များ ပူးတွဲပြင်ဆင်သွားရေး၊ ရန်ကုန် - ဗီယင်ကျန်း၊ လွမ်ပရာဘွမ် - ပုဂံ တိုက်ရိုက်ပျံသန်းမည့် လေကြောင်းခရီးစဉ်များ ပြန်လည်စီစဉ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြား တည်ဆဲသဘောတူညီချက်များ ပြန်လည်သုံးသပ်ရေး၊


**စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆**


# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်


စာမျက်နှာ ၁၀



THE MAZDA AWARDS HISTORY, THE CHOICE IS CLEAR

HOTLINE - 01 554633, 09 260259991

CX-5 CAR Of THE YEAR JAPAN 2014-2015(2013-2014 Emotional Category Award), GOOD DESIGN AWARD 2014 Best 100, Award for Excellence - Nikkei Sangyo Shimbun Award (1st prize).

MAZDA 6 What Car? Car of the Year 2010 - Best family car, Japan Car Design Award: Golden Marker Trophy, Carsales Car of the Year 2015: BEST FAMILY CAR (over $30K).

MAZDA 3 ASEAN COTY 2015 Malaysia : Family Car of the Year, The Best Small-to-medium Sedan, Automotive Best Buys for 2016 : "Compact Cars" category.

MAZDA 2 Carsales Car of the Year 2015: BEST CITY CAR, Car Dealer Power Car of the Year 2015, Scottish Car of the Year 2015: Scottish Supermini of the Year 2015,Environmental Communication Awards 2015.

BT-50 New Zealand 4WD Magazine Overall 4WD of the Year, UTE of the Year 2012, Drive Car of the Year 2012 : Best UTES.

World car of the year

## ကြေးမုံ

# ရေတိုရေရှည် အလေးထားထိန်းသိမ်းစောင့်ရှောက်

မြန်မာနိုင်ငံ၏ ရေကြီးရေလျှံမှုဖြစ်စဉ်များမှာ နှစ်စဉ်လိုဖြစ်ပွားနေရာ အရေးပေါ်မဟုတ်ဘဲ ပုံမှန်ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့ဖြစ်နေသည်။ မြစ်ရေကြောင့် ရေကြီးရေလျှံဖြစ်လာပါက သက်ဆိုင်ရာနယ်မြေဒေသအလိုက် ကူညီကယ်ဆယ်ရေးဆောင်ရွက်ရသည်။ ဆူနာမီ သို့မဟုတ် မုန်တိုင်းကဲ့သို့ မမျှော်မှန်းနိုင်သော အရေးပေါ်သဘာဝဘေးနှင့် ကြုံတွေ့ရသောအခါမှသာ နိုင်ငံတော်အဆင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လေ့ရှိသည်။

မြန်မာနိုင်ငံတွင် ရေကြီးကာလအဖြစ် ဇွန်လကို ပထမရေကြီးကာလ၊ ဇူလိုင်နှင့်ဩဂုတ်လကို ဒုတိယရေကြီးကာလ၊ စက်တင်ဘာနှင့် အောက်တိုဘာလကို တတိယရေကြီးကာလအဖြစ် သတ်မှတ်ထားသည်။ အဆိုပါကာလများတွင် ရေကြီးမှုဖြစ်စဉ်များကို နှစ်စဉ်ကြုံတွေ့လေ့ရှိသော်လည်း ယခုနှစ်ကာလများတွင် ယခင်နှင့်မတူ စိုးရိမ်ဖွယ်သဘာဝဘေးအန္တရာယ်အဖြစ် ကြုံတွေ့လာရသည်။

ယခုနှစ်တွင် မြန်မာနိုင်ငံ၏ တတိယရေကြီးကာလနှင့် လာနီညာရာသီဥတုဖြစ်ပေါ်မည့် အချိန်တိုက်ဆိုင်နေသည့်အတွက် မိုးပိုမိုများပြားခြင်းနှင့် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်တတ်သည့် မုန်တိုင်းအန္တရာယ်တို့နှင့် ကြုံတွေ့နိုင်သည်ဟု ပညာရှင်များက ခန့်မှန်းထားသည်။ ထို့ကြောင့် ပင်လယ်ကမ်းရိုးတန်းနှင့်နီးသောဒေသများနှင့် ဧရာဝတီမြစ်အနီး ဒေသနေပြည်သူများအတွက် ယခင်နှစ်ထက် ပိုမိုဆိုးရွားသည့် ရေကြီးရေလျှံမှုများအား ကြုံတွေ့လာရမည်ကို စိုးရိမ်ပူပန်လာကြသည်။

ရေဟူသည့်သဘာဝမှာ မြင့်ရာမှနိမ့်ရာသို့ စီးဆင်းသည့်သဘောဖြစ်သည်။ မိုးရာသီကာလ ရွာသွန်းဖြိုးသော မိုးရေတို့သည် ရေစီးလမ်းကြောင်းများမှတစ်ဆင့် မြစ်ချောင်းအင်းအိုင်များသို့ စီးဝင်သည်။ ထိုသို့စီးဝင်နိုင်အောင် မြစ်ချောင်းအင်းအိုင်တို့ မတိမ်ကောဖို့လိုသည်။ မိုးရေသည် ပထမမြေအောက်သို့စိမ့်ဝင်သည်။ စိမ့်ဝင်မှုအားကောင်းစေရန်နှင့် ရေကိုသိုလှောင်ထိန်းသိမ်းနိုင်ရန် သစ်တောသစ်ပင်များ ရှိဖို့လိုသည်။ ကျန်ရေတို့မှာ မြစ်ချောင်းအင်းအိုင်များအတွင်းသို့ ရောက်သည်။ အင်းအိုင်များတွင် ရေကိုလုံလောက်အောင် သိုလှောင်နိုင်ပြီး ပိုလျှံရေနှင့် အခြားရေတို့ မြစ်ချောင်းများအတွင်းသို့ စီးဝင်သည်။ ထိုရေအားလုံးတို့သည် မြစ်ချောင်းများမှ ပင်လယ်အတွင်းသို့စီးဝင်သော်လည်း ပင်လယ်ဟူသည် ရေပြည့်ရိုးထုံးစံမရှိ ဝင်သလောက်ဆံ့သည်။

ယခုနှစ်တွင် ယခင်နှစ်များထက်ပိုလွန်၍ ရေကြီးရေလျှံမှုများ ဖြစ်လာသည်။ ရေကြီးရေလျှံမှုဖြစ်စဉ်များကို သုံးသပ်ကြည့်လျှင် သဘာဝပတ်ဝန်းကျင်ယိုယွင်းခြင်းသည် အဓိကအချက်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးသောကြောင့် မြစ်ကြောင်းများလည်း တိမ်ကောလာသည်။ သဘာဝပတ်ဝန်းကျင်ပျက်စီးခြင်း၊ မြစ်ချောင်းအင်းအိုင်များတိမ်ကောခြင်းတို့ကို မကုစားနိုင်လျှင် ရေကြီးရေလျှံမှုများ နှစ်စဉ်တိုးတက်ဖြစ်ပေါ်နေမည်သာ ဖြစ်သည်။ ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ပြည်သူများမှာ တစ်စတစ်စတိုးပွားလာသည်။ ရေဘေးကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးကို တိုးတက်လုပ်ဆောင်ရသည်။ ဒေသခံပြည်သူများမှာလည်း အလုပ်အကိုင်ပျက်ပြီး ဘဝရပ်တည်ရေးအတွက် အခက်အခဲဖြစ်ရသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလျင်အမြန်မဆောင်ရွက်နိုင်သေးလျှင် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးကို အမြဲတစေလုပ်ကိုင်နေရပြီး ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေ့ဆက်တိုးတက်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ချေ။ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးဆိုသည်မှာ အရေးပေါ်ရေတိုလုပ်ငန်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို ရေရှည်မထိန်းသိမ်းနိုင်သရွေ့ ရေတိုကယ်ဆယ်ထောက်ပံ့ရေးသာ နှစ်စဉ်လုပ်နေရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏အသက်သွေးကြောမှာ ဧရာဝတီမြစ်ကြီးဖြစ်သည်။ မြစ်ချောင်းအားလုံးတို့သည် ဧရာဝတီမြစ်ကြီးတွင် ပေါင်းဆုံကြသည်။ ဧရာဝတီမြစ်ကြီး မတိမ်ကောပါက သဘာဝရေဘေးကို အတိုင်းအတာတစ်ခုအထိ ကျော်လွှားနိုင်သည်။ ဧရာဝတီမြစ်ကြီး တိမ်ကောနေပုံကို နွေအခါကာလ မြစ်ကြောင်းတစ်လျှောက်၌ မြင်တွေ့ရသည့် တစ်မျှော်တစ်ခေါ် သဲသောင်ပြင်ကြီးများက သက်သေပြလျက်ရှိသည်။

ထို့ကြောင့် ရေတိုကုစားနေရသည့် ကုန်ကျစရိတ်များကို ရေရှည်ကုစားရမည့်အပိုင်းတွင်အားဖြည့်ကာ သစ်တောသစ်ပင်များရှင်သန်ရေး၊ သဘာဝပတ်ဝန်းကျင်မပျက်စီးရေး၊ မြစ်ကြောင်းများကောင်းမွန်ရေးအတွက် နှစ်စဉ်အလေးထားပြီး စီမံကိန်းများဖြင့် တိုးချဲ့ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။ ။

# တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ တိုးတက်လုပ်ကိုင်နိုင်ရေးဆွေးနွေး

**နေပြည်တော် ဩဂုတ် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ကိုရီးယားနိုင်ငံ JOIN Group မှ ဥက္ကဋ္ဌ Mr. HAN Jae-kwon ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ နံနက် ၉ နာရီခွဲက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံစဉ် ကြက်မွေးမြူရေးနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းသို့ တိုးတက်လုပ်ကိုင်နိုင်ရေးအတွက် သုတေသနလုပ်ငန်းဆိုင်ရာများ၊ မြန်မာနိုင်ငံ အလယ်ပိုင်းအပူပိုင်းဒေသ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများ၊ နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ကြက်ဥဖောက်စက်ရုံများနှင့် အစာစပ်စက်ရုံများ တည်ထောင်ရေး၊ သားသတ်ရုံများ၊ 

အအေးခန်းများ၊ တန်ဖိုးမြင့် တိရစ္ဆာန်ထွက်ကုန် ပြုပြင်ထုတ်လုပ်ရေးစက်ရုံများ တည်ထောင်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ဥစားကြက်၊ အသားစားကြက် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး စီမံကိန်းလုပ်ငန်းဆိုင်ရာများ၊ ကြက်သားတွင် ဆေးဝါးနှင့် ဓာတုပစ္စည်း အကြွင်းအကျန်များ ပါဝင်မှုစစ်ဆေးခြင်းနှင့် အစာအရည်အသွေး စစ်ဆေးခြင်းလုပ်ငန်းများ တိုးမြှင့် ဆောင်ရွက်ရန်တို့အတွက် ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့ ဆင်ဖြူဂိတ်ရှိ လူသွားလမ်းနှင့် ယာဉ်အသီးသီးသွားလမ်းအား စနစ်တကျ စီစဉ်ဆောင်ရွက်

**မူဆယ် ဩဂုတ် ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံကူးသန်းသွားလာရာ နန်းတော်မန့်ဝိန်း ဆင်ဖြူဂိတ်များအား နယ်နိမိတ်ချင်းထိစပ်နေသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ တိုးတက်မှုနှင့်အညီ မြန်မာနိုင်ငံ၏ နိုင်ငံပုံရိပ်မြင့်မားစေရန် အကြီးစားပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး အခြား ပြင်ဆင်မွမ်းမံမှုများလည်း ပြုလုပ်လျက်ရှိခဲ့ရာ ဩဂုတ် ၂ ရက် နံနက် ၈ နာရီက မူဆယ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးသန်းထိုက်တို့၏ ညွှန်ကြားမှုဖြင့် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနခွဲအမှတ်(၇)ဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်နှင့် မူဆယ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း ဦးစီးသော ရဲတပ်ဖွဲ့ဝင်များက ဆင်ဖြူ မြန်မာ-တရုတ်နယ်စပ်ဂိတ်တွင် လူသွားလမ်း၊ ယာဉ်၊ သုံးဘီးယာဉ်နှင့် ဆိုင်ကယ်သီးသန့်လမ်းတို့ကို အညွှန်းဆိုင်းဘုတ် တပ်ဆင်ပေးခဲ့ပြီး မြန်မာနိုင်ငံသားများနှင့် နိုင်ငံခြားသားများ ဖြတ်သန်းသွားလာမှုအား စနစ်တကျသွားလာနိုင်ရေးအတွက် လက်တွေ့ပညာပေး ဆောင်ရွက်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော မူဆယ် ဆင်ဖြူဂိတ်တွင် ယခင်က အဝင်၊ အထွက် စစ်ဆေးရေး တစ်ပေါက်စီသာရှိခဲ့ပြီး ယခုအခါ ရွှေ့လျား မြန်မာလုပ်သားဦးရေ ပိုမိုများပြားလာခြင်း၊ ကူးသန်းရောင်းဝယ်သူ များပြားတိုးတက်လာခြင်း၊ တရုတ်နိုင်ငံသို့ လွယ်ကူစွာသွားလာနိုင်သဖြင့် ခရီးသွားလုပ်ငန်း တွင်ကျယ်လာခြင်းတို့ကြောင့် အဝင်၊ အထွက် စစ်ဆေးရေးဂိတ် သုံးပေါက်စီ ထပ်မံတိုးချဲ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ ဆင်ဖြူဂိတ်မှ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ် TBP ကိုင်ဆောင်သူ ၃၅၀၀၊ နယ်စပ်ဖြတ်သန်းခွင့် BP စာအုပ်ဖြင့် ၂၀၀၀ နေ့စဉ် ဖြတ်သန်းသွားလာမှုရှိခဲ့ပြီး မူဆယ်မြို့ရှိ စုစုပေါင်း ဂိတ်သုံးခု၏ ၅၅ ရာခိုင်နှုန်းကျော် ဖြတ်သန်းသွားလာနေကြောင်း သိရသည်။

မြန်မာနိုင်ငံ သွင်းကုန်၊ ပို့ကုန် ၈၀ ရာခိုင်နှုန်း ကုန်စည်စီးဆင်းမှု၏ မူလလာရာလမ်းကြောင်းဖြစ်သော အဆိုပါဂိတ်များတွင် ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေး၊ ခရီးနှောင့်နှေးကြန့်ကြာမှု မဖြစ်စေရေး၊ ကုန်ဖလှယ်မှု လျင်မြန်စွာ ဆောင်ရွက်နိုင်စေရေးနှင့် မှုခင်းဖြစ်ပွားမှုမရှိစေရေးတို့အတွက် မြို့နယ်ရဲတပ်ဖွဲ့မှ ထုတ်နုတ်အင်အားဖြင့် နေ့စဉ် ဆောင်ရွက်ပေးနေကြောင်း မူဆယ်မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်းက ပြောသည်။

**ဆရာမောင်(မူဆယ်)**



# မူးယစ်အန္တရာယ် အသိပညာပေးဟောပြော

**ရွှေကျင် ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ပွဲကုန်းရပ်ကွက် အလက(ခွဲ)ကျောင်းတွင် မူးယစ်အန္တရာယ်အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ကေဇင်လတ်(စာထောက်-၃) နှင့် ဒေါ်မို့မို့သွင်(ရုပ်သံ-၃)တို့က ကွမ်းစားသုံးခြင်း၊ ဆေးလိပ်သောက်သုံးခြင်းနှင့် အရက်သောက်ခြင်းတို့၏ ဆိုးကျိုးများကို ဟောပြောပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြသည်။

ထို့နောက် မူးယစ်ဆေးဝါးအသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံများကို ကျောင်းသား ကျောင်းသူများက စိတ်ဝင်စားစွာ ကြည့်ရှုမှတ်သားခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် လတွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၀

# တောင်သူလယ်သမားများ၏ အကျိုးစီးပွားများကို ထိရောက်စွာမြှင့်တင်ဖော်ဆောင်ပေးနိုင်ရေးသည် နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက် အရေးပါသည့် လက်ငင်းလိုအပ်ချက်ဖြစ်



**နေပြည်တော် ဩဂုတ် ၅**

တောင်သူလယ်သမား အကျိုးစီးပွားကာကွယ်မြှင့်တင်ရေး ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ မူဝါဒသစ်များနှင့် ကိုက်ညီရေးနှင့် မူဝါဒများအကောင်အထည်ဖော်နိုင်ရေးသည် အရေးကြီးပါကြောင်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

စီးပွားရေးမူဝါဒသစ်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်မြှင့်တင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများဘက်ညီစွာ တိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍချိန်ခွင်လျှာညီသည့်ပုံစံဖော်ထုတ်ရန်ဟူ၍ ပါရှိပါကြောင်း၊ ထို့အပြင် အိမ်ထောင်စုများ၊ တောင်သူလယ်သမားများနှင့် စီးပွားရေးလုပ်ငန်းများကို ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး အထောက်အကူပြုနိုင်မည့် ငွေကြေးစနစ်ဖြင့် ဘဏ္ဍာရေးတည်ငြိမ်မှုရရှိလာစေရေးဆောင်ရွက်ရန်ဟူသည့် မူဝါဒကိုလည်းတွေ့ရမည်ဖြစ်ပါကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့၏ ပထမအကြိမ် စုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အဖွဲ့ခေါင်းဆောင် ဒုတိယသမ္မတက ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ဒုတိယသမ္မတက လယ်ယာကဏ္ဍနှင့်ပတ်သက်သည့် ပကတိအခြေအနေမှန်များကို သေချာစွာသိရှိရမည်ဖြစ်ပြီး အကျိုးသက်ရောက်မှုရှိသည့် လယ်ယာကဏ္ဍထူထောင်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆန်စပါးတစ်မျိုးတည်းကိုသာ အခြေခံစဉ်းစားဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ စိုက်ပျိုးရေးကဏ္ဍတိုးတက်မြင့်မားရန် လယ်ယာကဏ္ဍကို ရှေးရှုသည့်တိုးတက်မှုများကို အာရုံပြုဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း၊ နိုင်ငံတော်၏ မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်ရန် အရေးကြီးပါကြောင်း။

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး လယ်ယာ၊ လယ်ယာထွက်ကုန်နှင့် မွေးမြူရေးကဏ္ဍထွက်ကုန်များကို ကျေးလက်နေပြည်သူများသာမက မြို့ပြနေပြည်သူများပါ မှီခိုနေရပါကြောင်း၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားများကို ထိရောက်စွာမြှင့်တင်ဖော်ဆောင်ပေးနိုင်ရေးသည် နိုင်ငံစီးပွားဖွံ့ဖြိုးရေးအတွက်အရေးပါသည့် လက်ငင်းလိုအပ်ချက်ဖြစ်ပါကြောင်း။

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီးဖြစ်၍ ဦးဆောင်အဖွဲ့၏လုပ်ငန်းတာဝန်များကို တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့များကို ဖွဲ့စည်းခဲ့ပါကြောင်း၊ ဦးဆောင်အဖွဲ့အပါအဝင် သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ လုပ်ငန်းအဖွဲ့များအနေဖြင့် ချမှတ်ထားသည့်လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ပေးကြရမည်ဖြစ်ပါကြောင်း။

လုပ်ငန်းစဉ်များ လက်တွေ့ကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လုပ်ငန်းကဏ္ဍအသီးသီးရှိ ကျွမ်းကျင်ပညာရှင်များ၊ ဥပဒေပညာရှင်များအနေဖြင့် ပူးပေါင်းဆွေးနွေးညှိနှိုင်းကြရမည်ဖြစ်ပြီး တာဝန်ရှိသူအဆင့်ဆင့်ကို တင်ပြဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တောင်သူလယ်သမားများ၏ လက်ငင်းလိုအပ်ချက်များအပါအဝင်၊ အခွင့်အရေးများ၊ အကျိုးစီးပွားများကို ကာကွယ်မြှင့်တင်ခြင်းသည် နိုင်ငံတော်၏ အကျိုးစီးပွားကို ကာကွယ်ပေးခြင်း၊ နိုင်ငံတော်အကျိုးစီးပွားကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဦးဆောင်အဖွဲ့ အတွင်းရေးမှူး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေး၊ အကျိုးစီးပွားမြှင့်တင်ရေးနှင့် အစိုးရသစ်လက်ထက်ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးတို့က တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဆိုင်ရာများနှင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဦးဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ အသင်းအဖွဲ့ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။**(သတင်းစဉ်)**

## ❖ သဘာဝဘေးအန္တရာယ်မှ

ပတ်သက်၍ ကြိုတင်သတင်းရနိုင်သကဲ့သို့ ရုတ်ချည်းဖြစ်ပေါ်လာတတ်သည်များလည်းရှိကြောင်း။

ဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်ကာကွယ်သည့်အဆင့်၊ ဖြစ်လာလျှင် ရှာဖွေကယ်ဆယ်သည့်အဆင့်၊ ဖြစ်ပြီးလျှင် ပြန်လည်ထူထောင်သည့်အဆင့်ဟူ၍ရှိပြီး နောင်တွင်မဖြစ်အောင်နှင့် ဖြစ်လာလျှင်လည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ယခုဆိုလျှင် မြေစာပုံပြိုကျမှုများကြောင့် လူ့အသက်ဆုံးရှုံးမှုများ၊ ယခင်ရေကြီးနစ်မြုပ်မှုများမဖြစ်ပွားခဲ့သည့်ဒေသများ၌ပင် ရေကြီးနစ်မြုပ်မှုများ၊ လေပြင်းတိုက်ခတ်မှု၊ မြစ်ကမ်းပါးပြိုကျမှု၊ မိုးကြိုးပစ်မှုများအပြင် အပူရှိန်မြင့်မားမှုကြောင့်ဖြစ်သည့် ရေရှားပါးပြတ်လပ်မှုများ၊ မိုးသီးကြွေကျမှုများသည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ ဖြစ်ပေါ်နေသည်ကိုတွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ပေါ်ပေါက်လာသည့် ဘေးအန္တရာယ်အတွက် ဖြေရှင်းဆောင်ရွက်ရန်မပြီးသေးခင်မှာပင် နောက်ထပ် သဘာဝဘေးတစ်ခုဆက်တိုက်ဖြစ်ပေါ်နေသည့် အခြေအနေများကိုလည်း ကြုံတွေ့နေရကြောင်း ပြောကြားသည်။

သဘာဝဘေးဒဏ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရာတွင်လည်း အကျိုးဆက်များကို စနစ်တကျ လေ့လာသုံးသပ်ဆန်းစစ်နိုင်ကြရန် အလွန်အရေးကြီးကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်ရာ သဘာဝဘေးစီမံခန့်ခွဲသူတိုင်းသည် ၎င်းဥပဒေ၊ နည်းဥပဒေများကို အခြေပြုပြီး လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ လျော့ပါးသက်သာအောင် မြို့နယ်တစ်ခုချင်းစီအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး မိမိမြို့နယ်တွင်ရှိသည့်အင်အားနှင့် ရင်ဆိုင်တုံ့ပြန်နိုင်ရေးအစီအမံများကို ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ သဘာဝဘေးဒဏ်ခံစားရမှုမှ အနည်းဆုံးဖြစ်အောင် ပိုမိုပြီးကောင်းမွန်သည့်၊ ပိုမိုပြီး ထိရောက်မည့် နည်းလမ်းများကို စဉ်းစားပြီး ကောင်းမွန်သည့် အစီအမံများကို အမြဲတမ်းရှာဖွေ၊ ဖော်ထုတ်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် နိုင်ငံတော်ကိုယ်စား သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ပြည်သူလူထုအားကိုးယုံကြည်သည့် ပြည်သူလူထုကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်သည့် ကော်မတီဖြစ်ရန် အရေးကြီးကြောင်း။

သဘာဝဘေးဒဏ် လျော့နည်းသက်သာစေရန် ကြိုတင်ပြင်ဆင်ခြင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း၊ ဘေးအန္တရာယ်ဖြစ်လာမှ ချက်ချင်းစီမံဆောင်ရွက်သည်ထက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားခြင်းဖြင့် ထိခိုက်မှုလျော့နည်းပြီး ဘေးမဖြစ်မီ၊ ဖြစ်ဆဲ၊ ဖြစ်ပြီး လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အချိတ်အဆက်မိမိနှင့် လစ်ဟာမှုမရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်ရေးအစီအမံများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ကြရန် လိုကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက သဘာဝဘေးအန္တရာယ်မဖြစ်ပွားမီ ကြိုတင်ဆောင်ရွက်ထားသင့်သည်များနှင့် ဖြစ်ပွားပြီးပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက်သွားမည့် အခြေအနေ၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရန်ပုံငွေရရှိမှုနှင့် ထိန်းသိမ်းထားရှိမှု၊ သဘာဝဘေး အန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ကြိုတင်သတင်းရရှိရန်အတွက် ဆောင်ရွက်နေမှု၊ အလျင်အမြန် တုံ့ပြန်နိုင်ရေးအားလုံးပူးပေါင်း ပါဝင်ဆောင်ရွက်ရေး၊ အတွေ့အကြုံများရှိခဲ့ပြီးဖြစ်သည့်အတွက် အမြန်ဆုံးတုံ့ပြန်နိုင်မှု၏ အရေးကြီးမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများ ထွက်ရှိပြီးဖြစ်သည့် ကြိုတင်လေ့လာထားရန် လိုအပ်မှု၊ ပြည်သူထံမှသတင်းရရှိရေးနှင့် ပြည်သူထံသို့ သတင်းများအချိန်မီ ပြန်လည်ပေးပို့နိုင်ရေး ဆောင်ရွက်ထားရန် လိုအပ်ကြောင်းကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကြိုတင်စီမံဆောင်ရွက်ထားရှိမှု၊ အရေးပေါ်တုံ့ပြန်ဆောင်ရွက်သွားမည့် အစီအမံများ၊ ဘေးအန္တရာယ်ကျရောက်ပြီးပါက လတ်တလောဆောင်ရွက်ရမည့်အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန် ကြိုတင်စီစဉ်ထားရှိမှုတို့ကို ဆွေးနွေးကြသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းထားမှု၊ လက်ရှိဖြစ်ပွားလျက်ရှိသည့် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ အရေးပေါ်တုံ့ပြန်နိုင်ရန်ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်နေရာများအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်မှု၊ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ဘေးရောဂါဖြစ်ပွားမှု မရှိစေရေးအတွက် အတတ်နိုင်ဆုံး ကြိုတင်ကာကွယ်ရေး ပြင်ဆင်ဆောင်ရွက်သွားရမည့် အခြေအနေနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တက်ရောက်လာကြသူများက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ အရေးပေါ်တုံ့ပြန်နိုင်မည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြပြီး ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

## ❂ ရောဝတီမြစ်ရေမှ

ထို့ကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးငယ်များအား ရေလွတ်ရာကုန်းမြင့်သောနေရာများသို့ အမြန်ဆုံးပြောင်းရွှေ့နိုင်ရေးအတွက် မြို့နယ်တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့သည်။ ကျိုးပေါက်သွားသည့် တာ၏အတွင်းဘက်ရှိ ဂန်ချောင်းကျေးရွာအုပ်စု ထုံးဝကျေးရွာအနီး ထုံးဝပန်းတာကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်းက မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံကိန်းဦးစီးဌာနက တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ကျိုးပေါက်သွားသည့်တာသည် ဆည်မြောင်းဌာနမှ စွန့်လွှတ်ထားသောတာ(ကမ်းရင်းတာ)ဖြစ်ပြီး အလျား ပေ ၁၂၀ ခန့်အထိ ကျိုးပေါက်သွားခြင်းဖြစ်သည်။

အဆိုပါတာနှစ်ခုအကြားရှိ လူနေအိမ်ခြေ ၁၁၆ အိမ်အနက် ၆၈ အိမ်ကိုဖျက်၍ ရေလွတ်ရာသို့ အမြန်ဆုံးရွှေ့ပြောင်းပေးခဲ့ပြီး ကမ်းပြိုတာကျိုးပေါက်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများမရှိကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# ဂျပန်ကာကွယ်ရေးဝန်ကြီးသစ် အင်နာဒါ တရုတ်နိုင်ငံသို့ သွားရောက်မည်



**ကျိုတို ဩဂုတ် ၅**

ဂျပန်နှင့်တရုတ်နိုင်ငံအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်စေရန်နှင့် အပြန်အလှန်ယုံကြည်မှုများခိုင်မာစေရန်ရည်ရွယ်ပြီး တရုတ်နိုင်ငံသို့ အလည်အပတ် ခရီးသွားမည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးသစ် တိုမိုမီ အင်နာဒါက ထုတ်ဖော်ပြောကြားခဲ့သည်။

နှစ်နိုင်ငံအနေဖြင့် ကဏ္ဍစုံတွင် ရင်းနှီးပွင့်လင်းစွာဆွေးနွေးရန်လိုအပ်ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး အင်နာဒါက မီဒီယာသို့ ယနေ့ပြောကြားခဲ့သည်။ ထင်မြင်ယူဆချက်များ အပြန်အလှန်ဖလှယ်ခြင်းသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပိုမိုနားလည်မှုတိုးတက်စေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီးအနေဖြင့် တရုတ်နှင့်တောင်ကိုရီးယားနိုင်ငံတို့နှင့် ဆက်ဆံရေး ပျက်ပြားစေမည့် လုပ်ရပ်များကို သတိရှိစွာ ရှောင်ရှားရန်လိုအပ်သည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မတ်ခ်တိုနာက ဆိုသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး အင်နာဒါက ရှင်ဇိုအာဘေး၏ အစိုးရအဖွဲ့ဝင်တစ်ဦးအနေဖြင့် မှန်ကန်ပြီးတရားမျှတသော ဆုံးဖြတ်ချက်များကို ချမှတ်မည်ဖြစ်ကြောင်း ဝန်ကြီးအင်နာဒါက မီဒီယာများသို့ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

# ပါကစ္စတန် ရဟတ်ယာဉ်တစ်စင်း အာဖဂန်တွင်အရေးပေါ်ဆင်းသက်စဉ် ပျက်ကျ ရဟတ်ယာဉ်ပေါ်ပါ ခုနစ်ဦးအား တာလီဘန်တို့ ဓားစာခံဖမ်းဆီး

**အစ္စလမ္မာဘတ် ဩဂုတ် ၅**

ပါကစ္စတန် ရဟတ်ယာဉ်တစ်စင်းသည် ဩဂုတ် ၄ ရက်က အာဖဂန်နစ္စတန်နိုင်ငံ လိုဂါပြည်နယ်တွင်း၌ အရေးပေါ်ဆင်းသက်စဉ် ပျက်ကျခဲ့ရာ ယင်းဒေသရှိ တာလီဘန်တပ်ဖွဲ့များက ရဟတ်ယာဉ်ပေါ်ပါ လူခုနစ်ဦးအား ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း ဒေသတွင်းသတင်း၌ ဖော်ပြသည်။

အဆိုပါ ရဟတ်ယာဉ်သည် အကြီးစားပြင်ဆင်မှုပြုလုပ်ရန် ဥဇဘက်ကစ္စတန်နိုင်ငံသို့ ပျံသန်းလာစဉ် စက်ပိုင်းဆိုင်ရာ ချွတ်ယွင်းမှုကြောင့် ရဟတ်ယာဉ်မှူးက အာဖဂန်နစ္စတန်နိုင်ငံ လိုဂါပြည်နယ်တွင်းသို့ ဆင်းသက်ခဲ့ဖွယ်ရှိကြောင်း၊ ယင်းပြည်နယ်မှာ ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးနွယ်စုများ နေထိုင်ရာ ကွာရမ်ဒေသနှင့် နယ်နိမိတ်ချင်းထိစပ်နေကြောင်း ဆာမာသတင်း၌ ဖော်ပြသည်။

ရဟတ်ယာဉ်ပေါ်တွင် ပါကစ္စတန်နိုင်ငံသား ရဟတ်ယာဉ်မှူး နှစ်ဦး၊ စက်မှုကျွမ်းကျင်သူ လေးဦးနှင့် ရုရှားနိုင်ငံသား လေကြောင်းလမ်းပြတစ်ဦးတို့ အပါအဝင် လူခုနစ်ဦး လိုက်ပါလာခဲ့ပြီး ဩဂုတ် ၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့မှ စတင်ပျံသန်းခဲ့ခြင်းဖြစ်သည်။

ရဟတ်ယာဉ်ပေါ်ပါ ခုနစ်ဦးကို တာလီဘန်များက ဓားစာခံများအဖြစ် ဖမ်းဆီးထားသည်။ ရဟတ်ယာဉ်



မပျက်ကျမီ မီးလောင်ခဲ့ပြီး ရဟတ်ယာဉ်ပေါ်ပါသူ ခုနစ်ဦးမှာ ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ တာလီဘန်အဖွဲ့ဝင်များက ရဟတ်ယာဉ်ကို မီးရှို့ခဲ့ကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမ်အိုင်-၁၇ အမျိုးအစား အဆိုပါ ရဟတ်ယာဉ်ကို ပါကစ္စတန် အရှေ့ပိုင်းပန်ဂျပ်ပြည်နယ် အစိုးရက ပိုင်ဆိုင်သည်။

ပါကစ္စတန် နိုင်ငံခြားရေးဌာနက အဆိုပါဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းလျက်ရှိသည်။

**ဆင်ဟွာ။**

# အာသံပြည်နယ်ရှိ ဈေးတစ်ဈေးတွင် စစ်သွေးကြွများတိုက်ခိုက်၍ ၁၄ ဦးထက်မနည်းသေဆုံး၊ ၂၀ ကျော် ထိခိုက် ဒဏ်ရာရ

**နယူးဒေလီ ဩဂုတ် ၅**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း အာသံပြည်နယ်ရှိ လူစည်ကားသော ဈေးတစ်ဈေးတွင် စစ်သွေးကြွများက သေနတ်များဖြင့် ပစ်ခတ်ပြီး လက်ပစ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် လူ ၁၄ ဦးထက်မနည်း သေဆုံးပြီး လူ ၂၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့အကြီးအကဲက ပြောကြားသည်။

အာသံပြည်နယ်၏ မြို့တော်ဂါဝါဟာတီနှင့် ကီလိုမီတာ ၂၂၀ အကွာ ကိုကရာဂျားမြို့ ဆင်ခြေဖုံးရှိ တီနီရာကီ အပတ်စဉ်ဈေးတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ တိုက်ခိုက်မှုဖြစ်ပွားစဉ် အဆိုပါဈေး၌ ရာပေါင်းများစွာသော လူများ အရောင်းအဝယ်ပြုရန် စုဝေးရောက်ရှိနေကြသည်ဟု သတင်းတွင် ဖော်ပြသည်။

ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းတွင် စစ်သွေးကြွ သုံးဦးသို့မဟုတ် လေးဦးတို့က အဆိုပါဈေးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက်တိုက်ခိုက်မှုတွင် ပါဝင်သော စစ်သွေးကြွများကို ဖော်ထုတ်ဖြိုခွင်းရန် စစ်ဆင်ရေးကို ဆောင်ရွက်နေကြောင်း၊ စစ်သွေးကြွတစ်ဦးကို လက်နက်ချစေနိုင်ခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့မှူး မူကက်ရ်ဆာဟေက သတင်းမီဒီယာသို့ ပြောကြားသည်။

စစ်သွေးကြွများ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူ ၁၄ ဦးသေဆုံးရပြီး ထိခိုက်ဒဏ်ရာရသူများကို ဆေးရုံများသို့ တင်ပို့ပေးခဲ့သည်။ ဒဏ်ရာရသူများအနက် အချို့မှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းပစ်ခတ်တိုက်ခိုက်မှုကို ကျူးလွန်ခဲ့သူများမှာ ကိုကရာဂျားမြို့မှ မတရားအသင်းအဖြစ် ကြေညာခံထားရသည့် ဘိုဒိုလန် အမျိုးသားဒီမိုကရက်တစ်တပ်ဦးမှ သူပုန်များဖြစ်သည်ဟု ရဲတပ်ဖွဲ့က သံသယမကင်းရှိနေသည်။ ယင်းအဖွဲ့အစည်းသည် ဒေသတွင်းရှိ ဘိုဒိုမျိုးနွယ်စုများ သီးခြားနယ်မြေအဖြစ် ခွဲထွက်နိုင်ရေးအတွက် တိုက်ခိုက်မှုများပြုလုပ်နေသည့် အဖွဲ့အစည်းဖြစ်သည်။

**ဆင်ဟွာ။**

# ဘရာဇီးနိုင်ငံပိုင် နျူကလီးယားကုမ္ပဏီအကြီးအကဲဟောင်းအား ခြစားမှုကြောင့် ထောင်ဒဏ် ၄၃ နှစ် ချမှတ်

**ရီယိုဒီဂျနေးရိုး ဩဂုတ် ၅**

ဘရာဇီးတရားရုံးတစ်ရုံးက နိုင်ငံပိုင် နျူကလီးယားကုမ္ပဏီ Eletronuclear အကြီးအကဲဟောင်းအား ထောင်ဒဏ် ၄၃ နှစ် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံပိုင် ရေနံကုမ္ပဏီ Petrobras ၏ အကျင့်ပျက်ခြစားမှုအရှုပ်တော်ပုံနှင့် ပတ်သက်သော စုံစမ်းစစ်ဆေးမှု၏ တစ်စိတ်တစ်ဒေသအဖြစ် Eletronuclear ကုမ္ပဏီအကြီးအကဲဟောင်း အိုသွန်လူးဝစ်ပင်ဟဲရိုးဒါ ဆေးလ်ဗားအား ချမှတ်လိုက်သော ပြစ်ဒဏ်မှာ အပြင်းထန်ဆုံးပြစ်ဒဏ်များအနက်တစ်ခုဖြစ်သည်။ ထောင်ဒဏ် ၁၅ နှစ်နီးပါးချမှတ်ခံခဲ့ရသော သမီးဖြစ်သူ အန်နာခရစ္စတီနာဒါဆေးလ်ဗားတိုနီယိုလို အပါအဝင် အခြားပုဂ္ဂိုလ် ၁၂ ဦးနှင့်အတူ Petrobras ၏ အကျင့်ပျက်ခြစားမှုနှင့် ငွေကြေးခဝါချမှုတို့တွင် ဒါဆေးလ်ဗားတွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည်။

ရီယိုဒီဂျနေးရိုးမြို့တော်တွင် အန်ဂရာ-၃ နျူကလီးယားဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးအတွက် Eletronuclear နှင့် ဆောက်လုပ်ရေးကုမ္ပဏီများဖြစ်သော Gutierrez နှင့် Engeviz တို့ကြား လက်မှတ်ရေးထိုးခဲ့သည့် သဘောတူစာချုပ်များအတွက် လာဘ်ပေးလာဘ်ယူမှုများပြုလုပ်ရန် ဒါဆေးလ်ဗားက စီစဉ်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။ တင်ဒါခေါ်ရာတွင် တာဝန်ရှိသူများသို့တံစိုးလက်ဆောင်ပေးမှုများနှင့် သဘောတူစာချုပ်များပေးအပ်ရာတွင် ဘက်လိုက်ခြင်းအပါအဝင် အန်ဂရာ-၃ နျူဓာတ်အားပေးစက်ရုံတည်ဆောက်ရေးဆိုင်ရာ သဘောတူစာချုပ်များ၌ အသီးသီးသောမှုမမှန်မှုများကို တွေ့ရှိခဲ့သည်။

သဘောတူစာချုပ်ချုပ်ဆိုရေးလုပ်ငန်းစဉ်ကို နိုင်ငံပိုင်လျှပ်စစ်ကုမ္ပဏီ Eletrobras ၏ လက်အောက်ခံလုပ်ငန်းတစ်ခုဖြစ်သည့် Eletronuclear ကုမ္ပဏီက ကြီးကြပ်ခဲ့ပြီး ခြစားမှုအရှုပ်တော်ပုံတွင်ပါဝင်သော ပုဂ္ဂလိကကုမ္ပဏီအများအပြားကို ဦးစားပေးရန်ဇာတ်တိုက်ထားခဲ့သည်။ ၂၀၀၄ နှင့် ၂၀၁၄ ခုနှစ်များအတွင်းဖြစ်ပွားခဲ့သော Petrobras ခြစားမှုအရှုပ်တော်ပုံ၌ အမေရိကန်ဒေါ်လာ နှစ်ဘီလီယံထက်မနည်း အလွဲသုံးစားလုပ်ခဲ့ကြောင်း ခန့်မှန်းတွက်ချက်ထားပြီး ဒါဇင်နှင့်ချီသော အစိုးရတာဝန်ရှိသူများ၊ Petrobras ဝန်ထမ်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ အမှုဆောင်များအား ဖမ်းဆီးမှုများပြုလုပ်သည်ထိ ဖြစ်ပေါ်စေခဲ့သည်။

**ဆင်ဟွာ။**

# တိဘက်ဒေသကို အိန္ဒိယနှင့်ဆက်သွယ်ပေးမည့် ရထားလမ်းဖောက်လုပ်ရေး တရုတ်စဉ်းစားနေ

**ပေကျင်း ဩဂုတ် ၅**

တိဘက်ဒေသကို အိန္ဒိယနိုင်ငံနှင့်ဆက်သွယ်ပေးမည့် ရထားလမ်း ဖောက်လုပ်ရေးနှင့် ပတ်သက်၍ တရုတ်နိုင်ငံက စဉ်းစားသုံးသပ်လျက်ရှိကြောင်း တရုတ်တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။

ဟိမဝန္တာတောင်တန်းကို ဖြတ်သန်းကာ ဖောက်လုပ်ရမည့် ရထားလမ်းစီမံကိန်းအရ တိဘက်ဒေသကို အိန္ဒိယနိုင်ငံနှင့် ဆက်သွယ်ပေးနိုင်မည်ဖြစ်သည်။

တိဘက်နှင့် အိန္ဒိယကို ဆက်သွယ်သော ရထားလမ်းဖောက်လုပ်ရေးမှာ စီးပွားရေးအရရော နည်းပညာအရပါ ဖြစ်တန်ခြေရှိကြောင်း တိဘက်ဒေသဆိုင်ရာ သုတေသနဌာနက ကြီးမှူးကျင်းပသော ဖိုရမ်ဆွေးနွေးပွဲတွင် ပေကျင်းနည်းပညာတက္ကသိုလ် သိပ္ပံနှင့်နည်းပညာဌာန ဒုတိယညွှန်ကြားရေးမှူး စုန်ကန်းက ပြောကြားသည်။

ဟိမဝန္တာတောင်တန်းဒေသကို ဖြတ်သန်းမည့် ရထားလမ်းဖောက်လုပ်ရေးအစီအစဉ်ကို အကောင်အထည်ဖော်မည်ဆိုပါက တိဘက်ဒေသ ကျီရေးမြို့မှ တရုတ်နိုင်ငံနယ်စပ်ရှိ ကုန်းတွင်းပိုင်းဆိပ်ကမ်းတည်ရာ ကျောင့်ရွှန်းမြို့သို့ ရထားလမ်းဆောက်လုပ်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် နီပေါနိုင်ငံသို့ ဆက်သွယ်နိုင်ရန် ရထားလမ်းကို တိုးချဲ့ဖောက်လုပ်ရမည်ဖြစ်ကြောင်း၊ အမြန်ရထားလမ်းဖောက်လုပ်ရန်မှာမူ မဖြစ်နိုင်ကြောင်း တရုတ်သုတေသီများ၏ ပြောကြားချက်များကို ကိုးကားလျက် နိုင်ငံပိုင် ချိုင်းနားဒေးလီးက ရေးသားဖော်ပြသည်။ **ပီတီအိုင်။**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်၌ ဆက်လက်ကျင်းပရာ မြစ်ကြီးနားမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအင်ထုံးခါးနော်ဆမ်၏ နယ်စပ်ဒေသများ၌ တိုက်ပွဲများဖြစ်နေခြင်းကြောင့် စစ်ရှောင်ဒုက္ခသည်များအတွက် မည်သို့ဆောင်ရွက်ပေးနေကြောင်းနှင့် တိုက်ပွဲများဖြစ်နေကြသော နှစ်ဖက်လက်နက်ကိုင်အဖွဲ့အကြီးအကဲများထံသို့ ညှိနှိုင်းဖြေရှင်းပေးရန် အစီအစဉ် ရှိ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ကချင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ် ဇွန်လမှစတင်၍ ပဋိပက္ခများဖြစ်ပွားခဲ့ရာ နယ်မြေလုံခြုံရေးအခြေအနေအရ တိမ်းရှောင်လာသော မိသားစုများအတွက် မြစ်ကြီးနား၊ ဝိုင်းမော်၊ ကန်ပိုက်တီး၊ ချီဖွေ၊ ပန်ဝါ၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ကာမိုင်း၊ ဗန်းမော်၊ မိုးမောက်၊ လွယ်ဂျယ်၊ မန်စီ၊ ရွှေကူ၊ ဒေါ့ဖုန်းယန်၊ ပူတာအို၊ ဆွမ်ပရာဘွမ်ဒေသများတွင် ၂၀၁၆ ခုနှစ် ဇွန်လအထိ ကယ်ဆယ်ရေးစခန်း (၉၄)ခု ဖွင့်လှစ်ခဲ့ပြီး အိမ်ထောင်စု (၈၀၉၈) စု စုစုပေါင်းရွှေ့ပြောင်းနေထိုင်သည့် လူဦးရေ (၃၉၃၇၆) ဦးရှိသည်ဟု ကချင်ပြည်နယ်အစိုးရအဖွဲ့၏ တင်ပြချက်အရ သိရှိရပါကြောင်း ဖြေကြားသည်။


ဦးအင်ထုံးခါးနော်ဆမ်

အဆိုပါ အိမ်ထောင်စုများအတွက် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ကချင်ပြည်နယ်အစိုးရအဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ လိုအပ်သည့် ထောက်ပံ့ကူညီမှုများကို ပေါင်းစပ်ညှိနှိုင်းစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပဋိပက္ခများစတင်ဖြစ်ပွားခဲ့သော ၂၀၁၁ ခုနှစ် ဇွန်လမှစ၍ ခေတ္တတိမ်းရှောင် မိသားစုများသို့ ကယ်ဆယ်ထောက်ပံ့မှု လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ၂၀၁၆ ခုနှစ် မေလအထိ စားဝတ်နေရေးအတွက် လတ်တလော ထောက်ပံ့ငွေကျပ် (၃၀၈၃ ဒသမ ၆၀၅)သန်းနှင့် ပစ္စည်းတန်ဖိုးငွေကျပ် (၁၅၁၃၀ ဒသမ ၅၁၁) သန်း ထောက်ပံ့ခဲ့သည့်အနက် နယ်စပ်ရေးရာဝန်ကြီးဌာနက ပစ္စည်းနှင့် ငွေသားထောက်ပံ့ငွေကျပ် (၁၇၈ ဒသမ ၁၃၆)သန်း ထောက်ပံ့ပေးခဲ့ပါကြောင်း။

ထို့အပြင် ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) နှင့် ကမ္ဘာ့ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးရုံး (UNOCHA)တို့နှင့် ပူးပေါင်း၍ ဆန်၊ ဆီ၊ ပဲ၊ ဆား၊ အာဟာရမှုန့်၊ အားဖြည့်ဘီစကစ်တို့ကို ဖြန့်ဝေထောက်ပံ့ပေးခဲ့ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၁ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၅၀/၂၀၁၆ ဖြင့် ထုတ်ပြန်ခဲ့သော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ကို ဖွဲ့စည်းခဲ့ကာ အဆိုပါ ကော်မတီသည် လုပ်ငန်းတာဝန်များချမှတ်၍ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုပေါ်ထွန်းလာရေး မျှော်မှန်း၍ ပြည်ထောင်စု တိုင်းရင်းသားများ၊ ပါဝင်သင့် ပါဝင်ထိုက်သူများ ပါဝင်သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံကို ကျင်းပသွားမည်ဖြစ်ရာ ညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နိုင်ရန် မေ ၃၁ ရက်တွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အကြိုပြင်ဆင်ရေး ကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပြီးဖြစ်သည့် အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁)ကိုလည်းကောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း မပြုရသေးသောအဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အကြိုပြင်ဆင်ရေးဆပ်ကော်မတီ (၂)ကိုလည်းကောင်းဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။


ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်

လေရှီးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဌေး၏ လေရှီးမြို့နယ်ရှိ ပန်ဆပ်၊ လေယုံ၊ ဆုံကင်းကျေးရွာ အမကကျောင်းများအား ဆောက်လုပ်ခဲ့သည့် AMC ကုမ္ပဏီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့ လုပ်ငန်းအာမခံစာချုပ် သတ်မှတ်အချိန်ကာလ မည်မျှချုပ်ဆိုထားပြီး ဆောက်လုပ်ပြီး တစ်နှစ်အတွင်း ပျက်စီးနေခြင်းနှင့် ပတ်သက်၍ မည်ကဲ့သို့ အရေးယူဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ပြန်လည်ဖြေကြားရာ၌ လေရှီးမြို့နယ်တွင် ပထမအကြိမ် အိန္ဒိယအထောက်အပံ့ရန်ပုံငွေဖြင့် တည်ဆောက်ခဲ့သော ပန်ဆပ်ကျေးရွာရှိ ကျောင်းဆောင်အား တင်ဒါအောင်မြင်ခဲ့သော AMC ကုမ္ပဏီမှ တွက်ချက်မှုပါအတိုင်း တည်ဆောက်ခဲ့သော်လည်း ဒေသအခြေအနေအရ မိုးများခြင်း၊ ရာသီဥတုဒဏ်၊ မိုးဒဏ်၊ လေဒဏ်များကြောင့်လည်းကောင်း၊ အဆောက်အအုံအသားမကျမီ ကျောင်းသားကျောင်းသူများကို လက်ခံစာသင်ကြားရခြင်းကြောင့်လည်းကောင်း သာမန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ပန်ဆပ် အမက ကျောင်း၏ ပတ်တီးအက်ကြောင်းများကို ပြန်လည်ပြုပြင်ခဲ့ပြီး ကျောင်းဆောင်ပြင်ပတစ်ခုလုံးကို ဆေးသုတ်ခြင်း၊ ပျက်စီးနေသော ၆ လက်မ ၃ လက်မ အရွယ်ရှိ ရက်မ ၄ ချောင်းကို အသစ်ပြန်လည်အစားထိုး ဆောင်ရွက်ခြင်းနှင့် ဝရန်တာလက်ရန်းများအား ပိုမိုခိုင်ခံ့အောင် ပြုပြင်ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ လေယုံ အမက ကျောင်း၏ ကျောင်းဆောင်တစ်ခုလုံး ပြင်ပမျက်နှာပြင် ဆေးသုတ်ခြင်းနှင့် ပျက်စီးနေသော ၆ လက်မ ၃ လက်မ အရွယ်ရှိ ရက်မ ၄ ချောင်းကို အသစ်ပြန်လည် အစားထိုးခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆုံကင်း အမက ကျောင်း၏ ကျောင်းဆောင်တစ်ခုလုံး ပြင်ပမျက်နှာပြင်အားလုံးကို ပြန်လည်ဆေးသုတ်ထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယနေ့တွင် လေးမျက်နှာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း တင်သွင်းသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဧရာဝတီမြစ်နှင့် ငဝန်မြစ်အား ကာရံထားသော ရေကာတာများအား ယခုရောက်ရှိမည့် မိုးရာသီတွင် ပြည်သူများစိုးရိမ်ပူပန်မှုမရှိအောင် ကြိုတင်အစီအမံများ ချမှတ်ဆောင်ရွက်ထားရှိရေးနှင့် လာမည့်ပွင့်လင်းရာသီတွင် တာတမံများကြံ့ခိုင်မှုရှိရန် ဆောင်ရွက်ရေးအတွက် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကို သာပေါင်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းက ထောက်ခံဆွေးနွေးရာ၌ ဧရာဝတီရေကာတာနှင့် ငဝန်ရေကာတာတို့သည် ဧရာဝတီတိုင်းဒေသကြီးတွင် ခရိုင်သုံးခု အကျုံးဝင်ပါကြောင်း၊ ပုသိမ်၊ ဟင်္သာတနှင့် မအူပင်ခရိုင်တို့ဖြစ်ပါကြောင်း၊ ယင်းခရိုင်များထဲတွင် မြို့နယ် ၁၇ မြို့နယ်ရှိရာ၌ ၁၅ မြို့နယ်ခန့်က အကျုံးဝင်လျက်ရှိပါကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ စပါးကျီဒေသဖြစ်သည့်အပြင် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် တာတမံများကို အမြန်ဆုံး၊ အကောင်းဆုံး စီမံချက်များဖြင့် အစိုးရကောင်းတစ်ရပ်၏ အင်္ဂါရပ်များနှင့်အညီ ပြုပြင်ဆောင်ရွက်ပေးသွားရန် တိုက်တွန်းလိုပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင်က ယခုအဆိုတင်ထားသည့် ရေကာတာများသည် အင်္ဂလိပ်လက်ထက်က တည်ဆောက်ခဲ့ကာ နှစ်ပေါင်း ၁၅၀ ကျော် သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်ပါကြောင်း၊ သက်တမ်းကြာမြင့်လာသည်နှင့်အမျှ တာတမံများသည် ကြံ့ခိုင်မှုအလွန်အားနည်းလာပြီဖြစ်ပါကြောင်း၊ ယနေ့အစိုးရသစ်ကာလတွင် ပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို ပိုမိုကုစားအကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ပြည်သူလူထု၏ ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်လာနိုင်မည့် အရေးအတွက် ကြိုတင်ပြင်ဆင်၍ အစီအစဉ်များ ချမှတ်ဆောင်ရွက်ပြီး ပြည်သူများ၏ အသက်၊ အိုးအိမ်၊ စည်းစိမ်များဆုံးရှုံးခြင်းကို ကာကွယ်ရန် အစိုးရမှာသာ တာဝန်အပြည့်အဝရှိပါကြောင်း၊ သို့ဖြစ်၍ ကြိုတင်ကာကွယ်မှုများ အချိန်မီလုပ်နိုင်ပါလျက် မလုပ်ဆောင်နိုင်ခဲ့လျှင် မိမိတို့နိုင်ငံအနေဖြင့် အကုန်အကျ အလွန်ကြီးမားသော ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရင်ဆိုင်ဖြေရှင်းရမှာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုရှင်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသိန်း တင်သွင်းသည့်အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်းက ပြန်လည်ဆွေးနွေး၍ အဆိုရှင်က ၎င်းတင်သွင်းသည့်အဆိုအား လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်ပေးရန် ပန်ကြားရာ လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ကို ရယူပြီး ယင်းအဆိုကို မှတ်တမ်းတင်စောင့်ကြည့်ရန် ဆုံးဖြတ်သည်။

**(သတင်းစဉ်)**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၅**
ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး နဝမနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး၏ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြစ်ဝကျွန်းပေါ်ဒေသများ၊ ကမ်းခြေဒေသများတွင် နှစ်စဉ်ဖြစ်ပွားလျက်ရှိသည့် ရေကြီးရေလျှံမှုများနှင့် ခြောက်သွေ့ရာသီတွင် နိုင်ငံတစ်ဝန်းသောက်သုံးရေရှားပါးပြတ်လပ်မှုများအတွက် ခြုံငုံလေ့လာသုံးသပ်၍ စီမံကိန်းတစ်ရပ်ချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန်နှင့် ပြည်သူလူထုကို အကျိုးပြုခဲ့သော တိမ်ကောမြစ်ချောင်းများအား ပြန်လည်တူးဖော်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"ကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးဇော်ထွန်းက ရေကြီးရေလျှံမှုများသည် ကမ္ဘာပေါ်တွင် အဖြစ်အများဆုံးနှင့် ပျက်စီးဆုံးရှုံးမှုအများဆုံး သဘာဝဘေးအန္တရာယ်များဖြစ်ပါကြောင်း၊ ရှေးနှစ်ပေါင်းများစွာကတည်းက ရေကြီးခြင်းကို ကာကွယ်ရန် နည်းလမ်းများကို ရှာဖွေအသုံးပြုခဲ့ကြသော်လည်း ယနေ့အချိန်အထိ ရာနှုန်းပြည့်ကာကွယ်နိုင်မှု မရှိသေးသည်ကို တွေ့ရပါကြောင်း။

ရေကြီးရေလျှံမှုသည် နှစ်စဉ်ဖြစ်ပေါ်နေသည့်အတွက် ကြိုတင်ကာကွယ်ရေးစီမံကိန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသအလိုက် မိုးရွာသွန်းနိုင်မှုအခြေအနေ၊ မြစ်ချောင်းများဖွဲ့စည်းဆက်စပ်နေမှု၊ လူဦးရေများပြားလာပြီး မြို့ရွာများတည်ဆောက်မှု၊ သစ်တောများပြုန်းတီးမှု၊ ဂေဟစနစ်များ ပျက်သုဉ်းနေမှု စသည့်အကြောင်းအရာများသည် စီမံကိန်းများချမှတ်ရာတွင် မဖြစ်မနေ ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များ ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေကြေးနှင့်နည်းပညာသည် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် မလွဲမသွေကြုံတွေ့ရမည်ဖြစ်သောကြောင့် ကြိုတင်စီမံချက်ပြုလုပ်ကာ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။


ဗိုလ်မှူးဇော်ထွန်း


ဦးခင်အောင်မြင့်

ယခင်က မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌သာ ရေရှားပါးခဲ့ရာမှ ယခုအခါ ရေရှားပါးပြတ်လပ်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာသည်ကို တွေ့ရှိရပါကြောင်း၊ ရေတွင်းရေကန်များ လျင်မြန်စွာခန်းခြောက်ခြင်း၊ စိမ့်ရေစမ်းရေများ ရေထွက်မှုနည်းပါးလာခြင်းတို့ကိုလည်း တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းအစိုးရ၊ တပ်မတော်နှင့် စေတနာရှင်ပြည်သူများက ရေဖြန့်ဝေပေးခြင်းနှင့် စက်ရေတွင်းများ တူးဖော်ပေးခြင်းတို့ကို ကူညီထောက်ပံ့ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သဖြင့် အတိုင်းအတာတစ်ခုအထိ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အဆိုပါအခြေအနေများသည် နှစ်စဉ်ကြုံတွေ့လာနိုင်သည့် အခြေအနေဖြစ်သည့်အတွက် ကြိုတင်မြော်တွေးပြီး သောက်သုံးရေဖူလုံစွာရရှိရေးကို ကာလတိုကာလရှည် စီမံကိန်းများ ချမှတ်ဆောင်ရွက်သင့်ကြောင်း။

ထို့ပြင် ရေကြီးမှုမဖြစ်စေရန် ပင်လယ်ထဲသို့ ရေအလွယ်တကူစီးဆင်းနိုင်ရန် မြစ်ကြောင်းတစ်လျှောက်တွင်ရှိသည့် သဲသောင်များတူးဖော်ပေးရန်နှင့် တိမ်ကောနေသည့် မြစ်ချောင်းများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ပါက ဘဏ္ဍာငွေအနေအထားအရ အခက်အခဲများဖြစ်ပေါ်နိုင်သဖြင့် BOTစနစ်ဖြင့် ကုမ္ပဏီများကို စည်းကမ်းသတ်မှတ်ချက်များထုတ်ပြန်၍ စီမံဆောင်ရွက်လျှင် တိမ်ကောနေသည့် မြစ်ချောင်းများကို ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ချောင်းကောမြောင်းကောများ တူးဖော်ခြင်း၊ ရေတံခါးများဆောက်လုပ်ခြင်း၊ မြေထိန်းနံရံများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာပညာရှင်များ၏ စူးစမ်းလေ့လာသုံးသပ်အကြံပြုချက်များနှင့်အညီ ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်က "တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသားစာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို"ကို တင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စုအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုထာဝရခိုင်မြဲရေးကို ရည်ရွယ်၍ အထက်ပါအဆိုကို တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြင်ဆင်ဖတ်ရှုပါရန်

ဩဂုတ် ၅ ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ ၅ တွင် ရသေ့တောင်မြို့နယ် ကျောက်တန်းကျေးရွာ၌ တိုက်နယ်ဆေးရုံတစ်ရုံဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ သတင်းမှ ကော်လံ(၁) စာကြောင်းရေ (၃)နှင့် စာကြောင်းရေ (၂၅)တို့တွင် ပါရှိသည့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အစား ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဟူ၍ ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(သတင်းစဉ်)**

# မြန်မာ့ငလျင်ဘေးလျှော့ချရေး သတိထားစရာနှင့်လုပ်ဆောင်စရာ

ဒေါက်တာသိန်း

သဘာဝဘေးကြီးမားစွာကျရောက်နိုင်သော နိုင်ငံ ၁၀ နိုင်ငံအနက် အရှေ့တောင်အာရှမှ သုံးနိုင်ငံပါဝင်ပါသည်။ ယင်းတို့မှာ မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ဖြစ်ကြသည်။ မြန်မာနိုင်ငံအတွက် အဓိကအားဖြင့် (၁) ငလျင်၊ (၂) မုန်တိုင်း၊ (၃)ရေကြီးခြင်းတို့ကြောင့်ဖြစ်၍ ဘင်္ဂလားဒေ့ရှ်အတွက် အဓိကအားဖြင့် (၁) မုန်တိုင်း၊ (၂) ငလျင်၊ (၃) ရေကြီးခြင်းတို့ကြောင့်ဖြစ်ပြီး အင်ဒိုနီးရှားအတွက် အဓိကအားဖြင့် (၁) ငလျင်၊ (၂) ဆူနာမီ၊ (၃) မီးတောင်ပေါက်ကွဲခြင်းတို့ကြောင့် ဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် ဆူနာမီလှိုင်းအန္တရာယ်၊ မြေပြိုတောင်ပြိုမှု၊ တောမီးများလောင်မှုတို့ကြောင့် အလတ်စားဘေးများသာ ကျရောက်နိုင်ပါသည်။ မြန်မာနိုင်ငံအတွက် မီးတောင်ဘေးမရှိပါ။

မြန်မာနိုင်ငံသည် အဓိကကမ္ဘာ့ငလျင်ရပ်ဝန်းကြီးနှစ်ခုအနက်မှ တစ်ခုဖြစ်သော အယ်လပိုက်ငလျင်ရပ်ဝန်းတွင် ကျရောက်တည်ရှိနေကြောင်း အများပင် သိရှိထားပြီးဖြစ်သည်။ မြန်မာပြည်၏ ငလျင်အန္တရာယ်မှာ ကြီးမားသော်လည်း ဂျပန်၊ တရုတ်နိုင်ငံတို့၏ အချို့အပိုင်းများ၊ အင်ဒိုနီးရှားနှင့် အီရန်တို့ထက်ကား လျော့ပါသည်။ အနီးဝန်းကျင်ရှိ တိုင်းပြည်၊ ဒေသကြီးများနှင့် နှိုင်းယှဉ်ကြည့်လျှင် မြန်မာနိုင်ငံ၏ ငလျင်အန္တရာယ်သည် အိန္ဒိယအရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်ထက်နည်း၍ ယူနန်ပြည်နယ်နှင့် တန်းတူလောက်ဖြစ်ကာ ထိုင်းနှင့်မလေးရှားနိုင်ငံတို့ထက်ကား များပါသည်။

စာရေးသူသည် လွန်ခဲ့သည့် ၁၀ နှစ်အတွင်း သတင်းစာနှင့် ဂျာနယ်များတွင် မြန်မာနိုင်ငံ ငလျင်ဘေးလျှော့ချရေးအကြောင်း ဆောင်းပါးများ ရေးခဲ့ပါသည်။ ထို့အပြင် ဟောပြောပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကိုပါ လုပ်ပေးခဲ့ပါသည်။ ဤဆောင်းပါး၏ အဓိကရည်ရွယ်ချက်မှာ ငလျင်ဘေးအန္တရာယ်များသော မြန်မာနိုင်ငံတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ငလျင်ဘေးအန္တရာယ်ကို ပို၍ဂရုစိုက်လာ၍ နေအိမ်တိုက်တာများကို စနစ်တကျ ခိုင်ခံ့အောင်ဆောက်လုပ်ခြင်းစသော လုပ်ငန်းများကို လုပ်ဆောင်လာစေရန်ဖြစ်ပါသည်။ ငလျင်ကြီးများမလှုပ်ခဲ့သည်မှာ ကြာသည့်အချက်ကလည်း ပို၍ဂရုစိုက်ကာ ဆောက်လုပ်ကြရန် တွန်းအားဖြစ်ပါမည်။

ယခုဆောင်းပါးတွင် မြန်မာနိုင်ငံ၌ နေရာဒေသများအလိုက် ငလျင်ဘေးကျရောက်နိုင်ခြေ (earthquake risk) အဆင့်များကို ဖော်ပြထားပြီး ငလျင်ဘေးလျှော့ချရေးအတွက် အလေးထား၍ ကြိုတင်ကာကွယ်လုပ်ဆောင်ရမည့် နည်းလမ်းများနှင့် လုပ်ငန်းများ ၁၅ ရပ်ကို လိုတိုရှင်းပုံစံဖြင့် ရေးထားပါသည်။

**ငလျင်ဘေးများသော ဤနိုင်ငံ**

မြန်မာနိုင်ငံတွင် အနာဂတ်၌ ငလျင်ကြီးများ လှုပ်ဦးမည်ဆိုသော အချက်မှာ ယုံမှားသံသယရှိရန် မလိုပါ။ မှတ်တမ်းမှတ်ရာများ ခိုင်လုံသော လွန်ခဲ့သည့်အနှစ် ၁၈၀ ကာလအတွင်း မြန်မာပြည်၌ အလွန်ကြီးမားသော ငလျင် (great earthquake) တစ်ကြိမ် (M 8.0)၊ ငလျင်ပမာဏ M 7.0 မှ M 7.9 အတွင်းရှိ ကြီးမားသောငလျင် (major earthquake) (၁၆)ကြိမ်လှုပ်ခဲ့ပြီးဖြစ်သည်။ (မှတ်ချက်။ M မှာ ငလျင်ပမာဏ (earthquake magnitude) အတွက် အတိုကောက်သင်္ကေတဖြစ်၍ မိုးမင့်ပမာဏစကေး (moment magnitude scale) မှ တန်ဖိုးဖြစ်သည်။ ရစ်ချ်တာစကေးထက်ပို၍ တိကျကောင်းမွန်သဖြင့် လွန်ခဲ့သည့် ၁၅ နှစ်ခန့်မှစ၍ ယင်းကိုသာအသုံးပြုခဲ့သည်။ ဤ ငလျင်စကေးနှစ်မျိုး၏ ဂဏန်းများသုံး၍ ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံပုံစံများဆွဲ၍မရပါ။ သက်ဆိုင်ရာနေရာများအတွက် တွက်ချက်ဖော်ထုတ်ထားသော မြေတွင်းအပေါ်ပိုင်းငလျင်လှိုင်းသွားအမြင့်ဆုံးအရှိန် (peak ground acceleration-PGA) တန်ဖိုးများကိုသာ အသုံးပြုရပါသည်။)

ဤသို့ငလျင်ကြီးများ (၁၇) ကြိမ်လှုပ်ခဲ့သော်လည်း ထိုခေတ်ကာလများက လူဦးရေနည်းပါးမှု၊ တိုက်တာများနည်းပါးပြီး သစ်သားအိမ်များသာများမှု၊ ခေတ်ဆီ၊ခေတ်ငွေ့များအသုံးနည်းမှုစသော အကြောင်းများကြောင့် ပျက်စီးသေပျောက်မှု အတော်အသင့်သာဖြစ်ခဲ့ပါသည်။ အများဆုံးပျက်စီးသေပျောက်မှုများကို ဖော်ပြရသော် (၁) ၂၃-၃-၁၈၃၉ အင်းဝငလျင် (M 7.3) အတွင်း အမရပူရနေပြည်တော်ရှိ အရေအတွက်မများလှသောအုတ်တိုက်များပြိုပျက်ပြီး လူ ၄၀၀ ခန့် သေပျောက်ခဲ့မှု၊ (၂) ၅-၅-၁၉၃၀ ပဲခူးငလျင် (M7.3) အတွင်း တိုက်များပျက်စီးပြိုကျပြီး လူ ၅၀၀ ခန့် သေဆုံးခဲ့မှုတို့ ဖြစ်ကြသည်။ ပဲခူးငလျင်၏ အဖျားခတ်မှုကြောင့် ငလျင်ဗဟိုချက်နှင့် မိုင် ၄၀ ခန့်ဝေးသော ရန်ကုန်မြို့တွင် တိုက်အချို့ပြိုကျ၍လူ ၅၀ ခန့် သေဆုံးခဲ့သည်။

> **“ငလျင်ဘေးအန္တရာယ်ကို ပို၍ဂရုစိုက်လာ၍ နေအိမ်တိုက်တာများကို စနစ်တကျ ခိုင်ခံ့အောင် ဆောက်လုပ်ခြင်းစသော လုပ်ငန်းများကို လုပ်ဆောင်လာစေရန်ဖြစ်ပါသည်။ ငလျင်ကြီးများမလှုပ်ခဲ့သည်မှာ ကြာသည့်အချက်ကလည်း ပို၍ဂရုစိုက်ကာ ဆောက်လုပ်ကြရန် တွန်းအားဖြစ်ပါမည်။”**

၅-၅-၁၉၃၀ ပဲခူးငလျင်ကြီးလှုပ်ပြီး ခုနစ်လခန့်အကြာတွင် မြောက်ဘက် မိုင် ၁၀၀ ခန့်အကွာရှိ ဖြူးဒေသ၌ (M7.3) ရှိသော ငလျင်ကြီးတစ်ခု လှုပ်ပြန်သည်။ ဤသို့ လှုပ်ပြီးနောက်ပိုင်း ပဲခူးနှင့်ဖြူး တည်ရှိသော စစ်ကိုင်းပြတ်ရွေ့အပိုင်းတွင် ငလျင်လတ်များနှင့် ငလျင်ကြီးများလှုပ်ရှားမှု ယခုအချိန်အထိ မရှိခဲ့ပေ။ သို့ရာတွင် စစ်ကိုင်းပြတ်ရွေ့ဇုန်၏ မြောက်ပိုင်းတွင်ကား ငလျင်လတ်များနှင့် ငလျင်ကြီးများ ကြိုးကြားကြိုးကြား လှုပ်ခဲ့သည်။ ဥပမာ ၁၉၄၆ တကောင်းငလျင် (M7.5,M7.75)၊ ၁၉၅၆ စစ်ကိုင်းငလျင် (M7.0)၊ ၂၀၁၂ သပိတ်ကျင်းငလျင် (M6.8) တို့ ဖြစ်ကြသည်။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ၁၉၃၀ ခုနှစ်အတွင်းက လှုပ်ခဲ့ သော ပဲခူးနှင့် ဖြူးငလျင်ကြီးများနောက်ပိုင်းတွင် ခရမ်း-ပဲခူး-ဖြူးအပိုင်းတွင် ငလျင်လတ်နှင့် ငလျင်ကြီးများ လှုပ်ခတ်မှုမရှိခဲ့သည်မှာ ၈၆နှစ်ခန့် ရှိပါပြီ။ ထို့အပြင် ရမည်းသင်း-သာစည်အပိုင်းတွင် နှစ်တစ်ရာကျော်ကာလအတွင်း ငလျင်လတ်များနှင့် ငလျင်ကြီးများလှုပ်ခဲ့သည့် မှတ်တမ်းများ မရှိပါ။ ထို့ကြောင့် စစ်ကိုင်းပြတ်ရွေ့ဇုန်ရှိ ထိုနှစ်ပိုင်းတွင် မြေသားထုအတွင်း၌ ဒဏ်အား (stress) အတော်ပင်စုနေဖွယ်ရှိပြီး အနာဂတ်အချိန်တစ်ချိန်တွင် ကျိုးပြတ်ကာ ငလျင်ကြီးအချို့လှုပ်နိုင်ခြေရှိပါသည်။ ထို့ကြောင့် အထူးသတိထားကာ ကြိုတင်ပြင်ဆင်ထားရေးလုပ်ငန်းများကို အလေးထားလုပ် ဆောင်ကြရန် လိုအပ်ပါသည်။ ဤသို့ လုပ်ဆောင်ရန် လိုအပ်ခြင်းမှာ ငလျင်အန္တရာယ်များသော မြို့ကြီးများနှင့် မြို့လတ်များတွင် ယခုအခါ လူဦးရေအလွန်တိုးပွားလာမှု၊ အထပ်မြင့်တိုက်ကြီးများအပါအဝင် တိုက်တာအဆောက်အအုံ အမျိုးမျိုးများပြားလာမှု၊ ထိုတိုက်တာများအထဲတွင် စံမမီ၊ မခိုင်ခံ့သော အဆောက်အအုံများ (sub-standard buildings) အတော်အတန်ပါဝင်နေမှု၊ ခုံးကျော်တံတားကြီးများရှိလာမှု၊ ဓာတ်ဆီနှင့်ဓာတ်ငွေ့အသုံးများလာမှုစသော အကြောင်းများကြောင့် ယခင်ငလျင်ကြီးမျိုးများ လှုပ်လျှင်ပျက်စီးသေပျောက်မှုများမှာ ယခင်ကထက် အဆများစွာ တိုးလာမည်ဖြစ်ပါသည်။

**ငလျင်ဘေးကျရောက်နိုင်ခြေပြမြေပုံ**


**ယခုပြထားသော မြေပုံကို ဒေါက်တာမျိုးသန့်နှင့် ဤစာရေးသူတို့ ၂၀၁၂ ခုနှစ်က ပြင်ဆင်ရေးဆွဲထားသော မြန်မာနိုင်ငံအတွက် အနှစ် ၅၀၀ ကာလ အတွင်း ငလျင်အန္တရာယ်ဖြစ်နိုင်ခြေအကဲဖြတ်မြေပုံ** (PSHA Map) နှင့်စာရေးသူရေးသားခဲ့သော စာတမ်းများမှ အချက်အလက်အချို့အပေါ် အခြေခံ၍ ဖြစ်နိုင်ခြေငလျင်ဘေးအဆင့်များကို ခန့်မှန်းပြီး ရေးဆွဲထားသည်။ စိစစ်စုစည်းဖော်ထုတ်ချက် (synthesis) ဖြစ်ပါသည်။ ငလျင်အန္တရာယ်ဖြစ်နိုင်ခြေ (probable earthquake hazard)အစား ငလျင်ဘေးကျရောက်နိုင်ခြေ (earthquake risk) ကို ပြသောမြေပုံဖြစ်သဖြင့် နည်းလမ်းသစ်တစ်ခုဟု ဆိုနိုင်ပါသည်။ မြန်မာနိုင်ငံအတွက် ခန့်မှန်းဖော်ထုတ်ထားသော ဖြစ်နိုင်ခြေငလျင်ဘေးအဆင့်ငါးဆင့်ကို မြေပုံဖြင့် ဖော်ပြထားပါသည်။

ဤနေရာတွင် ငလျင်အန္တရာယ် (earthqurake hazard) နှင့် ငလျင်ဘေး (earthqurke disaster) တို့ကို ခွဲခြားသိရန် ရှင်းပြလိုပါသည်။ ဒေသတစ်ခုတွင် ငလျင်အန္တရာယ်ကြီးမားသော်လည်း မြို့လတ်အချို့နှင့် မြို့ငယ်များသာရှိလျှင် ထိုမြို့ရွာများတွင် အလတ်စားငလျင်ဘေးလောက်သာ ကျရောက်ပါမည်။ ဥပမာအားဖြင့် စစ်ကိုင်းပြတ်ရွေ့ဇုန်၏ မြောက်ပိုင်းရှိ သပိတ်ကျင်း၊ တကောင်း၊ မိုးညှင်း၊ ဖားကန့်စသည်တို့ဖြစ်သည်။ ငလျင်အန္တရာယ်ကြီးမားသောဒေသများတွင် မြို့ကြီးများနှင့် မြို့လတ်များရှိနေလျှင်ကား ထိုမြို့များတွင် အကြီးစားငလျင်ဘေးကျရောက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် စစ်ကိုင်းပြတ်ရွေ့ဇုန်၏တောင်ပိုင်းရှိ ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်၊ မန္တလေး၊ စစ်ကိုင်း စသည်တို့ဖြစ်သည်။ ထို့အပြင် မြို့များတည်ရှိရာ မြေသား၏ အပျော့၊အမာကလည်း ငလျင်ဘေးအဆင့်ကို တိုးစေ၊ လျော့စေနိုင်သည်။ ဥပမာ -မန္တလေးဒေသတွင် ငလျင်ကြီးတစ်ခုလှုပ်သည်ဆိုပါစို့။ မြေပိုပျော့သော မန္တလေးအနောက်ပိုင်းသည် မြေပိုမာသော အရှေ့ဘက်ပိုင်းထက်ပို၍ပျက်စီးမည်ဖြစ်သည်။

ငလျင်ဘေးအဆင့်ပြမြေပုံအတွက် ရှင်းလင်းချက်အကျဉ်းချုပ်ကို မြေပုံနှင့်အတူ ပြထားပါသည်။ ထပ်ဆင့်ရှင်းပြသင့်သော အချက်နှစ်ချက်ကိုသာ အကျဉ်းဖော်ပြပါမည်။

အဆင့် (၅) ပျက်စီးမှုများ ဘေးအဆင့်မှာ မာကယ်လီစကေး (Modified Mercalli Scale) မှ အတန်း ၉ နှင့်အကြမ်းဖျင်းတူညီပါသည်။ ဤအတန်းအတွက် အကျဉ်းဖော်ပြချက်မှာ ခိုင်ခံ့စွာ ဆောက်လုပ်ထားသော အဆောက်အအုံများတွင်ပင် အပျက်အစီးများ၍ အချို့ပြိုကျသည်။ သာမန်အုတ်တိုက်အများစုပျက်စီးပြိုကျသည်။ မြေပြင်တွင် သိသာသော အက်ကွဲကြောင်းများ ဖြစ်ပေါ်သည်။

အဆင့်(၄) အားပြင်းအဆင့်(မာကယ်လီစကေးအတန်း ၈) အတွက် အကျဉ်းဖော်ပြချက်မှာ ခိုင်ခံ့စွာဆောက်လုပ်ထားသော အဆောက်အအုံများ




တွင် အတော်အသင့်ပျက်စီးသည်။ သာမန်အုတ်တိုက်များတွင်ကား အပျက်အစီးများသည်။

မြန်မာနိုင်ငံအတွက် ခန့်မှန်းထားသောဖြစ်နိုင်ခြေငလျင်ဘေးအဆင့်လိုက် ကျရောက်သော မြို့ရွာများကို အသေးစိတ်မဖော်ပြတော့ပါ။ ပူးတွဲမြေပုံတွင် လေ့လာကြည့်ရှုနိုင်ပါသည်။ ဘေးအဆင့်မြင့်သောမြို့အချို့ကိုသာ ဖော်ပြပါမည်။ ငလျင်ဘေးအဆင့်(၅) (ပျက်စီးမှုများဘေးအဆင့်) တွင် ကျရောက်နေသော မြို့များမှာ ပဲခူး၊ ဖြူး၊ တောင်ငူ၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ဝမ်းတွင်း၊ မန္တလေး၊ စစ်ကိုင်း စသည်တို့ဖြစ်ကြသည်။ ငလျင်ဘေးအဆင့် (၄) (အားပြင်းဘေးအဆင့်) တွင် ကျရောက်နေသော မြို့အချို့မှာ မိတ္ထီလာ၊ ရွှေဘို၊ သပိတ်ကျင်း၊ မိုးညှင်း၊ မြစ်ဆုံ၊ ဟုမ္မလင်း၊ ခန္တီး၊ မြောက်ဦး၊ ရန်ကုန်၏ အရှေ့ဘက်ဆုံးအပိုင်းစသော မြို့များနှင့် နေရာများဖြစ်ကြသည်။

**မြန်မာ့ငလျင်ဘေးလျှော့ချရေး**

နှစ်ပေါင်းများစွာကပင် ငလျင်ကြိုတင်ခန့်မှန်းချက်များကို အဆင့်မြင့်နည်းလမ်းများအပါအဝင် နည်းလမ်းပေါင်းစုံ (တိရစ္ဆာန်တို့၏ အပြုအမူများအပါအဝင်) တို့ဖြင့် ကြိုးပမ်းခဲ့သော်လည်း ငလျင်ကြိုတင်ခန့်မှန်းချက်များကို မပေးနိုင်သေးပါ။ အနာဂတ်တွင်လည်း ကြိုတင်ခန့်မှန်းရန် မဖြစ်နိုင်သေးဟု တတ်သိကျွမ်းကျင်သော ပညာရှင်များက ယူဆထားကြသည်။

ငလျင်ကြိုတင်ခန့်မှန်းရန် မဖြစ်နိုင်သေးသော်လည်း အနာဂတ်တွင် မည်သည့်ဒေသ၌ အမြင့်ဆုံးမည်မျှလောက်ပြင်းထန်အားနှင့် လှုပ်နိုင်သည်ဆိုသော အချက်ကိုကား အတော်အတန်မှန်ကန်စွာ ပြောဆိုနိုင်ပါသည်။ ဤအချက်မျိုးများကို ၂၀၁၂ နိုဝင်ဘာလတွင် ဒေါက်တာမျိုးသန့်နှင့် စာရေးသူတို့ပြင်ဆင်ရေးဆွဲထားသော “မြန်မာနိုင်ငံ၏ ငလျင်အန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်မြေပုံ” (PSHA Map) တွင် လေ့လာတွေ့ရှိနိုင်ပါသည်။ (ထိုမြေပုံကို ယခင်ရေးခဲ့သော ဆောင်းပါးအချို့တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။) ဤအချက်များကို သိရှိနိုင်သော်လည်း ငလျင်များလှုပ်မည့်ရက်၊လ တို့ကို မဆိုထားနှင့် နှစ်အပိုင်းအခြားကိုပင် သိနိုင်စွမ်းမရှိသေးပါ။

ဤသို့ဖြင့် ငလျင်သည် အစိုးမရဟုဆိုနိုင်ပါသည်။ ငလျင်ဘေးကိုလည်း ရှောင်လွှဲ၍မရပါ။ သို့သော်လည်း လာမည့်ငလျင်ဘေးများကို လျှော့ချရန်အတွက် ကြိုတင်ကာကွယ်လုပ်ဆောင်နိုင်သော နည်းလမ်းများနှင့် လုပ်ငန်းများကား ရှိပါသည်။ (၁၅)ချက်ကို ရွေးထုတ်ကာ ကဏ္ဍသုံးခုခွဲ၍ တင်ပြပါမည်။

**ပညာရှင်များ၏ကဏ္ဍ**

၁။ ငလျင်အန္တရာယ်များသော မြို့ကြီးများ (ပဲခူး၊ တောင်ငူ၊ နေပြည်တော်၊ သာစည်၊ မန္တလေး၊ စစ်ကိုင်း)နှင့် ငလျင်အန္တရာယ် အတော်အတန်ရှိသော မြို့ကြီးများ (ရန်ကုန်၊ တောင်ကြီး) တို့အတွက် အနုစိတ်ငလျင်အန္တရာယ်ဖြစ်နိုင်ခြေ အကဲဖြတ်မြေပုံများ (PSHA Microzone Map) ကို လေ့လာဖော်ထုတ်ရေးဆွဲပေးရန်။

အချို့မြို့ကြီးများ (ရန်ကုန်၊ ပဲခူး၊ မန္တလေး၊ တောင်ကြီး) အတွက်ရှိထားပြီး အနုစိတ်မြေပုံများကို နောက်ထပ် လေ့လာချက်များဖြင့် ထပ်မံရရှိသော အချက်အလက်များကို အသုံးပြု၍ ပြင်ဆင်ရေးဆွဲပေးရန်။

**စာမျက်နှာ ၇ သို့**

# လူငယ်၊ ရုပ်တုများနှင့် နိုင်ငံတော်သစ်တည်ဆောက်ရေး

ခင်မောင်ငွေး
(ပညာရေး)

နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော် မကြာမီက မွန်ဂိုလီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၁)ကြိမ်မြောက် အာရှ-ဥရောပ (ASEM)ထိပ်သီး အစည်းအဝေးမှ ပြန်ရောက်လာသည်ကို တွေ့ရ၏။

သမ္မတကြီးခရီးစဉ်အတွင်း ဂျင်ဂစ်ခန်ရုပ်တု အဆောက်အအုံကို ကြည့်ရှုလေ့လာခဲ့သည့်မှတ်တမ်းများ တွေ့ရသည်။ ဂျင်ဂစ်ခန်သည် "ခန်ခေတ်" ဖြစ်ခဲ့သည့် ၁၃နှင့် ၁၄ ရာစုအတွင်း ထင်ရှားသည့်မင်းဆက်တစ်ခုဖြစ်သည်။ ယင်းရုပ်တုကို မွန်ဂိုလီးယားနိုင်ငံ မြို့တော်အူလန်ဘာတာ၏ အရှေ့ဘက် ၅၄ ကီလိုမီတာအကွာရှိ တုလ်လွန်မြစ်ကမ်းနံဘေး၌ မြင်း၏ကျောကုန်းပေါ်တွင် ဂျင်ဂစ်ခန် ထိုင်နေသောပုံဖြင့် အရှည်မီတာ ၄၀ ရှိ ရုပ်တုထုလုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဤမျှမက ဂျင်ဂစ်ခန်မှ လစ်ဒန်ခန်အထိ မင်းဆက်ပေါင်း ၃၆ ဆက်ကို ကိုယ်စားပြုဖော်ပြထားသည့် တိုင်ပေါင်း ၃၆ တိုင် တည်ဆောက်ထားကြောင်း သိရသည်။ ထို့ပြင် မြေဧက ၅၂၀ အပန်းဖြေစခန်းများ၊ ယဉ်ကျေးမှု ရှေးဟောင်းအမွေအနှစ်လက်ရာစုံကို ပြသထားသည်။ သမိုင်းကိုသိ၍ တန်ဖိုးနားလည်သူတို့၏ အမြတ်တနိုး တန်ဖိုးထား လေးစားမှုကိုတွေ့လိုက်ရ၏။

မြန်မာနိုင်ငံတွင်လည်း ထင်ရှားကျော်ကြားသည့်လူပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်တို့၏ ရုပ်တုအချို့တွေ့ရ၏။ အထင်ရှားဆုံးမှာ အမျိုးသားခေါင်းဆောင် လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်း၏ ရုပ်တုများပင်ဖြစ်သည်။ ဗိုလ်ချုပ်ရုပ်တုများနှင့် ပတ်သက်၍ ကိုယ်တစ်ပိုင်းရုပ်တု၊ မြင်းစီးရုပ်တု၊ ဗိုလ်ချုပ်လက်ပြ (ဗြိတိန်လူမျိုး ပန်းပုဆရာကော့ပနယ်ထုသည်)၊ ဗိုလ်တေဇ ရုပ်တု (စစ်ဝတ်စုံ) စသည်ဖြင့် စုံလှပါသည်။

"ဗိုလ်ချုပ်အောင်ဆန်း ရုပ်တုအစ-ပန်းချီ ဦးဘကြည်က" ဟု မှတ်တမ်းအချို့တွင် တွေ့ရှိရပါသည်။ အကြောင်းမှာ ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့်အခါ ဂျူဗလီဟောတွင် နိုင်ငံတော်ဈာပန အခမ်းအနားကို ပြည်သူအများအပြားလာရောက်၍ ဂါရဝပြုနိုင်ရန် တခမ်းတနား ပြင်ဆင်ကြလေသည်။

ယင်းအခမ်းအနားတွင်အာဇာနည်ခေါင်းဆောင်များ၏ ပုံတူပန်းချီကားများကို ပန်းချီဆရာကြီး ဦးငွေကိုင်၊ ဆရာကြီး ဦးဘကြည်၊ ဆရာဦးစံဝင်း၊ ဆရာဦးအုန်းလွင်၊ ဆရာဦးလှမောင်ဦး၊ ဆရာဦးချစ်မောင်တို့ရေးဆွဲခဲ့ကြောင်း သိရသည်။ ယင်းတို့အထဲတွင် ဗိုလ်ချုပ်အောင်ဆန်း၏ပုံတူကို ဆရာကြီးဦးငွေကိုင်က ရေးဆွဲကာ ဆရာကြီးဦးဘကြည်က မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ ပုံကို ရေးဆွဲခဲ့လေသည်။ ထို့နောက် ဆရာကြီး ဦးဘကြည်က ဗိုလ်ချုပ်၏ ပုံတူပန်းပု ရုပ်တုလုပ်ရန် စိတ်ကူးရပြီး ၁၉၄၇ ခုနှစ် ဩဂုတ်လတွင် စတင်ခဲ့သည်။ ယင်းရုပ်တုမှာ ဖယောင်းနှင့်သွင်းလုပ်ခဲ့သည့် ပထမဆုံးဗိုလ်ချုပ်ပုံတူရုပ်တု ကိုယ်တစ်ပိုင်းဖြစ်ကြောင်း သိရသည်။ ဤသည်မှာ ဗိုလ်ချုပ်ရုပ်တု အစဖြစ်သည်။

မကြာသေးမီကပင် The Voice Daily တွင် အတွေးအမြင်သစ်ရှိသည့် လူငယ်တစ်ဦး၏ "ရုပ်တုသစ်များ အလိုရှိသည်" ဆိုသည့်ဆောင်းပါးကောင်း တစ်ပုဒ်ဖတ်လိုက်ရသည်။ အတွေးရဲသကဲ့သို့ ရဲရဲရေးသွားသည်ကို တွေ့ရသည်။

စာရေးသူက သမိုင်းမရိုင်းခဲ့သည့် ဗိုလ်ချုပ်နှင့်ပတ်သက်၍ ဆိုဖွယ်ရာမရှိ။ သို့သော် ဗိုလ်ချုပ်ခေတ်တွင် ဗိုလ်ချုပ်တစ်ဦးတည်း လေးစားဖို့ကောင်းသည်လား။ ရုပ်တုနဲ့ ဂုဏ်ပြုဖို့ ထိုက်တန်တာ တစ်ဦးတည်းလား။ ဗိုလ်ချုပ်ကဲ့သို့ တိုင်းပြည်အတွက် ကြိုးပမ်းခဲ့သည့် ကျေးဇူးရှင်တွေအများကြီးရှိကြောင်း၊ ဗိုလ်ချုပ်အရင် သမိုင်းမှာ အသိအမှတ်ပြု လေးစားအပ်၊ ဂုဏ်ပြုအပ်သူတွေ ဘယ်လောက်များရှိမလဲ၊ အနော်ရထာ၊ ကျန်စစ်သား၊ ဘုရင့်နောင်တို့ကိုသာ ထပ်တလဲလဲ အမွှမ်းတင်နေ၍ မပြီးကြောင်း၊ ဗိုလ်ချုပ်၏ နောက်ပိုင်း နိုင်ငံရေးနယ်ပယ်၊ လူမှုရေးနယ်ပယ်၊ အနုပညာနယ်ပယ်၊ ပညာရေး နယ်ပယ်စသည်ဖြင့် နယ်ပယ်စုံတွင် ပဲ့ကိုင်ရှင်များစွာ ရှိနေကြောင်း၊ ယင်းတို့အား သီးခြားဂုဏ်ပြုခြင်းနည်းကြောင်း၊ ရခိုင်ပြည်နယ်တွင် မြို့တိုင်းတွင် ဆရာတော် ဦးဥတ္တမရုပ်တု၊ မန္တလေးအမျိုးသားဇာတ်ရုံရှေ့တွင် စိန်ဗေဒါရုပ်တု၊ ကမ္ဘာပေါ်တွင်လည်း မာရီလင်မွန်ရိုးမှသည် စီရော်နယ်ဒို၊ နယ်ဆင်မင်ဒဲလား အထိ ရုပ်တုများဖြင့် ဂုဏ်ပြုသည့် မဒမ်တူးဆော့ ပြတိုက်ရှိကြောင်း ဖော်ပြထားသည်။

အဓိကဆိုလိုသည်မှာ ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းသည် မင်္ဂလာတရားနှင့်ညီကာ ဂုဏ်ပြုနိုင်ဖို့ လိုခြင်းပင်ဖြစ်သည်။ ဂုဏ်ပြုရာတွင်

> **နယ်ပယ်အသီးသီးမှ အတုယူအားကျဖွယ်၊ လေးစားဂုဏ်ယူဖွယ်ဖြစ်သည့် သာသနာဝင်ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အသီးသီးတို့အား ဖော်ထုတ်၍ ထိုက်တန်သော ဂုဏ်ပြုမှုများဖြင့် အသိအမှတ်ပြုကြရမည် ဖြစ်သည်။ ယင်းသို့ ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူများ၏ ရုပ်တုများ၊ အမှတ်တရ ဂုဏ်ပြုမှုများ ပေါ်ထွန်းလာခြင်းဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ဘက်စုံထောင့်စုံမှ အားဖြည့်ပါဝင်စွမ်းဆောင်နိုင်မည့် အနာဂတ်မျိုးနွယ်သစ်များ ပိုမိုထွန်းကားလာစေကြောင်း။**

ရုပ်တုထု၍ ဂုဏ်ပြုမှုမဟုတ်ဘဲ သီချင်းရေးစပ်ခြင်း၊ ရုပ်ရှင်ရိုက်ခြင်း၊ အတ္ထုပ္ပတ္တိရေးခြင်း၊ လမ်း၊ အဆောက်အအုံ၊ ပန်းခြံစသည်ဖြင့် ပြုလုပ်၍ ဂုဏ်ပြုနိုင်ကြောင်း၊ အထူးသဖြင့် အနာဂတ်မြန်မာနိုင်ငံ လူငယ်များအတွက် ဗိုလ်ချုပ်ကို မမေ့ကြသကဲ့သို့ တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့သူများကို မမေ့စေလိုခြင်းပင်ဖြစ်ကြောင်း။

မကြာခင်ကပင် သတင်းတစ်ပုဒ်ဖတ်ရပြန်သည်။ ယင်းသတင်းမှာ "အာဇာနည်ခေါင်းဆောင်ကြီး ဦးရာဇတ်၏ ရုပ်တုကို မန္တလေးတက္ကသိုလ်ဝင်းအတွင်းရှိ ရာဇတ်ခန်းမဆောင်ရှေ့၌ စိုက်ထူထားတော့မည့် သတင်းဖြစ်သည်။ ဆရာကြီးသည် မန္တလေးတက္ကသိုလ်ကြီး ပေါ်ထွက်လာရေးအတွက် ဦးစွာမျိုးစေ့ချပေးခဲ့သူ ဖြစ်သည်။ ပညာရေးဝန်ကြီးအဖြစ် တာဝန်မပေးအပ်မီကပင် မန္တလေးအမျိုးသားကျောင်းကို တည်ထောင်ခဲ့ပြီး ကျောင်းတံဆိပ်အဖြစ် ခြင်္သေ့၊ ဆောင်ပုဒ်အဖြစ် မိမိကိုယ်သာကိုးကွယ်ရာဟု အဓိပ္ပာယ်ရသည့် "အတ္တဟိ အတ္တနော နာထော" ဆိုသည့်ဆောင်ပုဒ်ကိုသတ်မှတ်ပြီး ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ယင်းကဲ့သို့ မန္တလေးတက္ကသိုလ်ကြီး ဖြစ်မြောက်အောင် ဦးစီးဦးဆောင်ပြုခဲ့သူ၏ ရုပ်တုကိုနောင်လာနောက်သားများ အတုယူအားကျနိုင်တော့မည်ဖြစ်သည်။

မကြာမီက ကျင်းပခဲ့သည့် (၆၉) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင်လည်း မကွေးခရိုင် တောင်တွင်းကြီးမြို့ အာဇာနည်ကြီးများ၏ ဂုဏ်ပြုအခမ်းအနားတွင်လည်း အာဇာနည်အားလုံး၏ ရုပ်တုများကို ထုလုပ်၍ ထူးခြားစွာ ကျင်းပခဲ့သည်ကိုလည်း တွေ့ခဲ့ရ၏။

အထက်တွင် ဖော်ပြပါ ဆောင်းပါးရှင်တွေးဆမိသကဲ့သို့ မြန်မာနိုင်ငံတွင် ရုပ်တုအသစ်များစွာ လိုအပ်နေပါသေးသည်။ တစ်နိုင်ငံလုံး၏ ဂုဏ်ယူစရာ အားကျစရာအမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ရှိသကဲ့သို့ ပညာရပ်နယ်ပယ်အသီးသီး၊ ဒေသအသီးသီးမှ တိုင်းပြည်အတွက် စွမ်းစွမ်းတမံကြိုးပမ်းခဲ့သူများလည်း ရှိနေပါသေးသည်။ ထိုပုဂ္ဂိုလ်များသည် ပညာရပ်နယ်ပယ်အသီးသီးအတွက် သော်လည်းကောင်း၊ နယ်မြေအသီးသီးအတွက်သော်လည်းကောင်း ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ပင် ဂုဏ်ယူလေးစား တန်ဖိုးထားရမည့်သူများပင်ဖြစ်သည်။

နိုင်ငံ့အကျိုးသယ်ပိုးရာတွင် နယ်ပယ်အသီးသီး၊ ဒေသအသီးသီး၌ သက်ရှိများရှိသကဲ့သို့ သက်မဲ့များလည်း ရှိနိုင်ပါသည်။ သက်မဲ့အရာများပင် ဖြစ်သော်လည်း ရှေးဟောင်းနယ်မြေများအဖြစ်လည်းကောင်း၊ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် သမိုင်းဝင်နယ်မြေများအဖြစ်သော်လည်းကောင်း၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများအနေဖြင့်လည်းကောင်း နေရာဒေသ အကြောင်းကြီးငယ်အလိုက် နိုင်ငံ့ဂုဏ်ကိုဆောင်နေကြသည်သာဖြစ်၏။

အချို့လေးစားရမည့်သူများ ရှိပါသည်။ ပုဂံလိုဒေသတွင် ပုပ္ပားဗိုလ်ချိုသည် လေးစားဂုဏ်ယူစရာဖြစ်သကဲ့သို့ မြန်မာနိုင်ငံ အလယ်ပိုင်းမှ သာစည်ကဲ့သို့ မြို့ငယ်လေးမှာပင် ဗိုလ်စံဖဲသည် ဂုဏ်ယူမြတ်နိုးဖွယ်ရာဖြစ်ပြီး ကမ္ဘာပေါ်တွင် မှတ်ဉာဏ်အကောင်းဆုံးအဖြစ် အသိအမှတ်ပြုခံရသည့် မင်းကွန်းဆရာတော်ကြီးအား များစွာကြည်ညိုလေးစားဖွယ်ရာပင် မဟုတ်ပါလော။

အဓိကပြောလိုရင်းမှာ ဒီမိုကရေစီနိုင်ငံသို့ ချီတက်ရာတွင် လူကောင်းလူတော်များစွာလိုအပ်နေပါသည်။ သို့ဖြစ်၍ အနာဂတ်နိုင်ငံတော်ကိုတည်ဆောက်ကြမည့် လူငယ်များအနေဖြင့် ဗိုလ်ချုပ်ကို အတုယူအားကျစေလိုသည်။ ဗိုလ်ချုပ်၏ စိတ်ဓာတ်မွေးမြူစေလိုသည်။ ထို့အတူ နယ်ပယ်အသီးသီးမှ ထူးချွန်ပြောင်မြောက်သူများ၊ ယင်းတို့၏ စွမ်းဆောင်ရည်များ၊ စွန့်လွှတ်အနစ်နာခံမှုများ၊ နိုင်ငံချစ်စိတ်များ၊ မျိုးချစ်စိတ်များကို ပို၍ရရှိခြင်းဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ကောင်းမွန်သော လူ့စွမ်းအားအရင်းအနှီးသစ်များ တိုးပွားလာရန် ရည်ရွယ်ရင်းသာဖြစ်လေသည်။

သို့ဖြစ်၍ နယ်ပယ်အသီးသီးမှ အတုယူအားကျဖွယ်၊ လေးစားဂုဏ်ယူဖွယ်ဖြစ်သည့် သာသနာဝင်ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အသီးသီးတို့အား ဖော်ထုတ်၍ ထိုက်တန်သော ဂုဏ်ပြုမှုများဖြင့် အသိအမှတ်ပြုကြရမည် ဖြစ်သည်။ ယင်းသို့ ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူများ၏ ရုပ်တုများ၊ အမှတ်တရဂုဏ်ပြုမှုများ ပေါ်ထွန်းလာခြင်းဖြင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ဘက်စုံထောင့်စုံမှ အားဖြည့်ပါဝင် စွမ်းဆောင်နိုင်မည့် အနာဂတ်မျိုးနွယ်သစ်များ ပိုမိုထွန်းကားလာစေကြောင်း မျှော်လင့်နေမိခြင်းသာဖြစ်လေသည်။

---

**စာမျက်နှာ ၆ မှ**

၂။ ပထမအဆင့်အနေဖြင့် ဆောက်လုပ်ရေးစည်းမျဉ်းများ (Building Code)ကို ရေးဆွဲ၍၊ ဒုတိယအဆင့်အနေဖြင့် ငလျင်ဒဏ်ခံနိုင်မည့် အဆောက်အအုံပုံစံဆိုင်ရာ စည်းမျဉ်းများ (Earthquake-resistant Design Code)ကို ရေးဆွဲပေးရန်။

၃။ ပြည်သူလူထုအတွက် ငလျင်နှင့် ဆူနာမီဘေးအန္တရာယ်ဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်ပညာပေးလုပ်ငန်းများကို စာနယ်ဇင်း၊ ရုပ်သံလွှင့်၊ ဟောပြောပွဲ၊ ပြပွဲ၊ ရက်တိုသင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲတို့ဖြင့် အခါအားလျော်စွာ ပြုလုပ်ပေးရန်။

**ပြည်သူများ၏ကဏ္ဍ**

၁။ အရေးကြီးဆုံးမှာ ငလျင်အန္တရာယ်များသော (သို့မဟုတ်) အတော်ပင်ရှိသော မြို့ရွာဒေသများတွင် သားစဉ်မြေးဆက် အသက်အိုးအိမ်လုံခြုံရေးကို အလေးထား၍ ပြည်သူများအနေဖြင့် နေအိမ်တိုက်တာများကို အသိ၊ သတိ ဉာဏ်နှစ်ဖြာဖြင့် ခိုင်ခံ့အောင် ဆောက်လုပ်ကြရန်၊ ခိုင်ခံ့မှုကို ပထမထားပြီး လှပမွမ်းမံမှုကို ဒုတိယထား၍ ဆောက်လုပ်သင့်ပါသည်။ မိမိတို့နှင့် တွဲဖက်ဆောက်လုပ်သော ကန်ထရိုက်တိုက်များကိုပါ စစ်ဆေးကြည့်ရှုပေးရန် လိုပါမည်။

၂။ မိမိတို့၏နေအိမ် တိုက်တာများသည် အိုဟောင်းပြီး ခိုင်ခံ့မှုနည်းပါးနေပါက ဖြိုဖျက်၍ အသစ်ဆောက်လုပ်ရန်။ အခြေအနေသင့်သေးပါက အင်ဂျင်နီယာများ၏အကူအညီဖြင့် အားဖြည့်ပြင်ဆင်မှုများ (retrofitting)ကို ပြုလုပ်ကြရန်။

၃။ တတ်နိုင်သလောက် ငလျင်အာမခံထားရန် (အထူးသဖြင့် စက်ရုံ၊ အလုပ်ရုံ၊ အထပ်မြင့်တိုက်များအတွက်)

**အစိုးရ၏ကဏ္ဍ**

၁။ ပညာရှင်များရေးဆွဲတင်ပြလာသော ဆောက်လုပ်ရေးစည်းမျဉ်းများနှင့် ငလျင်ဒဏ်ခံနိုင်သော အဆောက်အအုံပုံစံဆိုင်ရာ စည်းမျဉ်းများကိုအတည်ပြု ပြဋ္ဌာန်းပေးရန်နှင့် လိုက်နာလုပ်ဆောင်ရန်အတွက် နည်းဥပဒေများကိုပါ ပြဋ္ဌာန်းပေးရန်။

၂။ အများပြည်သူသုံးဆေးရုံများ၊ ကျောင်းများ၊ ရုံးများ၊ ခန်းမကြီးများ၊ အားကစားကွင်းကြီးများ၊ အထပ်မြင့်တိုက်ကြီးများ၊ ကွန်ဒိုတိုက်ကြီးများ၊ တံတားကြီးများနှင့် ဆည်ကြီးကို ဒေသအလိုက် ခံရဖွယ်ရှိသော ပြင်းထန်အားကို ခံနိုင်မည့်ပုံစံများဖြင့် စနစ်တကျ၊ စံချိန်စံညွှန်းမီအောင် ဆောက်လုပ်ပေးရန်။ ဤသို့ ဆောက်လုပ်စေရန်အတွက် စစ်ဆေးရေးအဖွဲ့များဖြင့် ကြပ်မတ်စစ်ဆေးပေးရန်။

၃။ ငလျင်အန္တရာယ်များသော၊ ရှိသောမြို့ကြီးများ (ဥပမာ ပဲခူး၊ မန္တလေး၊ ရန်ကုန်)တွင် အရေအတွက်အားဖြင့် အတော်အတန်ရှိသော စံမမီ၊ မခိုင်ခံ့သော အဆောက်အအုံများ (sub-standard buildings) (ဥပမာ-ဟောင်ကောင်လွှာထပ်မြင့်တိုက်အချို့)၊ အိုမင်းဆွေးမြည့်နေသောတိုက်များကို ကျွမ်းကျင်အင်ဂျင်နီယာများဖြင့် လိုက်လံကြည့်ရှုစစ်ဆေးရန်၊ အခြေအနေဆိုးသော အဆောက်အအုံများကို ဖြိုဖျက်၍ အသစ်ဆောက်လုပ်စေရန်နှင့် အခြေအနေသင့်သော အဆောက်အအုံများတွင် အားဖြည့်ပြင်ဆင်မှုများ ပြုလုပ်စေရန်။

၄။ ငလျင်ကြီးများလှုပ်စဉ် ဖြစ်တတ်သော နေရာအနှံ့မီးလောင်မှုများကို ငြိမ်းသတ်ရန် လူအင်အား၊ ပစ္စည်းအင်အားတို့ကို လုံလောက်စွာ ကြိုတင်ထားရှိရန်။

၅။ ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီပံ့ပိုးရေးလုပ်ငန်းများကို ထိရောက်ကောင်းမွန်စွာ လုပ်ပေးနိုင်ရေးအတွက် ကြိုတင်ဖွဲ့စည်းထားသော ခရိုင်အဆင့် ဘေးဒုက္ခစီမံဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့များ (Disaster Management Taskforces) က ထိရောက်လက်တွေ့ကျမည့် ကြိုတင်ပြင်ဆင်မှုများနှင့် အစီအမံများ ချမှတ်ထားရန်။ (ထိုလုပ်ငန်းအဖွဲ့များသည် မည်ကာမတ္တမဟုတ်ဘဲ တကယ်တမ်း သဘာဝဘေးအန္တရာယ် ကျရောက်လာလျှင် စီမံလုပ်ဆောင်နိုင်သော အဖွဲ့များဖြစ်ရန်လိုပါသည်။)

၆။ အိန္ဒိယသမုဒ္ဒရာ ဆူနာမီသတိပေးစနစ်အစီအစဉ်တွင် ဆက်လက်ပါဝင်ပူးပေါင်းလုပ်ဆောင်ရန်နှင့် မြန်မာ့ကမ်းရိုးတန်းဒေသများအတွက် လျင်မြန်ထိရောက်မည့် အချိန်မီဆူနာမီသတိပေးစနစ် ထူထောင်ထားရန်။

၇။ ငလျင်ကြီးများလှုပ်ပြီးနောက် နာရီပိုင်း (သို့မဟုတ်) ရက်ပိုင်းအတွင်း နောက်ဆက်တွဲငလျင်များ (after shocks) လှုပ်လေ့ရှိသဖြင့် လိုအပ်ပါက ငလျင်အန္တရာယ်ဆက်ရှိနေသေးကြောင်း သတိပေးချက်များ ထုတ်ပြန်ရန်။

၈။ ဆူနာမီလှိုင်းများနှင့် မုန်တိုင်း၊ ဒီလှိုင်းကြီးများ(storm surge)၏ဘေးမှ အတော်ပင်အကာအကွယ်ပေးနိုင်သော ဒီရေတောများ (လမုတောများ)ကို တောပြုန်းတီးပြီး ရွာများရှိသည့်နေရာများ၌ ဦးစားပေး၍ ပြန်လည်စိုက်ပျိုးပေးရန်။ (ဒီရေတောပြုန်းတီးမှုမှာ အလွန်များပြီး ရာခိုင်နှုန်း ၂၀ အောက်သာကျန်သည်ဟု ခန့်မှန်းထားကြသည်။)

၉။ ငလျင်ဘေးအန္တရာယ်များသော မြန်မာပြည်တွင် ငလျင်ပညာရှင်များ (earthquake seismologists) နှင့် ငလျင်အင်ဂျင်နီယာများ (earthquake engineers) ဆယ်ဂဏန်းစီခန့်သာရှိသဖြင့် ထိုပညာရပ်များတွင် အဆင့်မြင့်သော ဂျပန်နိုင်ငံသို့ ပညာသင်များ (အနည်းဆုံး ၁၀ ဦးစီ)ကို ဦးစားပေးစေလွှတ်ရန်။

☆ ရွှေဖုံးမှ

ဒေသဆိုင်ရာနှင့် နိုင်ငံတကာ မျက်နှာစာတွင် အပြန်အလှန် ပံ့ပိုးကူညီသွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် နှစ်နိုင်ငံ လက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ မြန်မာ-လာအို ချစ်ကြည်ရေး တံတားစီမံခန့်ခွဲမှုဆိုင်ရာ သဘောတူစာချုပ်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Saleumxay Kommasith တို့က နှစ်နိုင်ငံသမ္မတများရှေ့မှောက်၌ လက်မှတ်ရေးထိုးကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတ နိုင်ငံသမ္မတနှင့် ဇနီးတို့အား နိုင်ငံတော်သမ္မတအိမ်တော်၌ ဂုဏ်ပြုနေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နေ့လယ်စာ စားပွဲအပြီးတွင် နှစ်နိုင်ငံခေါင်းဆောင်များ၊ ဇနီးများနှင့် အဖွဲ့ဝင်များသည် သဘင်ဆောင်၌ ယဉ်ကျေးမှုပဒေသာကပွဲဖြင့် ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။



မြန်မာ-လာအို နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ယင်းနောက် လာအိုနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်နှင့် ဇနီးတို့သည် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။


ထို့နောက် ဆင်ဖြူတော်ကို ကြည့်ရှုလေ့လာကြသည်။

လာအိုနိုင်ငံသမ္မတ၏ ဇနီး မစ္စစ် ခမ်မွမ်းဂ် ဗိုရာချစ်နှင့်အဖွဲ့သည် နံနက်ပိုင်းတွင် ကျောက်မျက်ရတနာပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ညနေပိုင်းတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့သည် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီးတို့သည် အစိုးရသစ်တာဝန်ယူပြီးနောက် ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် လာအိုနိုင်ငံသို့ မေ ၆ ရက်တွင် သွားရောက်ခဲ့ပြီး ယခုအခါ လာအိုနိုင်ငံ သမ္မတနှင့် ဇနီးတို့ ချစ်ကြည်ရေးခရီး လာရောက်လည်ပတ်ခြင်းဖြစ်သည်။

ယခု အစိုးရသစ်လက်ထက်တွင် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံးသည် ဇွန် ၇ ရက်မှ ၉ ရက်အထိ လည်းကောင်း၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ ဇတ်ခ်ဟီးလ်ယာဒ်အယ်လ်ဘတ်ခ်ဒေါ့ဂျ် သည် ဇွန် ၁၄ ရက်မှ ၁၆ ရက်အထိ လည်းကောင်း ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြပြီး ယခုလာအိုနိုင်ငံသမ္မတ၏ ခရီးစဉ်သည် သုံးယောက်မြောက် နိုင်ငံ့ခေါင်းဆောင်တစ်ဦး၏ ခရီးစဉ်ဖြစ်သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လာအိုနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်အား ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)



လာအိုနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံ ဗိုရာချစ်နှင့် ဇနီးတို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

မစ္စတာ ဘွန်ညံ ဗိုရာချစ်သည် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ် ၂၀၀၃ ခုနှစ် နိုဝင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ ပထမအကြိမ်နှင့် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ ဒုတိယအကြိမ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်ခဲ့ပြီး ဒုတိယသမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ် ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် တတိယအကြိမ်အဖြစ် ရောက်ရှိခဲ့ကြောင်း၊ ယခုခရီးစဉ်သည် ၎င်း၏ စတုတ္ထမြောက် မြန်မာနိုင်ငံ ခရီးစဉ်ဖြစ်ကြောင်း သိရှိရသည်။**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့အား ဂုဏ်ပြုနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။** (သတင်းစဉ်)



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် လာအိုနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Saleumxay Komm Asith တို့ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြစဉ်။ (သတင်းစဉ်)



# လာအိုနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံပိုရာချစ်နှင့် လွှတ်တော်ဥက္ကဋ္ဌများ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဩဂုတ် ၅**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံပိုရာချစ်သည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းတို့အား ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ သွားရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် မြန်မာ - လာအို နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံအကြား ရှည်ကြာခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် လွှတ်တော်နှစ်ရပ်မှ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် ကျင်းပမည့် အာဆီယံပါလီမန်များညီလာခံသို့ လာအိုနိုင်ငံမှ ပါဝင်တက်ရောက်သွားမည့် အခြေအနေတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများ၊ ကော်မတီအတွင်းရေးမှူးများနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# လာအိုနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံ ပိုရာချစ်နှင့် ဇနီး နေပြည်တော်သို့ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာဘွန်ညံပိုရာချစ်နှင့် ဇနီး မစ္စစ် ခမ်မွမ်းဂ် ပိုရာချစ်တို့ ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီမိနစ် ၅၀ တွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ဧည့်သည်တော် လာအိုနိုင်ငံသမ္မတနှင့် ဇနီးနှင့်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ဇနီး ဒေါ်ခိုင်နွယ်ဦး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီးဒေါက်တာခင်သန်းအေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(အောက်ပုံ)**

**(သတင်းစဉ်)**





လာအိုနိုင်ငံသမ္မတ၏ ဇနီးနှင့်အဖွဲ့ ကျောက်မျက်ရတနာပြတိုက်၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# အင်းဝရှေးဟောင်းနယ်မြေရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများသွားရောက်လှူဒါန်း

**တံတားဦး ဩဂုတ် ၅**

အင်းဝရှေးဟောင်းယဉ်ကျေးမှုနယ်မြေပတ်ဝန်းကျင် ဒေသအတွင်းရှိ ရေကြီးရေလျှံဖြစ်ပေါ်နေသည့် ပြည်သူများအတွက်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) ဝန်ထမ်းမိသားစုများက ဩဂုတ် ၄ ရက်တွင် ထမင်းဘူးများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ရှေးဟောင်းနယ်မြေရဲ့ ပတ်ဝန်းကျင်ဒေသတွေမှာ နေထိုင်ကြတဲ့ဒေသခံတွေ ရေဘေးအခက်အခဲဖြစ်နေချိန်မှာ အားပေးကူညီတဲ့အနေနဲ့ ထမင်းဘူးတွေ သွားရောက်လှူဒါန်းတာပါ"ဟု အဆိုပါဌာနမှ ညွှန်ကြားရေးမှူး ဦးညိုမြင့်ထွန်းက ပြောသည်။

အဆိုပါဌာနက တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းနယ်မြေအတွင်းရှိ ဆင်ကျုံးမီးသွေးတိုက်နှင့် ဥတည်ကျေးရွာများတွင် ရေကြီးရေလျှံကြုံတွေ့နေရသည့် ဒေသခံပြည်သူများအတွက် ညနေစာအဖြစ် ထမင်းဘူး ၁၀၀၀ သွားရောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**



လာအိုနိုင်ငံသမ္မတ မစ္စတာ ဘွန်ညံ ပိုရာချစ်နှင့် ဇနီးနှင့်အဖွဲ့ ဆင်ဖြူတော်အား ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်

**စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ကူးစက်ရောဂါကပ်အသွင် ဖြစ်ပွားမှုအပေါ် ထိရောက်စွာဆောင်ရွက်သွားမည့်အခြေအနေများကို ပြည်သူများသိရှိနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများထံ မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။**

**ဒေါက်တာစိုးလွင်ငြိမ်း(ညွှန်ကြားရေးမှူးချုပ်)**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ကူးစက်ရောဂါ ကပ်အသွင် ဖြစ်ပွားမှုများကို ထိရောက်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးနိုင်ဖို့ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့တွေ အဆင်သင့်ဖွဲ့ပြီး ဆောင်ရွက်နေတယ်။ အခုဆိုရင်လည်း ဗဟိုကကူးစက်ရောဂါ တိုက်ဖျက်ရေးအဖွဲ့နဲ့ ငှက်ဖျားရောဂါတိုက်ဖျက်ရေးအဖွဲ့တွေရော၊ စစ်ကိုင်းတိုင်းဒေသကြီးက ကူးစက်ရောဂါတိုက်ဖျက်ရေးအဖွဲ့ပါ သွားရောက်ပြီး အရေးပေါ်ဆေးဝါး ကုသမှုလုပ်ငန်းတွေနဲ့ ရောဂါကာကွယ်ထိန်းချုပ်ရေးနဲ့ တုံ့ပြန်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

အရင်ကလည်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဒီလိုဖြစ်စဉ်တွေဖြစ်ခဲ့ဖူးပါတယ်။ အဲဒီတုန်းကလည်း ကူးစက်ရောဂါကာကွယ်ရေးနဲ့ ပတ်သက်ပြီးတော့ ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်ခဲ့တယ်။ အခုဖြစ်စဉ်မှာ ဝေးလံခက်ခဲတဲ့ ဒေသဖြစ်ပြီး သတင်းရရှိမှု နောက်ကျတဲ့အတွက်ကြောင့် ဖြစ်ပွားသေဆုံးမှုများပြားခဲ့တာဖြစ်ပါတယ်။

ကျန်းမာရေးဦးစီးဌာနအနေနဲ့ ဝန်ထမ်းတွေကတော့ သတင်းရတာနဲ့ ကွင်းဆင်းဆောင်ရွက်ပါတယ်။ ရောဂါရှာဖွေကုသမှုတွေပေးပါတယ်။ ဒီဖြစ်စဉ်မှာလည်း ရောဂါထိန်းချုပ်မှုအတွက် ရောဂါဖြစ်ပွားတဲ့ရာဇဝင်ယူပြီး ဖြစ်နိုင်ခြေရှိတဲ့ ရောဂါတွေကို ဆေးကုပေးပါတယ်။ ပိုမိုတိကျတဲ့ ရောဂါရှာဖွေမှုတွေ၊ Rapid test kit တွေနဲ့ စမ်းသပ်ဆောင်ရွက်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။

တစ်ဆက်တည်း သွားရောက်ပြီးအရေးပေါ်ဆေးဝါးကုသမှုလုပ်ငန်းတွေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးနဲ့ တုံ့ပြန်ရေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နီးစပ်ရာရွာတွေမှာ ရောဂါဖြစ်မဖြစ်၊ ပတ်ဝန်းကျင်ရွာတွေမှာ ကျန်းမာရေးဆေးဝါးကုသမှုတွေပေးမယ်။ နောက်ဒီဒေသမှာရှိတဲ့လူတွေအတွက် ကျန်းမာရေးမြှင့်တင်မှု ဆောင်ရွက်နိုင်ဖို့ ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနကနေ စီစဉ်ပေးလျက်ရှိပြီး ဝန်ထမ်းတွေ တိုးချဲ့ခန့်ထားနိုင်ဖို့နဲ့ အဲဒီဒေသမှာထမ်းဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေအတွက် တခြားထောက်ပံ့မှုတွေလည်း ဖြည့်ဆည်းပေးဖို့ လုပ်ဆောင်ပေးနေပါတယ်။

လဟယ်မြို့နယ် ကာရော်နောက်ညိုကျေးလက်ကျန်းမာရေးဌာန၊ ထန်ခေါ်လာမားကျေးရွာမှာ ဇွန် ၉ ရက်ကစပြီး အသက် (၁၅) နှစ်အောက် ကလေးတွေဖျားတာ၊ ချောင်းဆိုးတာ ဒီလိုရောဂါလက္ခဏာတွေ စတင်ဖြစ်ပွားပြီး ကလေးနှစ်ဦးသေဆုံးတယ်လို့ ဇူလိုင် ၂၀ ရက်မှာ သတင်းရရှိခဲ့တဲ့အတွက် ဒီကျေးရွာတွေမှာ ဇူလိုင် ၂၁ ရက်ကနေ ၂၉ ရက်အထိ ထန်ပါခွေတိုက်နယ်ဆရာဝန်နဲ့ အံပေါ်ကျေးလက်ကျန်းမာရေးဌာနက လက်ထောက်ကျန်းမာရေးမှူးတို့က ခေါင်းဆောင်ကွင်းဆင်းပြီးတော့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးခဲ့တာဖြစ်ပါတယ်။


ဒေါက်တာစိုးလွင်ငြိမ်း (ညွှန်ကြားရေးမှူးချုပ်)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ထန်ခေါ်လာမားကျေးရွာဟာ လဟယ်မြို့နဲ့ လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့အတွက် ကွင်းဆင်းအဖွဲ့ဟာ ဆိုင်ကယ်တစ်တန်၊ ခြေကျင်တစ်တန် သွားရတယ်လို့ သိရပါတယ်။ ဒီကျေးရွာမှာကျေးရွာနေဒေသခံ ၃၅၀ လောက်ရှိပြီးတော့ ပြီးခဲ့တဲ့ ဇွန် ၆ ရက်ကနေ ဇူလိုင် ၂၅ ရက်ထိ ၁၈ ဦးသေဆုံးခဲ့တယ်လို့ သိရပါတယ်။ ပြီးတော့ သေဆုံးသူတွေထဲမှာ အသက်အငယ်ဆုံးအဖြစ် တစ်နှစ်သားအရွယ်ကလေး ပါဝင်နေပြီးတော့ အသက်အကြီးဆုံးအဖြစ် (၉၄) နှစ်အရွယ် သက်ကြီးဘိုးဘွား ပါဝင်နေပါတယ်။ သေဆုံးသူအများဆုံးရဲ့ အသက်အုပ်စုကတော့ တစ်နှစ်နဲ့ (၁၂) နှစ်ကြားကလေးတွေ ဖြစ်တာကိုတွေ့ရှိရပါတယ်။

ပြီးခဲ့တဲ့လ ၃၁ ရက်ကစပြီး ကာရော်နောက်ညိုကျေးလက်ကျန်းမာရေးဌာနက ကျန်းမာရေးမှူးနဲ့ အဖွဲ့တွေ၊ ပြီးတော့ အခုလ ၅ ရက်ကစပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကူးစက်ရောဂါဆရာဝန်ကြီးတွေနဲ့ ငှက်ဖျားရောဂါဆရာဝန်ကြီးပါဝင်တဲ့ ဗဟိုကွင်းဆင်းအဖွဲ့နဲ့ စစ်ကိုင်းတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကူးစက်ရောဂါဆရာဝန်တွေပါဝင်တဲ့ တိုင်းဒေသကြီးကွင်းဆင်းအဖွဲ့တွေက ကွင်းဆင်းပြီး ရောဂါကာကွယ်ထိန်းချုပ်တဲ့လုပ်ငန်းတွေ၊ အသေးစိတ်စုံစမ်းစစ်ဆေးမှုတွေနဲ့ နီးစပ်ရာ ကျေးရွာတွေမှာ ကျန်းမာရေး စောင့်ရှောက်မှုပေးတဲ့ လုပ်ငန်းတွေကို လုပ်ဆောင်လျက်ရှိပါတယ်။


ဒေါက်တာမြင့်နိုင်
(စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်)

ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးရဲ့ စီစဉ်မှုနဲ့ နေပြည်တော် တပ်မတော်ဆေးရုံက အထူးကုဆရာဝန်နှစ်ဦးနဲ့ ခန္တီးတပ်မတော်ဆေးရုံက အထူးကုဆရာဝန်တစ်ဦးပါဝင်တဲ့ ကွင်းဆင်းအဖွဲ့ကလည်း ရာသီဥတုအခြေအနေပေါ် မူတည်ပြီး တပ်မတော်ရဟတ်ယာဉ်နဲ့ ဖြစ်ပွားတဲ့ကျေးရွာတွေကို ကျွန်တော်တို့ဝန်ကြီးဌာနကွင်းဆင်းအဖွဲ့နဲ့ ပူးပေါင်းကွင်းဆင်းသွားမှာ ဖြစ်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံတဲ့ လုပ်ငန်းတွေကိုလည်း ဦးစားပေးလုပ်ငန်းတစ်ရပ်အနေနဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

နောက်ပြီး နန်းယွန်းမြို့နယ်မှာဆိုရင်လည်း ဒုံဟီးမြို့နယ်ခွဲက ကဲဆန်နုတ်ညို၊ ကဲဆန်ဆာလင်၊ ကဲဆန်ကာလန်၊ ကဲဆန်ဘောက်လွန်း၊ ကဲဆန်လုံကျန်းကျေးရွာတွေမှာ ပြီးခဲ့တဲ့ လ ၂၈ ရက်ကနေ အခုလ ၂ ရက်အထိ ၁၃ ဦးသေဆုံးခဲ့တယ်လို့ သိရပါတယ်။ ဒီလို သတင်းရရှိခဲ့တဲ့အတွက် ဇူလိုင် ၃ ရက်မှာ ဒုံဟီးတိုက်နယ်ဆရာဝန်ဦးဆောင်ပြီး ကွင်းဆင်းဆေးကုသမှု ဆောင်ရွက်ခဲ့ပြီးတော့ ရောဂါရာဇဝင်ကို စုံစမ်းမေးမြန်းတဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ သေဆုံးတဲ့ ဒေသခံ ၁၃ ဦးထဲမှာ အသက် (၅) နှစ်အောက် ကလေး ၁၁ ဦး၊ အသက် (၂၄) နှစ် တစ်ဦး၊ အသက် (၅၄) နှစ် တစ်ဦးဖြစ်ပါတယ်။

အခုဒုံဟီးတိုက်နယ်ဆရာဝန်ဦးဆောင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေက ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေပြီး ရောဂါကာကွယ်ထိန်းချုပ်တဲ့ လုပ်ငန်းတွေကိုလည်း ဆောင်ရွက်နေပါတယ်။ လဟယ်မြို့နယ်ကို ရောက်ရှိနေတဲ့ ဗဟိုကွင်းဆင်းအဖွဲ့၊ ကချင်ပြည်နယ်က ကူးစက်ဆရာဝန်ကြီးနဲ့ တပ်မတော်ဆေးအဖွဲ့တို့ကလည်း ဒုံဟီးတိုက်နယ်ရှိကျေးရွာတွေကို သွားရောက်ပြီး ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

သေဆုံးသူတွေရဲ့ ရောဂါလက္ခဏာတွေကို စုံစမ်းမေးမြန်းတဲ့အခါ အများစုဟာ ဖျားတာ၊ ချောင်းဆိုးတာ၊ ခေါင်းကိုက်တာ၊ ဗိုက်နာတာစတဲ့ ရောဂါလက္ခဏာတွေကို ခံစားရတယ်လို့ သိရတဲ့အတွက် ရောဂါအတည်ပြုနိုင်ဖို့အတွက် လူနာတွေထံက သွေးရည်ကြည် နမူနာရယူပြီး ရန်ကုန်ကအမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနကို ရောဂါအတည်ပြုဖို့ ပေးပို့စစ်ဆေးထားပါတယ်။ ရောဂါအတည်ပြုပြီးရင် အချိန်နဲ့တစ်ပြေးညီ သတင်းထုတ်ပြန်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာမြင့်နိုင်(စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်)**

ကျွန်တော်ဒီကိုမရောက်ခင် တစ်ပတ်လောက်အလိုမှာပဲ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာရှိတဲ့ လဟယ်မြို့နယ်မှာ ရောဂါတစ်ခုဖြစ်နေတယ်ဆိုတာ ကြားသိခဲ့ရပါတယ်။ အဲဒီမှာ လူ ၂၂ ယောက်လောက်သေသွားပြီလို့ ကြားပါတယ်။ အခုတော့ စစ်ကိုင်းတိုင်းဒေသကြီးက အထူးကုအဖွဲ့ဟာ အခုလဟယ်ကို ရောက်သွားကြပါပြီ။ နန်းယွန်းမှာလည်း အဲဒီလိုရောဂါတွေဖြစ်ပါတယ်။ လူ ၁၃ ယောက်လောက် သေတယ်လို့ကြားပါတယ်။ ရောဂါဖြစ်နေတဲ့သူက ရာချီပြီးရှိနေတယ်လို့ သိရပါတယ်။ ကျွန်တော့်အနေနဲ့ ပြောရရင်တော့ ဒါဟာ ကူးစက်ရောဂါတစ်မျိုးလို့ ထင်ပါတယ်။ ကျွန်တော်လည်း ဆရာဝန်တစ်ယောက်ပါ။ ဒီလိုဖြစ်တာကို ကျွန်တော်မတွေ့ဖူးသေးဘူး။ အရေးပေါ်စီမံခန့်ခွဲမှုကော်မတီမှာလည်း တင်ပြခဲ့ပါတယ်။ အခုလည်း ဒါကိုတင်ပြပါတယ်။ မနေ့က သမ္မတကလည်း အမြန်ဆုံးဆောင်ရွက်ပေးပါလို့ ပြောပါတယ်။

အခုတိုင်းဒေသကြီးကနေပြီးတော့ အထူးကုအဖွဲ့က တက်သွားကြပါပြီ။ လဟယ်ကို ရောက်နေပါပြီ။ လဟယ်ကနေဟိုဘက်ကို ဘယ်လိုသွားမယ်ဆိုတာ မသိရသေးပါဘူး။ အဲဒီကိုဆက်မယ်ဆိုရင် ဖုန်းဆက်ရတာကလည်း တော်တော်ခဲယဉ်းပါတယ်။ အခု မနေ့ကတင်ပြတော့ ပြည်ထောင်စုအစိုးရကနေပြီး ဒါတွေကိုလည်း လုပ်ကိုင်ပေးမယ်လို့ ပြောပါတယ်။ အခုသေသွားတာက ၃၅ ဦးလို့ ကျွန်တော့်ကိုပြောပါတယ်။ လူက ရာချီဖြစ်နေပြီလို့ သိရပါတယ်။ ဒါတွေကလည်း ကျွန်တော့်အနေနဲ့ ဘယ်လောက်ထိ မှန်တယ် မှားတယ်ဆိုတာ အတိအကျမပြောနိုင်သေးပါဘူး။ ကျွန်တော့်အနေနဲ့ ဒီရောဂါကြီးတွေကို အမြန်ဆုံးပျောက်အောင် လုပ်ကိုင်ပေးချင်တာတစ်ခုပဲ ကျွန်တော်သိပါတယ်။

မေး၊ရေး - ရှင်မင်း၊ ဓာတ်ပုံ - ဖိုးသန့်

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကာင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၅**

မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၂၀ တွင် သတ်မှတ်ရေလှောင်ပမာဏ ပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများကျိုးပေါက်မှုမရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

## သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု(ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၁. ၃၀' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၉၀' |
| ၃။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၄၀' |
| ၄။ | မင်းရဲရေလှောင်တမံ | ၂၃၅၀ | ၀. ၅၀' |
| ၅။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၇၀' |
| ၆။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၀. ၃၀' |
| ၇။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၄၀' |
| ၈။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၉၉' |
| ၉။ | ဝဲကြီးရေလှောင်တမံ | ၂၅၂၀၀၀ | ၀. ၈၀' |
| ၁၀။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၇၀' |
| ၁၁။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၇. ၇၀' |
| ၁၂။ | မန်းချောင်းရေလှောင်တမံ | ၁၂၀၀၀၀ | ၀. ၉၀' |
| ၁၃။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၅၀' |
| ၁၄။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၈. ၅၀' |
| ၁၅။ | မြစ်သာရေလှောင်တမံ | ၃၇၇၆၀၀ | ၁. ၉၀' |
| ၁၆။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၁၇။ | မုံးရင်ရေလှောင်တမံ | ၂၅၉၀၀ | ၀. ၄၀' |
| ၁၈။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၄၀' |
| ၁၉။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၁. ၀၀' |
| ၂၀။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၁. ၅၀' |

# ဧရာဝတီမြစ်ရေ ဟင်္သာတမြို့ စိုးရိမ်ရေမှတ်ကျော်လွန်၊ လူနေအိမ်များရေဝင်နစ်မြုပ်မှုကြောင့် ရေလွတ်ရာသို့ရွှေ့ပြောင်း



**ဟင်္သာတ ဩဂုတ် ၅**

ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့၏ စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၀ ပေ မှ ဩဂုတ် ၄ ရက် မွန်းတည့် ၁၂ နာရီတွင် ၄၇ ဒသမ ၁၀ ပေသို့ ကျော်လွန်ရောက်ရှိနေပြီး ဧရာဝတီရေကာတာ အပြင်ဘက်တွင် နေထိုင်သော ကျေးရွာများတွင် လူနေအိမ်များ ရေနစ်မြုပ်လာမှုကြောင့် နီးစပ်ရာ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံနှင့် စာသင်ကျောင်းများသို့ ဩဂုတ် ၂ ရက် ညနေပိုင်းမှစတင်၍ ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

ရေနစ်မြုပ်မှုကြောင့် ဩဂုတ် ၂ ရက် ညနေပိုင်းတွင် ဟင်္သာတမြို့နယ် တောင်လုံးစုအုပ်စု အောက်ရွာကလေးကျေးရွာရှိ အိမ်ထောင်စု ၃၀ မှ လူဦးရေ ၁၁၆ ဦးတို့သည် သုံးထပ်ဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း၊ ဩဂုတ် ၃ ရက်တွင် တောင်လုံးစုအုပ်စု အောက်ရွာကလေးကျေးရွာမှ အိမ်ထောင်စု ၁၂စုမှ လူဦးရေ ၄၆ ဦးတို့သည်လည်းကောင်း အဆိုပါ ဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့ခဲ့ရပြီး ဖောင်ချောင်း ကျေးရွာမှ အိမ်ထောင်စု ၃၂ စုမှ လူဦးရေ ၁၄၂ ဦးတို့သည် ဝိဇ္ဇာ လင်္ကာရကျောင်းတိုက်တွင်လည်း ကောင်း၊ စစ်ကုန်းအုပ်စုရှိ စစ်ကုန်း လေးကျေးရွာမှ အိမ်ထောင်စု ၄၆ စုမှ လူဦးရေ ၁၆၇ ဦးတို့သည် မဟာဘုံတန်ဆောင်းတွင် လည်းကောင်း၊ ရေလယ်သောင် ကျေးရွာရှိ အိမ် ထောင်စု ၉၅ စုမှ လူဦးရေ ၂၅၈ ဦး တို့သည် ရေလယ်သောင် ဓမ္မာရုံတွင်လည်းကောင်း၊ ရေလယ်သောင်အောက်စုကျေးရွာရှိ အိမ်ထောင်စု ၁၉ စုမှ လူဦးရေ ၈၁ ဦးတို့သည် အ-မ-က(ခွဲ)ရေလယ်သောင်အောက်စုကျောင်းတွင်လည်းကောင်း အသီးသီး ပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ မီးသတ်တပ်ဖွဲ့၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့များက ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

# စစ်ကိုင်းရေနစ်မြုပ်ရပ်ကွက်များအား သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

**စစ်ကိုင်း ဩဂုတ် ၅**

စစ်ကိုင်းမြို့တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် မြေအနိမ့်ပိုင်းရပ်ကွက်များနှင့် မြစ်ကမ်းနံဘေး၌နေထိုင်သည့်ရပ်ကွက်များ ရေနစ်မြုပ်မှုဒဏ်ခံစားနေကြရပြီး တချို့ရေနစ်မြုပ်ရာနေအိမ်များတွင် နေထိုင်လျက်ရှိကြသည်။

စစ်ကိုင်းမြို့ လင်းဇင်းရပ်ကွက်တွင် ဩဂုတ် ၃ ရက် ညနေ ၄ နာရီက ကုန်းပေါ်မတက်နိုင်ကြသည့် အိမ်ထောင်စုဝင်များကို စစ်ကိုင်းအခြေစိုက် ဝေဠုကျော်ဖောင်ဒေးရှင်းမှ ဦးထွန်းလှအောင် ခေါင်းဆောင်၍ ရပ်ကွက်မှ အကူအညီပေးကြသည့်လှေများဖြင့် ရေသန့်ဘူးကြီးများကို အိမ်အရောက် ပို့ဆောင်ပေးခဲ့သည်။

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းကလည်း ကုန်းပေါ် မတက်နိုင်သည့် အိမ်ထောင်စုဝင်များအား စားသောက်စရာများ ဆက်လက်ပေး ဝေခဲ့သည်။ လင်းဇင်းရပ်၌နေထိုင်သည့် ကုန်းပေါ်မတက်နိုင်သူ တစ်ဦးက "ဒီလိုသိသိသာသာရေဝင်တာ သုံးကြိမ်ရှိသွားပါပြီ။ တစ်ခါမှ အခုလို ရေသန့်တွေ၊ စားစရာတွေ လာပေးတာမရှိခဲ့ပါဘူး။ လူမှုကွန်ရက်တွေက အဘတို့ရဲ့ ဒုက္ခတွေကို အလှူရှင်တွေသိအောင် လုပ်ပေးကြတာလည်းပါတယ်။ အဘကတော့ ကျေးဇူးတင်သင့်တဲ့သူတွေဖြစ်တဲ့ ဝေဠုကျော်ဖောင်ဒေးရှင်း၊ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ၊ နောက်ပြီး စစ်ကိုင်းသတင်းတွေ အမြဲတင်ပေးနေတဲ့ စစ်ကိုင်းသတင်းလူမှုကွန်ရက်ကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

**(၅၃၁)**

■



# မိုးစပါးရတနာတိုး(ခေါင်နံ့)ဖြင့် စိုက်ပျိုးပြသခြင်း တောင်သူပညာပေးသရုပ်ပြ

**ကျောက်ကြီး ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် မအူပင်ဆိပ်ကျေးရွာ၌ ရတနာတိုးမျိုးစပါး(ခေါင်နံ့)ဖြင့် ပျိုးထောင်စိုက်ပျိုး ပညာပေးသရုပ်ပြခြင်းကို ဩဂုတ် ၁ ရက်က ကွင်းအမှတ် (၇၀/ခ)တောင်သူ ဦးအောင်မင်း၏ လယ်မြေ၌စိုက်ပျိုးရေးဦးစီးမှူး နှင့် စိုက်ပျိုး ရေးပညာရှင်ဝန်ထမ်းများက လက်တွေ့စိုက်ပျိုးပြသခဲ့သည်။

အဆိုပါ စိုက်ပျိုးပညာပေးသရုပ်ပြခြင်းကို ပတ်ဝန်းကျင်ကျေးရွာများမှ တောင်သူများ လာရောက်လေ့လာကြပြီး သိရှိလိုသည်များကို စိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း




**ရန်ကုန် ဩဂုတ် ၅**

ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း(BFM)က ဒေသအတွင်း သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးရေးကိစ္စများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံ အလှူငွေ ကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ် ၃ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကမ္ဘောဇ အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ ရှမ်းပြည်နယ်အတွင်းသာမက ပြည်နယ်နှင့် တိုင်းဒေသကြီးအနှံ့ လှူဒါန်းပေးနေသည်ကို ကြားသိရကြောင်း၊ ထို့ကြောင့် ပြည်သူများကိုယ်စား ကျေးဇူးတင်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အလှူငွေလှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)မှ ဦးခင်အောင်က ယမန်နှစ် ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားချိန်အတွင်း ဖောင်ဒေးရှင်းအနေဖြင့် လည်းကောင်း၊ အခြား ပရဟိတအဖွဲ့များနှင့် အလှူရှင်များအနေဖြင့် လည်းကောင်း ခက်ခဲပင်ပန်းစွာ လူအား၊ ငွေအားဖြင့် ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရပြီး လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်၍ ဝေးလံခေါင်သီသော အချို့ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိရန် နှောင့်နှေးကြန့်ကြာမှုများ ကြုံတွေ့ခဲ့ရကြောင်းနှင့် ထိုအတွေ့အကြုံများကို အခြေခံ၍ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်းက သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအတွက် ယခုလို လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ယခုအချိန်တွင် မြန်မာနိုင်ငံအနှံ့အပြားတွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့နေရသောကြောင့် သက်ဆိုင်ရာအစိုးရအဖွဲ့များမှ အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီ ဆောင်ရွက်မှုများပြုလုပ်နိုင် ရန် ရည်ရွယ်၍ လှူဒါန်းခြင်းဖြစ် ကြောင်း ရှင်းလင်းပြောကြား သည်။

ထို့နောက် ရှမ်းပြည်နယ် ဝန်ကြီးချုပ်ထံ အလှူငွေကျပ်သိန်း ၁၀၀၀ ကို ပေးအပ်လှူဒါန်းပြီး လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဖောင်ဒေးရှင်းအနေဖြင့် ၂၀၁၆ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီး ကိုးခုတို့သို့ ငွေကျပ် သိန်း ၁၀၀၀ စီကို သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ကြိုတင်ကာကွယ်နိုင်ရေးအတွက် သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(၀၁၀)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၅**

ရန်ကုန်(ရွှေဈေး) ၈၅၀၀၀၀ - ၈၅၀၀၀၀ မန္တလေး(ရွှေဈေး) ၈၅၀၀၀၀ - ၈၅၀၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၀၀/၅၅၀ ကျပ်၊ | ၅၇၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၅၇၀/၆၄၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၀၀/၅၅၀ ကျပ်၊ | ၅၅၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၀/၅၈၀ ကျပ်၊ | ၆၂၀/၆၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၆၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၀၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၄၂၉ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၈၇.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၂၀.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၇၈.၇၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၄.၀၂ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၄.၂၅ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၇၅၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၇၂.၁ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၆.၈၅ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၇.၂၅ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၈၈၄.၈၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ



## ရုပ်မြင်သံကြားအစီအစဉ်များ

[၆- ၈ -၂၀၁၆ (စနေနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညပိုင်း
၆း၀၀ အဖွင့်
မိုးလေဝသအစီအစဉ်
တေးဂီတအစီအစဉ်
၆း၁၅ ကာတွန်းအစီအစဉ်
"Laputa Castle in the sky'
(အပိုင်း-၂)
၇း၀၀ ကက်ဆက်ဇာတ်လမ်း
"ကျွန်မနာမည် မကြေးမုံ"
၇း၄၀ နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"နင်. . စေလိုရာစေ"
(အပိုင်း-၁၃)
၈း၂၀ MRTV Entertainment Music
၈း၄၀ အဆိုတော် စိုင်းထီးဆိုင်
(အပိုင်း-၁)
၉း၀၅ နိုင်ငံတကာရုပ်ရှင်
ဇာတ်ဝင်တေးများ
၉း၂၀ စေတီဝေဆာ ပုဂံမြေမှာ
(အပိုင်း-၁)
၉း၄၀ တေးဂီတအစီအစဉ်
၁၀း၀၀ ကျောက်ဆည်ဆင်အက
၁၀း၂၀ မြန်မာရုပ်ရှင်
"ချစ်သူလူဆိုး"
၁၂း၀၀ -အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော် + ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၄၀ "ယုန်ကဲ့သို့မကျင့်ပါနှင့် ကျားကဲ့သို့ကျင့်ပါ" တရားတော်[ဒုတိယပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ(ကျိုက်ကလော့ ဆရာတော်)]
၇း၅၀ ရန်ကုန်မြင်ကွင်းကျယ် (AGTI Society\ Graduation Ceremony)
၈း၀၀ Cartoon Series (Welcome To Sky Ville)
၉း၀၅ Drive It
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၀ Star တို့ရဲ့လက်ရာ
၅း၃၅ Fashion Week
၆း၁၀ Health Fix
၇း၁၅ Let's Talk
၈း၀၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကံကံ၏အကျိုး" [ရန့်ပြယ်နှင်းဆီ (အပိုင်း-၃)]
၈း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၇၂)
၉း၃၀ MUSIC LIVE Tonight
၁၀း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စကိတ်စီးတဲ့ချစ်သူ" (အပိုင်း-၁၁+၁၂)
၁၂း၀၀ MRTV-4 Stage
၀၀း၂၅ World of Knowledge (Mudcats: Midnight Monsters)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၀၀ မေတ္တာပို့
၇း၁၀ ဓမ္မပူဇာတေး
၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၀ VOA အင်္ဂလိပ်စာသင်ခန်းစာ
၉း၁၀ လူတိုင်းကျန်းမာသိမှတ်စရာ
၉း၃၅ ခရီးလည်းသွား စကားလည်းဆို
၉း၅၀ ဟန်ချက်ညီညီနိုင်ငံတော်သစ်စီ
၁၀း၃၀ Cooking Art
၁၀း၄၅ Happy Time
၁၁း၁၀ English For Myanmar
၁၁း၂၀ အိမ်ရှင်မတို့ရဲ့အချစ်ဆုံး
၁၂း၀၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အပျိုလေး၏ကောင်းဘွိုင်
၁၀း၄၅ သီချင်းလက်ဆောင်
၁၂း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မေတ္တာအသင်္ချေ အပိုင်း(၈၄)
၂း၃၀ သံစဉ်များနှင့်ကမ္ဘာ
၄း၃၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၅၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀ Run & Cook
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖေဖေကြီးကိုချစ်တယ် အပိုင်း(၄၄)
၅း၄၅ ရွှေလမ်းငွေလမ်းသူ့ဌေးလမ်း
၆း၀၅ အမျိုးသားရေးတေးကဗျာ
၆း၁၀ စားဖိုဆောင်ချစ်သူ
၆း၃၅ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်သောဇေကရီ အပိုင်း(၅၆)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-လူ့ရှင်တော်စတား
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အနားမညီတြိဂံ (အပိုင်း-၂၁)

### mitv

07:26 Great Shwedagon-The Exhibition Hall Of The Great Chronicle Of Buddha
07:53 Tea
08:26 Waso Charity Feast
08:45 Ywar That's Monhinkhar
09:26 Discovering Tribes "Rawang" Their Life and Customs (Part-1)
09:52 Porcelain and Glass
10:27 Next Generation "Nyan Lin Htet (Football Player)"
10:37 Moe Hnyin Than Buddhe, The Unique Pagoda In Monywa
10:51 Myanmar Railways City Circular Train
07:26 Yathe Taung Township In A Nut-Shell
07:50 Today Myanmar
08:27 " The Stories Of The Great Souls (U Pyae Son)

# Bourne ၏ နောက်ဆက်တွဲဇာတ်ကားသစ် Jason Bourne



အခုလက်ရှိမှာ နိုင်ငံတကာရုပ်ရှင်ရုံတွေမှာရော ပြည်တွင်းရုပ်ရှင်ရုံတွေမှာပါ ရုံတင်ပြသနေတဲ့ Jason Bourne အက်ရှင်ဇာတ်ကားလေးအကြောင်း အမြည်းတင်ဆက်ပေးလိုပါတယ်။

ဒီဇာတ်ကားလေးဟာ ဒါရိုက်တာ Paul Greengrass ရဲ့ လက်ရာဖြစ်ပြီး Bourne ရုပ်ရှင်ဇာတ်လမ်းတွဲရဲ့ နောက်ဆက်တွဲဇာတ်လမ်းတစ်ပုဒ်လည်းဖြစ်ပါတယ်။ ဒါ့အပြင် ၂၀၀၇ ခုနှစ်က ထွက်ရှိခဲ့တဲ့ The Bourne Ultimatum ရဲ့နောက်ဆက်တွဲ ဇာတ်ကားဆိုရင် ပိုမှန်ပါလိမ့်မယ်။

Jason Bourne အက်ရှင်ဇာတ်ကားမှာ ဟောလိဝုဒ်မင်းသား မက်ဒန်မွန်က ခေါင်းဆောင်ပါဝင်ထားပြီးတော့ ပြင်သစ်မင်းသား Vincent Cassel၊ ဟောလိဝုဒ်မင်းသားတစ်ဦးဖြစ်ပြီး ထုတ်လုပ်သူတစ်ဖြစ်လဲ Tommy Lee Jones၊ ဆွီဒင်မင်းသမီး Alicia Vikander တို့က အဓိကပါဝင်သရုပ်ဆောင်ထားကြတာဖြစ်ပါတယ်။

Jason Bourne ဇာတ်ကားဟာဆိုရင် အမေရိကန်ပင်မထောက်လှမ်းရေးဌာနက ထောက်လှမ်းရေးသမားတစ်ဦးဖြစ်တဲ့ Jason Bourne ဟာ စစ်ဆင်ရေးတစ်ခုနဲ့ ပတ်သက်ပြီး ကိုယ့်ကိုယ်ကိုယ်တောင် မမှတ်မိလောက်အောင် အတိတ်မေ့တဲ့ဖြစ်ရပ်တစ်ခုနဲ့ကြုံတွေ့ခဲ့ရပါတယ်။ လျှို့ဝှက်ချက်များစွာကို သိထားတဲ့ Jason ဟာ အရေးကြီးတဲ့ အဖွဲ့အစည်းများအတွက် အန္တရာယ်သဖွယ်ဖြစ်နေခဲ့ပါတယ်။

အတိတ်ကိုမေ့နေသူ Jason က အားလုံးကို ပြန်သတိရဖို့ ကြိုးစားနေချိန်မှာ မတည်ငြိမ်မှုများနဲ့ ထကြွမှုများကလည်း ပေါ်ပေါက်လာပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းများအနေနဲ့လည်း ပျောက်ဆုံးနေတဲ့ Jason ကိုရှာဖွေဖို့ စီမံချက်တွေ ရေးဆွဲနေပါတယ်။

ဒါပေမယ့် Jason ပြန်လည်သတိရလာချိန်မှာတော့ ဘာတွေဆက်ဖြစ်လာမလဲဆိုတာကိုတော့ စိတ်လှုပ်ရှားဖွယ်ရာ ကြည့်ရှုခံစားနိုင်ကြမှာဖြစ်ပါတယ်။

Jason Bourne ဇာတ်ကားကို ဇူလိုင် ၁၁ ရက်က လန်ဒန်မြို့မှာရှိတဲ့ Odeon Leicester Square ရုပ်ရှင်ရုံမှာစတင်ပြသခဲ့တာဖြစ်ပြီး ဇူလိုင် ၂၉ ရက်မှာ အမေရိကန်နိုင်ငံမှာ စတင်ပြသခဲ့တာဖြစ်ပါတယ်။ ဒီဇာတ်ကားကို လက်ရှိမြန်မာနိုင်ငံရဲ့ ရုပ်ရှင်ရုံတွေမှာလည်း ပြသနေပြီမို့ ကြည့်ရှုခံစားနိုင်ကြမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

## KCON LA ဂီတပွဲတော်သို့ မင်းသား လီမင်ဟို တက်ရောက်



ဇူလိုင်လ နောက်ဆုံးပတ်အတွင်းက ကျင်းပခဲ့သည့် KCON LA ဂီတပွဲတော်တွင် တောင်ကိုရီးယား သရုပ်ဆောင်မင်းသား လီမင်ဟိုက ကိုရီးယားရုပ်ရှင် အနုပညာရှင်များကိုယ်စားပြုအဖြစ် တက်ရောက်ခဲ့ကြောင်း သိရသည်။

Boys Over Flowers၊ Heirs ဇာတ်ကားများဖြင့် အာရှပရိသတ်များ အကြိုက်တွေ့ခဲ့ရသည့် မင်းသား လီမင်ဟို ကို အဆိုပါပွဲသို့တက်ရောက်ရန် ရွေးချယ်ခြင်းခံခဲ့ရသဖြင့် အနုပညာရှင်များကိုယ်စား တက်ရောက်ခဲ့ကြောင်း သိရသည်။

KCON LA 2016 ဂီတပွဲတော်ကို အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့တွင် ဇူလိုင်လနောက်ဆုံးပတ်က ကျင်းပခဲ့ခြင်းဖြစ်ပြီး လီမင်ဟိုနှင့်အတူ အခြားသောဂီတပညာရှင်များအဖြစ် Girls' Generation TTS၊ Eric Nam၊ I.O.I၊ SHINee တို့အပါအဝင် အခြားသော ဂီတအဖွဲ့များလည်း တက်ရောက်ခဲ့ကြကြောင်း သိရသည်။

## ယခုလဆန်းပိုင်းတွင် ရုံတင်ခဲ့သည့် Suicide Squad စူပါဟီးရိုးဇာတ်ကားသစ်

ဒီစီ၏ လူစွမ်းကောင်းဇာတ်ကောင်များကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ပုံဖော်ထားသည့် Suicide Squad စူပါဟီးရိုး ဇာတ်ကားသစ်တွင် မင်းသား ဝီလ်စမစ်သ်က ခေါင်းဆောင်ပါဝင်ထားပြီး ယင်းဇာတ်ကားကို ယခုလဆန်းပိုင်းတွင် ရုပ်ရှင်ချစ်ပရိသတ်ထံသို့ တင်ဆက်ပေးခဲ့ကြောင်းသိရသည်။

ယင်းဇာတ်ကားတွင် ခေါင်းဆောင်မင်းသား ဝီလ်စမစ်သ်နှင့်အတူ Margot Robbie Jay Hernandez , Adewale Akinnuoye-Agbaje, Scott Eastwood တို့က ခေါင်းဆောင်ပါဝင်ထားသည်။

Suicide Squad စူပါဟီးရိုးဇာတ်ကားကို ဩဂုတ် ၁ ရက်က နယူးယောက်မြို့ရှိ Beacon Theatre တွင် စတင်ပြသခဲ့ပြီး ဩဂုတ် ၅ ရက်တွင် အမေရိကန်နိုင်ငံရှိ 2D, 3D and IMAX 3D ရုပ်ရှင်ရုံများ၌ စတင်ရုံတင်ပြသခဲ့သည်။

ရုပ်ရှင်နှင့် ဂီတဘက်တွင်သာမက ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများ၊ တေးသီချင်းရေးစပ်သီကုံးခြင်းဆိုင်ရာများကိုပါ စိတ်အားထက်သန်စွာ ဆောင်ရွက်လေ့ရှိသူ ဝီလ်စမစ်သ်အနေဖြင့် ယခုနှစ်အတွင်း၌ပင် အိပ်မက်ဆန်ဆန် ဒရမ်မာဇာတ်ကားတစ်ကားဖြစ်သည့် Collateral Beauty တွင် ဟောလိဝုဒ်မင်းသမီး ကိတ်ဝင်းစလက်နှင့်အတူ ပါဝင်သရုပ်ဆောင်ထားကြောင်းသိရသည်။

ယင်းဇာတ်ကားကို ယခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် စတင်ရုံတင်ပြသပေးသွားမည်ဖြစ်ကြောင်းသိရသည်။




မျိုးစန္ဒာမောင်-စုစည်းသည်

# ပေါ့ဘာမှာ ငွေကြေးမက်မောသူမဟုတ်ဘဲ ကမ္ဘာ့အကောင်းဆုံးကစားသမားသာဖြစ်လိုသူဟု ရီယိုဖာဒီနန်ယုံကြည်



ပေါ့ဘာအနေဖြင့် မန်ယူသို့ ပြန်လည်ပြောင်းရွှေ့လာလျှင်လည်း ယင်းဖြစ်စဉ်မှာ ငွေကြေးသက်သက်ကြောင့်မဟုတ်ဘဲ ခိုင်မာသည့် အခြားအကြောင်းတရားများကြောင့်သာဖြစ်မည်ဖြစ်ကြောင်း မန်ယူနောက်ခံလူဟောင်း ရီယိုဖာဒီနန်က သူ၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ ပေါ့ဘာသည် ပုံမှန်ပွဲထွက် ကစားခွင့်မရရှိခြင်းကြောင့် ၂၀၁၂ ခုနှစ်တွင် မန်ယူမှ ဂျူဗင်တပ်သို့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် လေးနှစ်အကြာတွင် မန်ယူမှ ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးအပြင် မြင့်မားသည့် လုပ်ခလစာနှုန်းဖြင့် ပြန်လည်ခေါ်ယူရန် တောက်လျှောက် ဆက်သွယ်ခြင်းခံနေရသည်။ ရီယိုဖာဒီနန်က ၂၀၀၂ ခုနှစ်တွင် ၎င်းမန်ယူသို့ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဖြင့် ပြောင်းရွှေ့ခဲ့စဉ် ဖိအားဒဏ်ခံခဲ့ရသော်လည်း ငွေကြေးကြောင့် အသင်းပြောင်းခဲ့ခြင်းမဟုတ်ခဲ့သလို ပေါ့ဘာ အသင်းပြောင်းမည်ဆိုလျှင်လည်း အလားတူပင်ဖြစ်မည်ဖြစ်ကြောင်းဆိုသည်။

ဖာဒီနန်က “ပေါလ်(ပေါ့ဘာ)အကြောင်းကို ကျွန်တော်ကောင်းကောင်းသိပါတယ်။ သူ မန်ယူကနေ ထွက်ခွာမယ်ဆိုတုန်းက ကျွန်တော်က ဘာလို့လဲလို့မေးတော့ ကမ္ဘာ့အကောင်းဆုံး ကစားသမားဖြစ်ချင်တာကြောင့်လို့ အဖြေပေးခဲ့ပါတယ်။ သူက အခု လမ်းကြောင်းမှန်ပေါ် ရောက်နေတဲ့သူပါ”ဟု ဒေးလီးမေးလ်နှင့် အင်တာဗျူးပြုလုပ်ရာတွင် မှတ်ချက်ပြုခဲ့သည်။

သို့သော် မြင့်မားသည့် ပြောင်းရွှေ့ကြေးက ကစားသမားတိုင်းအတွက် ဖိအားဖြစ်ပြီး ယင်းဖိအားမှာ ပရိသတ်များ၏ မျှော်လင့်ချက်ကြောင့် ဖြစ်တည်လာသည်မဟုတ်ဘဲ ကလပ်အသင်းအတွင်း စောင့်ကြည့်နေသည့် မျက်လုံးများကြောင့် ဖြစ်သည်ဟု ထင်မြင်ချက်ပေးသည်။ သူသည်လည်း ကွင်းအတွင်းကစားစဉ် ဖိအားရှိသည်ဟု မခံစားရဘဲ အသင်းဖော်များနှင့် လေ့ကျင့်ရေးဆင်းချိန်တွင် ပြောင်းရွှေ့ကြေးနှင့် ထိုက်တန်၊ မထိုက်တန်ဆိုသည်ကို အကဲခတ်ခြင်းခံနေရသဖြင့် ကြီးမားသည့် ဖိအားအမြဲလိုပင်ရှိနေကြောင်း ဖာဒီနန်က ပြောကြားခဲ့သည်။

# အာဂျင်တီးနားအတွက် မက်ဆီပြန်လာမလား



အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီက ၂၀၁၆ ခုနှစ် ကိုပါအမေရိက ဗိုလ်လုပွဲ ချီလီအသင်းကို ပင်နယ်တီနဲ့ အရေးနိမ့်ပြီးနောက်မှာ အာဂျင်တီးနားလက်ရွေးစင်အသင်းကနေ အနားယူတော့မယ်လို့ ကြေညာခဲ့သူပါ။ မက်ဆီအနားယူပြီး သိပ်မကြာခင် နည်းပြမာတီနိုလည်း ရာထူးက နုတ်ထွက်သွားခဲ့ပြန်ပါတယ်။ အခုတော့ အာဂျင်တီးနားနည်းပြသစ်ဖြစ်လာသူ ဘော်ဇာက မက်ဆီလက်ရွေးစင်အသင်းအတွက် ပြန်ကစားရေး ဆွေးနွေးဖို့ လာမယ့်အပတ်မှာ စပိန်နိုင်ငံကို လာရောက်ဖို့ ရှိနေပါတယ်။ မက်ဆီကလည်း ဘော်ဇာနဲ့တွေ့ဆုံဖို့ စိတ်အားထက်သန်နေပေမယ့် သူ့ရဲ့ဆုံးဖြတ်ချက်ကို ပြင်ဆင်မယ်၊ မပြင်ဆင်ဘူးဆိုတာတော့ ကြိုတွေးထားတာ မရှိဘူးလို့ မက်ဆီနဲ့ နီးစပ်သူတွေက ပြောပါတယ်။

မက်ဆီက အခုမှ အသက် (၂၉) နှစ် အရွယ်သာရှိသေးပြီး နိုင်ငံအသင်းအတွက် အနည်းဆုံးငါးနှစ်လောက် ကောင်းကောင်းဆက်ကစားနိုင်သေးသူပါ။ နိုင်ငံလက်ရွေးစင်အသင်းကနေ အနားယူမယ်ဆိုတာ ဘာလို့စောစောစီးစီး ဆုံးဖြတ်ချက်ချခဲ့သလဲဆိုတာ ဘယ်သူမှ သေချာဂဃနဏမသိပေမယ့် အခွန်တိမ်းရှောင်မှုကြောင့် အမှုရင်ဆိုင်နေရတာရယ် လက်ရွေးစင်အသင်းမှာကစားတိုင်း အာဂျင်တီးနားလူမျိုးတွေက ရှုံးပွဲတိုင်းအတွက် မက်ဆီကိုချည်း အပြစ်တင်နေတာကြောင့် ကွင်းတွင်း၊ကွင်းပြင်ဖိအား နှစ်ရပ်စလုံးဒဏ်ကြောင့် အခုလိုဆုံးဖြတ်ခဲ့တာလို့တော့ ယေဘုယျသုံးသပ်နိုင်ပါတယ်။

မှန်ပါတယ်။ မက်ဆီက ၂၀၀၈ ဘေဂျင်းအိုလံပစ်မှာ အာဂျင်တီးနားအသင်းအတွက် အိုလံပစ်ရွှေတံဆိပ်ဆုဆွတ်ခူးပေးနိုင်ခဲ့ပေမယ့် ကိုပါအမေရိကဖလားဗိုလ်လုပွဲ သုံးကြိမ်နဲ့ ကမ္ဘာ့ဖလားဗိုလ်လုပွဲတစ်ကြိမ် အရေးနိမ့်ပြီး လက်ရွေးစင်အသင်းအတွက် ကြီးမားတဲ့အောင်မြင်မှု မဖော်နိုင်ခဲ့ပါဘူး။ တစ်ဖက်မှာလည်း ပြီးခဲ့တဲ့ရာသီက ဒဏ်ရာပြဿနာတွေ၊ အခွန်ရှောင်တမ်းမှုပြဿနာတွေ ထွေးလုံးရစ်ပတ်နေတာကြောင့် အခုလိုဆုံးဖြတ်ချက်ချလိုက်တာဖြစ်ပြီး မက်ဆီရဲ့ဆုံးဖြတ်ချက်က အားလုံးကို အံ့အားသင့်သွားစေခဲ့တယ်လို့ အာဂျင်တီးနားအသင်းဖော်တွေက ဆိုပါတယ်။

အာဂျင်းတီးနားဘောလုံးအဖွဲ့ချုပ် ယာယီဥက္ကဋ္ဌ ပီရက်ဇ်က မက်ဆီ ပြန်ကစားဖို့ အတတ်နိုင်ဆုံး သူကြိုးစားမှာဖြစ်တယ်လို့ဆိုခဲ့ပေမယ့် နည်းပြသစ် ခန့်အပ်ရေးကိုသာ ဦးစားပေးဆောင်ရွက်နေရတာကြောင့် ထိထိရောက်ရောက် ဖော်ဆောင် နိုင်ခဲ့ခြင်းမရှိခဲ့ဘူး။ ဒါကြောင့် နည်းပြဘော်ဇာကို ခန့်အပ်ခဲ့ပြီး တစ်ပတ်မပြည့်ခင်မှာပဲ မက်ဆီ လက်ရွေးစင်အသင်းအတွက် ပြန်လာဖို့အရေးညှိနှိုင်းဖို့ ဘော်ဇာကို ဥရောပလွှတ်ဖို့ ချက်ချင်းစီစဉ်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် ဘော်ဇာကတော့ သူဟာ မက်ဆီရော မက်ဆီ မိသားစုဝင် တစ်ဦးတစ်ယောက်နဲ့မှ လောလောဆယ်အဆက်အသွယ်မရှိသေးဘဲ ဥက္ကဋ္ဌပီရက်ဇ်နဲ့ တွေ့ဆုံခဲ့ပြီးနောက် မက်ဆီ ဆုံးဖြတ်ချက်ပြင်ဆင်ရေး ဆွေးနွေးဖို့ ဖြစ်လာခဲ့တယ်လို့ ဆိုပါတယ်။ ဘော်ဇာက မက်ဆီ ပြန်ကစားမလားဆိုတာ သူ့အနေနဲ့ ရှင်းရှင်းလင်းလင်းသိဖို့ ဆောင်ရွက်မှာဖြစ်ပေမယ့် မက်ဆီအနေနဲ့ အချိန်အကြာကြီးတော့ စဉ်းစားလို့မရဘူးလို့ သတိပေးလိုက်ပါတယ်။ ကစားသမားတစ်ဦးအနေနဲ့ဆိုရရင် ဗိုလ်လုပွဲ လေးကြိမ်ရှုံးနိမ့်မှုက ဆိုးရွားလွန်းတာကြောင့် အာဂျင်တီးနားနဲ့ ကြီးမားတဲ့အောင်မြင်မှုရအောင်မကြိုးစားဘဲ လက်ရွေးစင်ကစားသမားဘဝကို မက်ဆီ လုံးဝကျောခိုင်းမလား၊ ဒါမှမဟုတ် အာဂျင်တီးနားအသင်းအတွက် ပြန်လာပေးဦးမလားဆိုတာ လာမယ့်တစ်ပတ်မှာ အဖြေသိရတော့မှာ ဖြစ်ပါတယ်။

မေလွှဲသင်း-စုစည်းဖော်ပြသည်။


# အာဂျင်တီးနားနောက်ခံလူ မာကာဒိုအား ဆီဗီလာ ခေါ်ယူ



ဆီဗီလာအသင်းသည် ရေးဗားပလိတ်အသင်းမှ အာဂျင်တီးနား နောက်ခံလူ မာကာဒိုအား သုံးနှစ်စာချုပ် ချုပ်ဆိုခေါ်ယူခဲ့ပြီဖြစ်ကြောင်း ဆီဗီလာအသင်းဘက်မှ ဩဂုတ် ၃ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ မာကာဒိုသည် ဗျူနိုအေးရိစ်မြို့ အခြေစိုက် ရေးဗားပလိတ်အသင်းတွင် လေးရာသီကစားခဲ့ပြီးနောက် ဥရောပသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

မာကာဒိုသည် ဆီဗီလာအသင်းမှ ထွက်ခွာကာ ရှော်ကေးသို့ ပြောင်းရွှေ့သွားခဲ့သည့် အသင်းခေါင်းဆောင် ကိုကီ၏ ကွက်လပ်ကို ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။ မာကာဒိုသည် အသက်(၂၉)နှစ်ရှိဖြစ်ပြီး မကြာသေးမီအချိန်ကမှ အာဂျင်တီးနား လက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံခဲ့ရသော်လည်း ကိုပါအမေရိကပြိုင်ပွဲတွင် ထိပ်တန်းခြေစွမ်းတစ်ရပ်ကို ပြသနိုင်ခဲ့သည်။ မာကာဒိုသည် ဆီဗီလာနည်းပြသစ် ဆမ်ပေါ်လီ လက်ထက်တွင် ခေါ်ယူသည့် နဝမမြောက် ကစားသမားလည်း ဖြစ်လာခဲ့သည်။

# ရိုးမားအသင်းတွင် ဒုတိယမြောက် အငှားရာသီဆက်ကစားရန် ဆက်ဇနီသဘောတူ



အာဆင်နယ်ဂိုးသမား ဆက်ဇနီသည် စီရီးအေကလပ် ရိုးမားအသင်းတွင် အငှားဖြင့် ဒုတိယမြောက်ရာသီ ဆက်လက်ကစားရန် သဘောတူညီခဲ့ကြောင်း သိရသည်။ ဆက်ဇနီမှာ အာဆင်နယ်သို့ ပီတာဆက်ချ် ပြောင်းရွှေ့လာခဲ့ပြီးနောက် ပုံမှန်ပွဲထွက်ကစားခွင့်ရရန်အတွက် ရိုးမားအသင်းတွင် အငှားဖြင့် သွားရောက်ကစားနေခဲ့သူဖြစ်သည်။

ရိုးမားအသင်း၏ ကြေညာချက်တွင်“ ဆက်ဇနီမှာ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီ ပြီးဆုံးသည်အထိ ရိုးမားကစားသမားအဖြစ် ဆက်ရှိနေမည်ဆိုသည်ကို အတည်ပြုနိုင်သည်။ အာဆင်နယ်အသင်းသည် ၎င်းတို့၏ ဂိုးသမား ဆက်ဇနီကို ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်အထိ အငှားချထားရန် သဘောတူခဲ့ပြီးဖြစ်သည်”ဟု ထုတ်ပြန်ခဲ့သည်။

ဆက်ဇနီက “နည်းပြက ကျွန်တော့်ကို ဆက်ပြီး အလိုရှိတယ်ဆိုတော့ တကယ့်ကို ပျော်ရွှင်ရပါတယ်။ ပြီးခဲ့တဲ့ရာသီက ကျွန်တော်အကောင်းဆုံး စွမ်းဆောင်နိုင်ခဲ့သလို ဒီရာသီမှာလည်း အလားတူ ဆက်လက်လုပ်ဆောင်ပြနိုင်မယ်လို့ မျှော်လင့်မိပါတယ်”ဟု ဆိုလိုက်သည်။

# ဘော်ဒိုးမှ ထွက်ခွာကာ ဝါဒါဘရီမင်သို့ ပြောင်းရွှေ့ခဲ့သည့် ဆာနီ



ဝါဒါဘရီမင်အသင်းသည် ဘော်ဒိုးဗဟိုခံစစ်ကစားသမား လာမနီ ဆာနီကို ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ နှစ်ဖက်အသင်းများသည် ဆာနီ၏ ပြောင်းရွှေ့ကြေးကို ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိဘဲ ဩဂုတ် ၄ ရက်တွင် အပြီးသတ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်းသာ သိရသည်။

ဆာနီက ဘွန်ဒက်စ်လီဂါသို့ ပြောင်းရွှေ့ကစားရန် နှစ်အတန်ကြာကတည်းက ဆန္ဒရှိခဲ့ပြီး ယခုကဲ့သို့ ပြောင်းရွှေ့နိုင်ခဲ့ခြင်းအတွက် ကျေနပ်မိကြောင်း ဆိုခဲ့သည်။ ဆာနီသည် လောမော့အသင်းမှ ဘော်ဒိုးအသင်းသို့ ၂၀၀၈ ခုနှစ်တွင် ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီးနောက် ပွဲစဉ်ပေါင်း ၁၈၈ ပွဲဝင်ရောက်ကစားခဲ့ကာ ကလပ်အသင်း အမြင့်ဆုံးအောင်မြင်မှုအဖြစ် ၂၀၁၃ ခုနှစ်တွင် ပြင်သစ်ရှုံးထွက်ဖလား ဗိုလ်လုပွဲသို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ဝါဒါဘရီမင်အသင်းသည် အီဘားအသင်းသို့ ပြောင်းရွှေ့သွားသည့် ဂါးဗက်စ်၏နေရာတွင် အစားထိုးရန် ဆာနီအား ခေါ်ယူခဲ့ခြင်းဖြစ်သည်။

## ပြည်တွင်းရေးရာ

## မိုဘိုင်းစာကြည့်တိုက်ဖွင့်လှစ်ကာ စာအုပ်စာစောင်များ ငှားရမ်းပေးခြင်း ဝါးခယ်မ၌ ဆောင်ရွက်

**ဝါးခယ်မ ဩဂုတ် ၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်းရှိ ပြည်သူများ၊ ကျောင်းသား ကျောင်းသူများနှင့် ဝန်ထမ်းများပါမကျန် စာဖတ်ခြင်းအလေ့အထ တိုးပွားစေရေး၊ ဗဟုသုတရရှိသော စာအုပ်စာစောင်များ ဖတ်ရှုလေ့လာနိုင်စေရေးအတွက် မိုဘိုင်းစာကြည့်တိုက်ဖွင့်လှစ်ကာ စာအုပ်စာစောင်များ ငှားရမ်းပေးမှုကို မြန်မာ့စာတိုက်လုပ်ငန်း မြို့နယ်ရုံးနှင့် တိုင်းရင်းဆေးကုဌာနတို့၌ ဩဂုတ် ၂ ရက် မွန်းလွဲပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ကြည်နှင့် ဝန်ထမ်းများက သုတ၊ ရသ စာအုပ်စာစောင်များ၊ လစဉ်ထုတ်မဂ္ဂဇင်းများ၊ အပတ်စဉ်ထုတ် ဂျာနယ်မျိုးစုံတို့ဖြင့် မိုဘိုင်းစာကြည့်တိုက်ဖွင့်လှစ်၍ မြန်မာ့စာတိုက်လုပ်ငန်း မြို့နယ်ရုံးနှင့် တိုင်းရင်းဆေးကုဌာနမှ ဝန်ထမ်းများအား စာကြည့်တိုက်အသင်းဝင်လိုသူများကို အခမဲ့ပြုလုပ်ပေးပြီး စာအုပ်စာစောင်များ ငှားရမ်းခဲ့သည်။

မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာဖတ်ပရိသတ်များ စာအုပ်စာပေများကို လွယ်လင့်တကူ ဖတ်ရှုလေ့လာနိုင်စေရန် ကျေးရွာရှိ ပြည်သူများ၊ အခြေခံပညာကျောင်းများ၊ ဌာနဆိုင်ရာရုံးများသို့ အပတ်စဉ်ဖြင့်လည်းကောင်း၊ လစဉ်ဖြင့်လည်းကောင်း စာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**

## ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေး

**ရွှေသောင်ယံ ဩဂုတ် ၅**
ရွှေသောင်ယံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးခန်းမဆောင်၌ ဩဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရွှေသောင်ယံမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦးနှင့် မြို့နယ်ခွဲစည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ ရပ်ကွက်(၁)၊ (၂)၊ (၃)ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများပါဝင်သောအဖွဲ့သည် မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် စည်ပင်ဘတ်ဂျက်ငွေ ၁၀၆ သိန်းနှင့် ရပ်ကွက် (၁)၊ (၂)၊ (၃) အတွင်းရှိ ပြည်သူ့အတွက် အဓိကအရေးကြီးလိုအပ်ချက်နေရာများတွင် ဖြည့်စွက်သုံးစွဲရန် သဘောတူကြသည်။ ယင်းနောက် ညနေ ၅ နာရီတွင်ရွှေသောင်ယံမြို့နယ်ခွဲ အထွေထွေအုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦးနှင့် ရပ်ကွက်(၁)အုပ်ချုပ်ရေးမှူးဦးဇော်မျိုးဝင်း၊ ရပ်မိရပ်ဖများပါဝင်သောအဖွဲ့သည် အမှတ်(၁) ရပ်ကွက်ရဲစခန်းတောင်ကြောနောက်ဘက်ရှိ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ဆောက်လုပ်ထားသော လေခိုလှုံရာအဆောက်အအုံသို့သွားရောက်၍ ပြီးစီးရန်လိုအပ်လျက်ရှိသော အဆောက်အအုံအစိတ်အပိုင်းတို့အားကြည့်ရှုကာ အဆောက်အအုံအပြီးသတ်နိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုမောင် (ပြန်/ဆက်)**

## မိတ္ထီလာမြို့ရှောင်လမ်း ဖောက်လုပ်ပြီးစီးပါက မြို့တွင်းလမ်းများ ယာဉ်အန္တရာယ် လျော့နည်းလာနိုင်

**မိတ္ထီလာ ဩဂုတ် ၅**
မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ပြီးစီးပါက မြို့တွင်းလမ်းများတွင် ယာဉ်အန္တရာယ် လျော့နည်းလာမည့်အပြင် မိတ္ထီလာနှင့်သာစည်မြို့နယ် နှစ်ခုအတွင်းမှ ကျေးရွာပေါင်း ၁၀ ရွာကျော်လည်း ယခင်ကထက် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလာမည်ဖြစ်ကြောင်း သိရသည်။

"မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ပြီးရင် သာစည်မြို့နယ်အတွင်းမှာရှိတဲ့ သပြေဝဈေးကို မြို့ရှောင်လမ်းအနီးကျေးရွာတွေက သီးနှံတွေ သွားရောက်ရောင်းချတဲ့အခါ လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလာမှာဖြစ်ပါတယ်။ မြို့ရှောင်လမ်းတောင်ဘက်အဆုံး မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာအနီးကနေ မြို့ရှောင်လမ်းမြောက်ဘက် သာစည်မြို့နယ် သပြေဝကျေးရွာဈေးအနီးအထိ ၁၄ မိုင် ၄ ဖာလုံခန့် ကွာဝေးပြီး အရင်က ဆိုင်ကယ်နဲ့ သွားမယ်ဆိုတောင် အနည်းဆုံး ၁ နာရီလောက်ကြာတယ်။ အခု မြို့ရှောင်လမ်း ဖောက်လုပ်ဆဲ အနေအထားမှာ အဲဒီခရီးကို မိနစ် ၃၀ ခန့်နဲ့ မောင်းနှင်သွားလာလို့ရနေပြီ။ မြို့ရှောင်လမ်းပြီးသွားရင် မြို့တွင်းလမ်းတွေမှာ ယာဉ်အန္တရာယ်ဖြစ်ပွားမှုလျော့နည်းလာမယ့်အပြင် မိတ္ထီလာနဲ့ သာစည်မြို့နယ်အတွင်းက ကျေးရွာပေါင်း ၁၀ ရွာကျော်လည်း လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလာမှာဖြစ်လို့ လမ်းဖောက်လုပ်နေတာကို အမြန်ဆုံးပြီးစီးစေချင်ပါပြီ" ဟု ပျဉ်သာကျေးရွာအနီးက ဒေသခံတစ်ဦးက ပြောသည်။



မိတ္ထီလာမြို့ရှောင်လမ်းအနီးတွင် မိတ္ထီလာမြို့နယ်အတွင်းမှကန်တောင်၊ မုန်ပင်ဆည်၊ ညောင်မြင့်၊ ခင်လူး၊ မောက်လောက်၊ ရုန်းတော၊ မင်းရွာ၊ ရိုးကန်၊ သာစည်မြို့နယ်အတွင်းမှ ကုန်းတောင်း၊ အပျောက်၊ ကမ္ဘားမြင့်၊ သပြေဝစသည် ကျေးရွာများတည်ရှိသည်။ မိတ္ထီလာမြို့ရှောင်လမ်းကို သော်တာဝင်းကုမ္ပဏီက ၉ မိုင် ၂ ဖာလုံ နိုင်ငံတကာအဆင့်မီ ကွန်ကရစ်လမ်းအဖြစ်ဖောက်လုပ်နေရာ ၇ မိုင်ခန့် ပြီးစီးပြီဖြစ်ကာ ယုဇနကုမ္ပဏီက ၅ မိုင် ၂ ဖာလုံ ကတ္တရာလမ်းအဖြစ် တာဝန်ယူဖောက်လုပ်ရာ ညောင်မြင့်ကျေးရွာအနီး ချောင်းကူးတံတားကြီး တည်ဆောက်နေခြင်းမှလွဲ၍ လမ်းဖောက်လုပ်သည့်လုပ်ငန်းမှာ ပြီးစီးပြီဖြစ်သည်။

**ချမ်းသာ (မိတ္ထီလာ)**

## အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားလေလွင့်မှုမရှိရေး ရှုပ်ထွေးဆားဗစ်ကြိုးများရှင်းလင်းဆောင်ရွက်

**ထန်တလန် ဩဂုတ် ၅**
ထန်တလန်မြို့ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းသည် လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများ၏ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အား လေလွင့်ပျောက်ဆုံးမှုမရှိဘဲ ဓာတ်အား အပြည့်အဝရရှိနိုင်ရေးတို့အတွက် မြို့ပေါ်ရှိ ရှုပ်ထွေးဆားဗစ်ကြိုးများ ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

၂၀၁၅ ခုနှစ် ဇူလိုင်လအတွင်း ဖြစ်ပေါ်ခဲ့သော သဘာဝဘေးကြောင့် ထန်တလန်မြို့က အသုံးပြုသည့် လိုင်ဗားရေအားလျှပ်စစ်စက်ရုံ ပျက်စီးရာ ထန်တလန်မြို့၌ လျှပ်စစ်ဓာတ်အားပျက်တောက်မှု မရှိစေရေးအတွက် ဟားခါးမြို့မှ မဟာဓာတ်အားလိုင်းကို ယခင်ဟားခါးမြို့ မဟာဓာတ်အားလိုင်းမရခင် လိုင်ဗားရေအားလျှပ်စစ်စက်ရုံမှ သွယ်ယူသည့်လမ်းကြောင်းမှတစ်ဆင့် ထန်တလန်မြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးခဲ့ပြီး လျှပ်စစ်ဓာတ်အား ကီလိုဝပ် ၁၈၀ ခန့်သာရရှိရာမှ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၇ ရက်မှစ၍ လိုင်ဗားရေအားလျှပ်စစ်စက်ရုံမှ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိလာကာ လျှပ်စစ်ဓာတ်အားလည်း ကီလိုဝပ် ၂၂၀ ခန့် ပုံမှန်ဝင်ရောက်လာနိုင်ပြီဖြစ်သဖြင့် မီးသုံးသူပြည်သူများ၏ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် ဓာတ်အားလေလွင့်ပျောက်ဆုံးမှုမရှိရေးတို့အတွက် ယခုလိုဆောင်ရွက်ခြင်းဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း တာဝန်ခံ ဦးမောင်လွန်းက ပြောကြားသည်။

၂၀၁၅ ခုနှစ်က ဖြစ်ပေါ်ခဲ့သော သဘာဝဘေးဒဏ်ကြောင့် ချင်းပြည်နယ်တွင်းရှိ အချို့မြို့နယ်များ၌ မြေပြိုခြင်း၊ လမ်းတံတားများပျက်စီးခြင်းနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး တစ်နှစ်ပြည့်သည့် ယနေ့အချိန်ထိ ပျက်စီးသွားသည့် တံတားတချို့ကို ပြန်လည်တည်ဆောက်နိုင်ခြင်းမရှိသေးကြောင်းသိရသည်။

ယင်းဒေသတွင် လျှပ်စစ်ဓာတ်အားသုံးမီးကိုလည်း ယခင်အတိုင်း ပြန်လည်ရရှိနိုင်ခြင်းမရှိသေးသည့် မြို့နယ်များလည်း ရှိနေသေးသည်။

**(မြို့နယ်ပြန်/ဆက်)**

## ကျောင်းသားများအား နိုင်ငံသားစိစစ်ရေးကတ် အခမဲ့ပြုလုပ်ပေး

**ရေဦး ဩဂုတ် ၅**
ရေဦးမြို့နယ်အတွင်းရှိ အခြေခံပညာ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများရှိ အသက် ၁၀ နှစ်ပြည့်ကျောင်းသား၊ ကျောင်းသူများအား သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အခမဲ့ရရှိရေးကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ဇူလိုင်လတတိယပတ်က ရေဦးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးရာသို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်၊ ပညာရေးမှူး ဦးကျော်ရွှေတို့က ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်မင်းဦးက နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြား လာရောက်ပြုလုပ်ပေးမှုကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်က လိုအပ်သည်များကူညီပံ့ပိုးပေးခဲ့သည်။

**သန်းထိုက်(ရေဦး)**



## သလဲဘာ မူးမြစ်ကူးတံတားတည်ဆောက်နေမှုအား ကြည့်ရှုစစ်ဆေး

**ဝက်လက် ဩဂုတ် ၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် မုံရွာခရိုင်အတွင်းရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ကျောက်ကုန်းကျေးရွာနှင့် မုံရွာခရိုင် အရာတော်မြို့နယ် သလဲဘာ ကျေးရွာတို့အား မူးမြစ်ကိုဖြတ်၍ ဆက်သွယ်သော သလဲဘာ မူးမြစ်ကူးတံတား တည်ဆောက်နေမှုအား ရွှေဘိုခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်ထူးနှင့် တာဝန်ရှိသူများက ဩဂုတ် ၃ ရက်တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ သလဲဘာ မူးမြစ်ကူးတံတားကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၅-၁၆ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၆၆၂ ဒသမ ၁၁ သန်း နှင့် ၂၀၁၆-၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၆၆၀ တို့ဖြင့် ရွှေဘိုခရိုင် လမ်းဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည်။

ယင်းတံတားအရှည်မှာ ၅၈၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ပေ ၂၀၊ တစ်ဖက်တစ်ချက် လူသွားလမ်း သုံးပေ၊ ဘိုးပိုင်သံကူကွန်ကရစ်အုတ်မြစ်နှင့် သံကူကွန်ကရစ်ရက်မ၊ ကြမ်းခင်းအမျိုးအစားဖြစ်ပြီး ၂၀၁၆ ဒီဇင်ဘာလတွင်ပြီးစီးမည်ဖြစ်ကြောင်း လမ်းဦးစီးဌာန တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

အဆိုပါတံတားပြီးစီးပါက ဝက်လက်မြို့နယ်နှင့် အရာတော်မြို့နယ် နှစ်ခုအတွင်းမှ ဒေသခံပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဒေသခံများက သုံးသပ်သည်။

**နန်းမြင့်(ဝက်လက်)**

ကြေးမုံ





# မင်းဘူး–မင်းလှကားလမ်းမှ ရေကျော်များ မြစ်ရေတက်၍ ယာဉ်အသွားအလာ ယာယီရပ်ဆိုင်းထားရ

**မင်းဘူး ဩဂုတ် ၅**

မင်းဘူးမြို့နယ် မင်းဘူး-မင်းလှ ဆက်သွယ်သည့်ကားလမ်းပေါ်ရှိ ချောင်းရေကျော်များတွင် ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ယာဉ်များသွားလာမှု ယာယီရပ်ဆိုင်းထားရသည်။

မင်းဘူးမြို့၏ ဧရာဝတီမြစ်ရေသည် ဩဂုတ် ၄ ရက် နံနက် ၆ နာရီတိုင်းထွာချက်အရ ၁၈၂၁ စင်တီမီတာသို့ ရောက်ရှိနေ၍ စိုးရိမ်ရေအမှတ်ထက် ၁၂၁ စင်တီမီတာ ကျော်လျက်ရှိသည်။ မင်းဘူး-မင်းလှကားလမ်းပေါ်ရှိ ဖလံရုံကျေးရွာအနီး မိုင်တိုင်အမှတ် (၄/၅)နှင့်(၄/၆) ကြားရှိ ဖလံရုံချောင်းသည် မြစ်ရေ နှစ်ပေခွဲခန့် မြင့်တက်နေသဖြင့် ခရီးသွားဆိုင်ကယ်များကို ကျေးရွာနေပြည်သူများနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ကူညီထမ်းပိုး၍ ချောင်းတစ်ဖက်သို့ ပို့ဆောင်ပေးလျက်ရှိသည်။

ယင်းလမ်းပေါ်ရှိ ထိန်းတောကျေးရွာနှင့် ပိုက်သင်ကျေးရွာကြား၊ မိုင်တိုင်အမှတ် (၁၂/၃) မိုင်တွင်ရှိသည့် ပိုက်သင်ရေကျော်သည် အကျယ် ပေ ၇၀၀ တွင် ဧရာဝတီမြစ်ရေ ၄ ပေကျော် မြင့်တက်နေသဖြင့် ကားများ ဖြတ်သန်းသွားလာ၍မရဘဲ လူနှင့် ဆိုင်ကယ်များအား စက်လှေများဖြင့် ပို့ဆောင်ပေးနေလျက်ရှိကြောင်း၊ မင်းဘူး-သရက်-ရန်ကုန်သို့ ပြေးဆွဲလျက်ရှိသည့် ကားကြီးများ ယာယီရပ်ဆိုင်းထားရကြောင်းနှင့် မင်းဘူးမြို့ပေါ်ရပ်ကွက်များသို့ ဧရာဝတီမြစ်ရေ နှစ်ပေခန့် ထပ်မံမြင့်တက်လာသဖြင့် မြစ်ကမ်းပါးအနီးမှ ရပ်ကွက်နေပြည်သူများ ရေဘေးကင်းလွတ်ရာသို့ အမြန်ပြောင်းရွှေ့နေထိုင်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး(မင်းဘူး)**

# ညောင်ဦးတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**ညောင်ဦး ဩဂုတ် ၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွက် ညောင်ဦးမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၁၀ နာရီက ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးမြို့နယ်မဲဆန္ဒနယ်မြေ အမှတ် ၁ မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်ခိုင်နှင့် မဲဆန္ဒနယ်မြေ အမှတ် ၂ မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးမြင့်စိန်တို့က အဖွင့်အမှာစကားများ ပြောကြားပြီး ခရိုင်ကျေးလက်ဦးစီးမှူး ဦးကျော်မင်းနောင်က မြစိမ်းရေ ာင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာကိုးရွာမှ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများထံ မြစိမ်းရောင် အရင်းမပျောက်မတည် ရန်ပုံငွေ ကျပ်သိန်း ၃၀၀ အား လွှဲပြောင်းပေးအပ်ခဲ့ကြရာ မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာကိုးရွာမှ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ များကိုယ်စား တောရွာကျေးရွာမှ ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ညောင်ဦးမြို့နယ်အတွင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်အတွက် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ရရှိသည့်ကျေးရွာများမှာ မြေနီအုပ်စု ကွန်းဘိုကန်ကျေးရွာ၊ တောရွာကျေးရွာ၊ သပြေအိုင့်အုပ်စု ကုန်းရှည်ကျေးရွာ၊ လက်ထုပ်အုပ်စု လက်ထုပ်ကွန်းကျေးရွာ၊ တက်မအုပ်စု သပွတ်စုကျေးရွာ၊ ကမ္မားနီအုပ်စု ညောင်ကြီးကျေးရွာ၊ ကန်နီကြီးအုပ်စု ဝက်လူးကျေးရွာ၊ ဇီးဇမျှင်ကျေးရွာနှင့် ဝါခင်းကြီးကျေးရွာတို့ဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**



ချင်းပြည်နယ် မင်းတပ်မြို့ ခရိုင်ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံဝင်းသန့်ရှင်းသပ်ရပ်မှုရှိစေရန် လူနာများ၏ စွန့်ပစ်အမှိုက်များကို မီးဖိုဆောင်ဆောက်လုပ်ကာ စနစ်တကျ မီးရှို့ဖျက်ဆီးခြင်းများ ဆောင်ရွက်နေသည်ကို ဩဂုတ် ၃ ရက်က တွေ့ရစဉ်။ ခရိုင်(ပြန်/ဆက်)

# တောင်တွင်းကြီးဘူတာ၌ မှုခင်းကျဆင်းရေးလုပ်ငန်းများ ဆောင်ရွက်

**တောင်တွင်းကြီး ဩဂုတ် ၅**

ရထားရဲတပ်ဖွဲ့အမှတ်(၁၈)တပ်ခွဲ တပ်စု(၁) တပ်စုမှူး ဒုရဲအုပ်ဇော်လွင်ဦး ဦးစီးသောရဲတပ်ဖွဲ့ဝင်များနှင့် ဘူတာရုံပိုင် ဦးလှရီတို့ပူးပေါင်း၍ ဩဂုတ် ၄ ရက် နံနက် ၉ နာရီခွဲက တောင်တွင်းကြီးဘူတာ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး ရက် ၁၀၀ စီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အနေဖြင့် ရထားပေါ်နှင့် ဘူတာဝင်းအတွင်း တရားမဝင်ပစ္စည်းများ၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် စစ်ဆေးရှာဖွေခြင်း၊ ဘူတာလုံခြုံရေးဆောင်ရွက်ပေးခြင်း၊ ရထားစီးခရီးသည်များ ခိုးမှု၊ လုယက်မှု၊ ခါးပိုက်နှိုက်မှုများ ဖြစ်မှုကျူးလွန်မခံရစေရေးအတွက် ရထားတွဲတစ်လျှောက် လုံခြုံရေးဆောင်ရွက်ပေးခြင်း၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ(၂၀၁၆) ပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေခြင်း၊ ရထားစီးခရီးသည်များ အန္တရာယ်ကင်းရှင်းစေရေး၊ ရထားပြတင်းပေါက်မှ အပြင်သို့ ဦးခေါင်းထုတ်မကြည့်ရန်၊ လက်ဝတ်ရတနာများနှင့် အဖိုးတန်ပစ္စည်းများကို ဂရုစိုက်ရန် သတိပေးမှာကြားခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**၅၈၀**

# ဘောလခဲမြို့ရှိ အောင်မြင်ဖြစ်ထွန်းနေသော မိုးနှမ်းစံပြကွက်အား မြို့နယ်အတွင်းရှိ တောင်သူများလာရောက်လေ့လာ

**ဘောလခဲမြို့ ဩဂုတ် ၅**

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ် မိုင်းထမ်းကျေးရွာ တောင်သူဒေါ်ခင်ညွန့်၏ တောင်ယာစိုက်ကွက်တွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ခရိုင်အတွင်းရှိ ကျေးရွာတောင်သူများက ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

အဆိုပါ စံပြနှမ်းစိုက်ကွက်၏ အောင်မြင်ဖြစ်ထွန်းမှု နည်းစနစ်အဆင့်ဆင့်ကို ဘော်လခဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမာအီးက လာရောက်လေ့လာသူများအား အသေးစိတ်ရှင်းလင်းကာ တောင်သူများ သိရှိလိုသည်များကို ပြန်လည်ပညာပေး ဖြေကြားခဲ့သည်။

ယင်းခရိုင်အတွင်းရှိ တောင်သူများမှာ နှမ်းကိုသာ အဓိကစိုက်ပျိုးပြီး အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်ပြီး ကယားပြည်နယ်၏ အဓိကထွက်ကုန်များတွင် ဘော်လခဲခရိုင်မှ နှမ်းများလည်း ပါဝင်ကြောင်း သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



# ရေးမြို့ရှေးဟောင်းမြကန်သာ ကျုံးတော်ကြီးနှင့် စပါးစိုက်ခင်းထဲသို့ ငါးမျိုးများစိုက်ထည့်

**ရေး ဩဂုတ် ၅**

မွန်ပြည်နယ် ရေးမြို့ ရှေးဟောင်းမြကန်သာ ကျုံးတော်ကြီး၌ ဩဂုတ် ၄ ရက် နံနက် ၈ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေးမြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ သဘာဝရေပြင်အတွင်း ငါးမျိုး စိုက်ထည့်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ငါးမျိုးများမှာ ငါးမြစ်ချင်း ၁၀၀၀၀၊ ရွှေဝါငါးကြင်း ၁၅၀၀၀၊ ငါးခုံးမကြီး ၁၀၀၀၀၊ တီလားပီးယား ၂၀၀၀၀ ကောင် စုစုပေါင်းငါးအကောင်ရေ ၅၅၀၀၀ အား ပြည်နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးသံချောင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်နှင့် ဌာနဆိုင်ရာများ၊ ပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မြင့်၊ မြို့နယ်ငါးလုပ်ငန်း ဦးစီးမှူးနှင့် ဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အ-ထ-က(၃)မှ ကျောင်းသား၊ ကျောင်းသူများက တပျော်တပါး ငါးမျိုး စိုက်ထည့်ကြသည်။

ယင်းနေ့က အဘော်ကျေးရွာ စံပြစပါး စိုက်ခင်းထဲတွင် ငါးခုံးမကြီး ၁၀၀၀၀၊ တီလားပီးယား ၂၀၀၀၀၊ ရွှေဝါငါးကြင်း ၁၀၀၀၀ ကို စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ထွဋ်ထွဋ်(ရေး)**

# လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းဖြင့် ရေအားလျှပ်စစ်ဖွင့်ပွဲပြုလုပ်

**စစ်တွေ ဩဂုတ် ၅**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြု စီမံကိန်းထောက်ပံ့ရန်ပုံငွေနှင့် ကျေးရွာလူထုထည့်ဝင်ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမ်းမြို့နယ် အမ်းတောင်ကျေးရွာအုပ်စု ဆင်ခုံတိုင်ကျေးရွာ အသေးစား ရေအားလျှပ်စစ်လုပ်ငန်းဖွင့်ပွဲကို ဇူလိုင်လ စတုတ္ထပတ်က ကျင်းပခဲ့သည်။

အဆိုပါ ရေအားလျှပ်စစ်မှာ KW 30 ဖြစ်ပြီး အိမ်ခြေ ၈၀ ကိုဓာတ်အားပေးနိုင်မည်ဖြစ်ကြောင်းနှင့် အမ်းမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်းလုပ်ငန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဦးစီးမှူး ဦးညီညီ၏ ပြောပြချက်အရ သိရသည်။

**(အောင်လှဖြူ)**

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး




**နိဒါန်း**

တစ်နှစ်လောက်တော့ ရှိပါပြီ။ စာအုပ်မျက်နှာစာဆိုတဲ့ လူမှုမီဒီယာမှာ မိတ်ဆွေတစ်ယောက် ရေးထားတာလေးကြောင့် သည်အကြောင်းကို ဆွေးနွေးချင်လာခဲ့ရပါတယ်။ သူရေးထားတာလေးကို အရင်ဆုံး ပြန်ကူးပြပါရစေ။

Privacy (ကိုယ်ရေးကိုယ်တာ) ဆိုတဲ့ စကားလုံးရဲ့ အနက်အဓိပ္ပာယ်ကို လူတိုင်း နားလည်ရင် သိပ်ကောင်းမယ်။ ကိုယ်က သူ့ရဲ့ အိမ်ထောင်ဖက်ပဲ ဆိုပြီး အရေးကြီးတာရော၊ အရေးမကြီးတာရော နေရာတကာ အကုန်လိုက်သိချင်တာမျိုး၊ အကုန်လိုက် စပ်စုချင်နေတာမျိုး၊ အကုန်ဝင်ပါနေတာမျိုးကို လုံးဝ မကြိုက်ဘူး။ ပြီးတော့ သူ့စည်း ကိုယ့်စည်း ဆိုတာလည်း ရှိသေးတယ်။ ကိုယ်စည်းမရှိတာ၊ စည်းမစောင့်တာဟာ တခြားသူတွေရဲ့ ကိုယ်ရေးကိုယ်တာကို ထိပါးနေတယ်ဆိုရင် ပိုလို့တောင် သတိထားရဦးမယ်။

သူ့စကားကို အကြောင်းပြုပြီး ရှည်ရှည်လျားလျား ဆွေးနွေးချင်မိပါတယ်။

**ဗမာလူ့ဘောင်နဲ့ သိုသိပ်ခွင့်**

ပြောရရင် သိပ်မကောင်းဘူး။ ကျွန်တော်တို့ ဗမာလူ့ဘောင်က ထွေးရောယှက်တင်နေကြတာ။ မိဘတွေကိုယ်တိုင်က သားသမီးတွေရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ကိုယ့်ကိုယ်ရေးကိုယ်တာကို ကိုယ့်ဘာသာ သိုသိုသိပ်သိပ် ထားပိုင်ခွင့်ကို ဘယ်တုန်းကမှ ခွင့်မပြုခဲ့ကြဘူး။ ကျွန်တော်ဆို အခံရဆုံး။ ကျွန်တော့် နေ့စဉ်မှတ်တမ်းကို အမေက ခိုးဖတ်ပြီး အဖေ့ဆီ အမှုတင်၊ အဖေက အပြစ်ပေးနဲ့ ဆယ်တန်းဖြေခါနီး သုံးလအလိုမှာ အိမ်ပေါ်က ဆင်းခဲ့ရပြီး လမ်းပေါ်ကနေ ဆယ်တန်းဖြေခဲ့ရတဲ့အထိ ဖြစ်ဖူးတယ်။

စောဒက တက်စရာ တစ်ချက် ရှိပါလိမ့်မယ်။ သားသမီးက မူးယစ်ဆေးဝါး သုံးစွဲနေတာ၊ အပျော်အပါး လိုက်စားနေတာ၊ မဟုတ်မဟတ် လုပ်နေတာတွေကို သူ့ကိုယ်ရေးကိုယ်တာဆိုပြီး လွှတ်ပေးထားရမှာလားလို့ စောဒကတက်နိုင်ပါတယ်။ အဲလိုဆိုလိုတာ မဟုတ်ပါဘူး။ အရွယ်မရောက်သေးတဲ့ ဆယ်ကျော်သက်အရွယ် သားသမီး လမ်းမှားပေါ်ရောက်နေ၊ မနေကို စောင့်ကြည့်ရမယ့် တာဝန်က မိဘတိုင်းမှာ ရှိပါတယ်။ သို့သော် အဲသလို စောင့်ကြည့်ရာမှာ သူ့ရဲ့ ကိုယ်ရေးကိုယ်တာအရ သိုသိပ်ခွင့်ကို မကျူးကျော်မိဖို့လည်း ထိန်းသိမ်းရပါလိမ့်မယ်။ ဆိုကြပါစို့၊ သားလုပ်တဲ့သူက မူးယစ်ဆေးသုံးနေတယ်လို့ သံသယဖြစ်မိတယ်ဆိုရင် သားရဲ့ ပစ္စည်းပစ္စယတွေ၊ အခန်းတွေကို ရှာဖွေနိုင်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ နေ့စဉ်မှတ်တမ်းကို ဖတ်ကြည့်တာမျိုးတော့ မလုပ်အပ်ဘူးလို့ ဆိုလိုခြင်းဖြစ်ပါတယ်။

သားသမီးတွေအခန်းပဲ၊ မိဘရဲ့ အိမ်ပဲ ကြိုက်သလို ဝင်ထွက်ခွင့်ရှိတယ်လို့လည်း တွေးလို့မရပါဘူး။ သူတို့အခန်းပေမယ့် အခန်းထဲမှာ သူတို့ ရှိနေရင် မအေမိဘဘက်က တံခါးခေါက်ပြီး သူတို့က ဖွင့်ပေးမှ ဝင်သင့်တာမျိုးပါ။

ဒါပေမယ့် သိတယ် မဟုတ်လား။ မိဘတွေအများစုက လေ့ကျင့်ပျိုးထောင်ပေးထားတော့ အဲသလို သားသမီးကိစ္စ၊ ဇနီးကိစ္စတွေကို ခွင့်မတောင်းဘဲ ကျူးကျော်တာ၊ ကိုယ်ပဲ တရားသလိုလို မှန်သလိုလို အယူအစွဲကြီးက ကျွန်တော်အပါအဝင် ရွှေမြန်မာတွေရဲ့ ကိုယ်တွေထဲမှာ အစဉ်အဆက် ကပ်ပါနေပါတယ်။

လူတစ်ယောက်ရဲ့ ကိုယ်ရေးကိုယ်တာဆိုတာထဲမှာ သူရနေတဲ့ လုပ်ခလစာကအစ ပါဝင်ပါတယ်။ ဒါပေမယ့် ရွှေတွေကတော့ မရဘူးခင်ဗျ။ လခ ဘယ်လောက်ရလဲ၊ လုပ်ခဘယ်လောက်ရလဲဆိုတာ မေးခြင်းဟာ သူတစ်ပါးရဲ့ ကိုယ်ရေးကိုယ်တာကို ဝင်ကျူးကျော်ရာရောက်နေမှန်း တစ်စက်ကလေးမှ မရိပ်မိကြဘဲ အရိုးခံသက်သက်နဲ့ မေးနေတတ်ကြပါတယ်။

**အခြေခံ လူ့အခွင့်အရေးနဲ့ စံနမူနာ**

သို့ပေတည့် ကျွန်တော့်မှာ ကံကောင်းတာ နှစ်ချက်ရှိတယ်။ ပထမဆုံး ကံကောင်းတာက ၁၉၈၀ ပြည့်လွန်နှောင်းပိုင်းကာလတွေမှာ လူ့အခွင့်အရေးဆိုတာကို ကျယ်ကျယ်လောင်လောင် ပြောလာတဲ့ ကာလ။ လွတ်လပ်စွာ ပြောဆိုခွင့်၊ လွတ်လပ်စွာ သက်ဝင်ယုံကြည်ခွင့်များနဲ့အတူ ကပ်ပါနေတာက လွတ်လပ်စွာ သိုသိပ်ခွင့် (Right to Privacy) ပါပဲ။ အဲဒါလည်း လူ့အခွင့်အရေးပဲဆိုတာ "သညာသိ" သိလာခဲ့ပါတယ်။

ဒုတိယ ကံကောင်းသွားတာက အိမ်ထောင်ရေး ကံကောင်းတာပါ။ ကျွန်တော့်အိမ်သူဟာ အဲသလို ခိုးကြည့်ဖို့၊ ကျွန်တော့်ရဲ့ ပုဂ္ဂလိက ဘောင်ကလေးထဲကို ကျူးကျော်လာဖို့ တစ်ခါဆို တစ်ခါမှ စိတ်မကူးခဲ့ဖူးသလို လုပ်လည်း မလုပ်ခဲ့ဖူးပါဘူး။

မှတ်မိပါသေးတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်ကျော်ကပေါ့ဗျာ၊ ကျွန်တော့် ပိုက်ဆံအိတ်ကို အိမ်အလယ်က ဧည့်ခန်းထဲမှာ မေ့ကျန်ရစ်ခဲ့ပါတယ်။ အဲဒီ ပိုက်ဆံအိတ်ထဲမှာ ကျွန်တော်နဲ့ အဲဒီအချိန်ကဇာတ်လမ်းဖြစ်နေတဲ့ တစ်ယောက်က ပေးထားတဲ့ စာရှည်ကြီး ရှိနေတယ်။ ပိုက်ဆံအိတ်မေ့ခဲ့မှန်း၊ ဘယ်နားမှာ ထားမိခဲ့မှန်း ကျွန်တော် သိလိုက်ချိန်မှာ ပျာသွားပါတယ်။ ခေါင်းမီးတောက်သွားတယ်ပေါ့ဗျာ။ လေးနာရီလောက်နေမှ အိမ်ပြန်ရောက်လာတယ်။ ပိုက်ဆံအိတ်က နေရာမပျက်သလို ကျွန်တော့်အိမ်သူကလည်း ဖွင့်ဖတ်ကြည့်မထားဘူး။ ကျွန်တော် ပူလိုက်ရတာပဲ အဖတ်တင်သွားခဲ့ပါတယ်။

ကျွန်တော်သူ့ရဲ့ အမူအကျင့်ကို သိပ်ရိုသေသွားတယ်။ အတုခိုးအပ်တဲ့ အမူအကျင့်၊ ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးအပ်တဲ့အမူအကျင့်လို့ နားလည်သွားပါတယ်။

**စိတ်မချတာ သတ်သတ် တစ်ဖက်သားကို လေးစားတာက သတ်သတ်**

ကျွန်တော်တို့အိမ်ထောင်သက်က (၂၈) နှစ်ကျော်ပါပြီ။ အများသိတော်မူတဲ့အတိုင်း အိမ်ထောင်ရေးမှာ ကျွန်တော့်လောက် အကဲမရတဲ့သူ နည်းနည်းရှားမယ် ထင်ပါတယ်။ တစ်နည်းအားဖြင့် ကျွန်တော့်အိမ်သူအတွက် ကျွန်တော်ဟာ စိတ်ချစရာ တော်တော့်ကို မကောင်းတဲ့သူပါ။ သည်ကြားထဲကပဲ ကနေ့ထက်တိုင် ကျွန်တော့်အိမ်သူရဲ့ ကျွန်တော့် ကိုယ်ရေးကိုယ်တာအပေါ် စောင့်စည်းတဲ့ ကျင့်ဝတ်က ပျက်ယွင်းမသွားခဲ့ပါဘူး။

ကျွန်တော့် ခာတ်ချောစာ၊ စာအုပ်မျက်နှာစာအပါအဝင် တခြားလူမှုမီဒီယာစာရင်းတွေကို ဖွင့်ကြည့်နိုင်တဲ့ ဝှက်စာတွေ သူကျွန်တော့်ဆီက တစ်ခါမှ မတောင်းခဲ့ဘူး။ ကျွန်တော်က ပြောပြလည်း သူမှတ်မထားဘူး။

သူ့ဝှက်စာတွေကို ကျွန်တော်ပဲ တီထွင် စီစဉ်ပေးခဲ့တာဖြစ်သလို သူ့သားတွေ သူ့သမီးတွေကလည်း သူ့မေး(လ်)ကို သုံးပြီး သူ့အတွက် မှာတာကြားတာ၊ ရေးတာ သားတာတွေ တစ်ခါတလေ လုပ်ပေးကြတာမို့ သူ့ဝှက်စာကို သိကြတယ်။ သို့ပင်သို့ငြားလည်း ကျွန်တော်တို့ သားအဖ သုံးယောက်လုံး အဲဒါကို မှတ်မထားကြတာမို့ သူ့အတွက် ဆယ်ခါကူပြီးလုပ်ပေးရင် ဆယ်ခါ သူ့ကို ပြန်မေးရတယ်။ တစ်ခါမှလည်း ခိုးဝင်ကြည့်ဖို့ စိတ်မကူးကြဘူး။

ကျွန်တော်တို့အိမ်မှာဆိုရင် သူနဲ့ ကျွန်တော်နဲ့ရဲ့ စားပွဲတင် ကွန်ပျူတာ နှစ်လုံးက တစ်နေကုန် ဖွင့်ထားတာပါ။ နိုးတာနဲ့ ဖွင့်၊ အိပ်တော့မယ်ဆိုမှ ပိတ်ကြတာပါ။ အဲဒီတော့ မေး(လ်)နဲ့ ဖေ့(စ်)ဘွတ်(ခ်)က တစ်ချိန်လုံး ပွင့်နေပါတယ်။ ဘယ်သူ့ ကွန်ပျူတာကိုမှ ဝင်မကြည့်ကြပါဘူး။

**ဖြောင့်မတ်တာက သတ်သတ် သိုသိပ်အပ်တာက သတ်သတ်**

အများသိတော်မူတဲ့အတိုင်း ကျွန်တော်က ကွယ်ဝှက်တာတွေ၊ ဖုံးဖိတာတွေ၊ ဟန်ဆောင်တာတွေ၊ လိမ်ညာတာတွေကို အလွန်စက်ဆုပ်သူပါ။ ကျွန်တော်ကိုယ်တိုင်မှာကိုက မပြောသင့်တဲ့ စကားမရှိ၊ ကိုယ့်အကြောင်း ကိုယ်ပြောတာတောင်မှ အကုန်လုံး အိပ်သွန်ဖာမှောက် ပြောတတ်တဲ့သူလည်း ဖြစ်ပါတယ်။

အဲဒီလို ပြောတဲ့အတွက် ကျွန်တော့်မှာ ကျွန်တော့်ကိုယ်ရေးကိုယ်တာတွေ မရှိတော့ဘူးတဲ့လား။ သိပ်ရှိတာပေါ့။အထူးသဖြင့် အလုပ်နဲ့ ပတ်သက်လာလို့ စောင့်ထိန်းရတဲ့ ကျင့်ဝတ်များအရ လိုက်နာရတဲ့ လျှို့ဝှက်ချက်တွေ ရှိပါတယ်။ ကျွန်တော်လုပ်နေတဲ့ အလုပ်အရ သိတိုင်း လျှောက်ပြောလို့ မရတာတွေ အနမတဂ္ဂပါ။ အဲဒါတွေကို သိုသိုသိပ်သိပ်ထားရပါတယ်။

ဝေးဝေး မပြောပါနဲ့။ အလွယ်ဆုံး၊ အနီးစပ်ဆုံး ဥပမာတစ်ခုပဲ ပေးပါ့မယ်။ တစ်ရက်က ပွဲတစ်ပွဲမှာ ဝန်ကြီးတစ်ပါးမိန့်ခွန်းချွေတာကို ကျွန်တော် ဘာသာပြန်ပေးရပါတယ်။ ဝန်ကြီးက ပွဲစခါနီး ၁၀ မိနစ် ၁၅ မိနစ်လောက်အလိုမှ ရောက်ချလာပြီး သူပြောမယ့်အချက်တွေ ရေးထားတဲ့ စက္ကူတစ်ထပ်ကို ကျွန်တော့်လက်ထဲ ထည့်ပေးပါတယ်။ ပြီးရင် ပြန်ပေးပါလို့လည်း မှာပါတယ်။

သူ လူသိရှင်ကြား ပြောတဲ့ စကားပါ။ ရုပ်သံတွေ၊ တခြား စာနယ်ဇင်းတွေက သူပြောတာကို အသံဖမ်းသွား၊ ဗီဒီယိုရိုက်သွားကြပါတယ်။ တစ်ပြည်လုံးသာမက တစ်ကမ္ဘာလုံးတောင် သိနိုင်အောင် သူပြောသွားတာပါ။ ဒါပေမယ့် ကျင့်ဝတ်အရ ပွဲပြီးတာနဲ့ သူ့စာရွက်တွေ သူ့လက်ထဲ ကျွန်တော်ကိုယ်တိုင် ပြန်ထည့်ပေးခဲ့ပါတယ်။ သူ့တပည့်တွေက တစ်ဆင့်တောင် ပြန်မပေးခဲ့ပါဘူး။ အဲဒါ ကျွန်တော်တို့ နားလည်ကျင့်သုံးရတဲ့ ကျင့်ဝတ်ပါ။

**အဆိုးရွားဆုံး အတွေ့အကြုံ**

စာအုပ်မျက်နှာစာမှာ ကြုံဖူးတဲ့ ဖြစ်ရပ်တစ်ခုကတော့ အတော်ဆိုးပါတယ်။

ကျွန်တော့်နာမည်ရင်းနဲ့ ဖွင့်ထားတဲ့ စာရင်းမှာက မိတ်ဆွေ သိပ်မများပါဘူး။ ၃၀၀ လောက်လေးပဲ ရှိတာပါ။ လူချင်း မသိသူတွေလည်း လက်မခံတော့ပါဘူး။

အဲဒီ ၃၀၀ လောက်လေးမှာ လူချင်းမသိပေမယ့် စာအုပ်မျက်နှာစာက တစ်ဆင့် ရင်းနှီးနေတဲ့ မိန်းကလေးတစ်ယောက်ရှိပါတယ်။ လူချင်းသာ မသိတာ၊ ဘုံမိတ်ဆွေတွေလည်း ရှိနေတော့ သူက စာရင်းတုဖွင့်ထားသူ မဟုတ်မှန်းလည်း ထင်ရှားပေသပေါ့။

တစ်ရက်မှာ သူက ကျွန်တော့်ဆီကို လာမှတ်ချက်ရေးပါတယ်။ သူ ရေးပုံတွေက သိပ်မဟုတ်လှဘူး။ ကျွန်တော်လည်း ပြန်ပြောနေမိတယ်။ ပြောရင်းနဲ့ကမှ သူ့ပြောပုံဆိုလက်တွေက ပိုပိုပြီး ရိုင်းလာတယ်။ မဟုတ်တော့ဘူး။ နောက်ဆုံးကျမှ သိလိုက်ရတာက အဲဒါသူ့ယောကျ်ားဖြစ်နေတယ်။ သူ့နာမည်သုံးပြီး ခပ်တည်တည် ဝင်ရေးနေတာ။

ကျွန်တော် သိပ်ရွံသွားတယ်။ အဲဒီယောကျ်ားကိုလည်း လူရိုင်းလို့ပဲ သတ်မှတ်လိုက်ပါတော့တယ်။ အဲဒီ ကလေးမကတော့ တောင်းပန်တယ်။ ကျွန်တော် ခွင့်မလွှတ်ပါဘူး။ ဒါပေမယ့် အသာလွှတ်ပေးထားလိုက်တယ်။ (ခုထက်ထိလည်း ကျွန်တော့်မိတ်ဆွေ စာရင်းမှာ ရှိနေပါတယ်။)

မကြာသေးခင် တစ်ရက်က သူ့အလုပ်ကိစ္စနဲ့ ပတ်သက်လို့ မသိတာတွေ သူလှမ်းမေးတယ်။ ကျွန်တော်ကောင်းကောင်းမွန်မွန်ပဲ ဖြေပေးခဲ့တယ်။ ဒါပေမယ့် သူ့ကိစ္စအပြီးမှာ သူ့ယောကျ်ားရဲ့ ကျူးကျော်တတ်တဲ့ ရွေကျင့်ဆိုးကိုပြင်ပြီလားလို့ မေးလိုက်ပါတယ်။ သူ့ဖုန်းကို ဂိမ်းတွေ ကစားရာမှာ သုံးတုန်းပဲလို့ ဖြေပါတယ်။ သိပ်ဆင်းရဲနွမ်းပါးနေလို့ ဖုန်းတစ်လုံး နှစ်ယောက်မျှသုံးနေရတယ်ဆိုရင်တော့လည်း ရှိပါစေ။ ခုဟာက အဲလိုလည်း မဟုတ်တာမို့ အဲဒါကိုပါ ခွင့်မပြုဖို့ ပြောလိုက်ပါတယ်။

သူတို့ဘာသာသူတို့ လင်မယားချင်းမို့ မသိုသိပ်ဘူးဘဲ ထားဦး၊ ကျွန်တော့်ကို သူ့မယားနေရာက ဝင်ပြောတာကျတော့ ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာကိုပါ ထိပါးလာတာ ဖြစ်သွားပြီ။ အဲဒါကြောင့် အဲဒီ့မောင်ကို လူရိုင်းလို့ ကျွန်တော် သတ်မှတ်လိုက်တာပါ။

တစ်ခါက ကျွန်တော်လည်း အလားတူ လုပ်ဖူးပါတယ်။ အဲတုန်းက ကျွန်တော့် ကွန်ပျူတာဖောက်နေတဲ့အချိန်။ ကျွန်တော့် အိမ်သူရဲ့ ကွန်ပျူတာက တစ်ဆင့် မိတ်ဆွေတွေကို စကားပြောတာပါ။ အပျင်းထူပြီး သူ့စာရင်းက ထွက်၊ ကျွန်တော့်စာရင်းထဲက ပြန်ဝင်တာတွေ ဘာတွေ မလုပ်တော့ဘူး။ မိတ်ဆွေတွေကလည်း ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံးနဲ့ ခင်နေသူတွေဆိုတော့ သူ့စာရင်းမှာလည်း ရှိနေတယ်။

စကတည်းက ကျွန်တော် ပြောလိုက်တယ်။ အခုပြောနေတာ ကျွန်တော်ဖြစ်ကြောင်း၊ ကျွန်တော့် ကွန်ပျူတာ ဖောက်နေလို့ ဇနီးသည်ရဲ့ စာရင်းက ဝင်ပြောတာ ဖြစ်ကြောင်း အရင်ဆုံး စပြောလိုက်ပါတယ်။ ပြီးတော့မှ ပြောစရာ ရှိတာ ပြောပါတယ်။

ဒါဟာ ကိုယ်လင်ကိုယ်မယားချင်းရဲ့ လွတ်လပ်ခွင့်က တစ်ဖက်သားရဲ့ ကိုယ်ရေးကိုယ်တာကို ကျူးကျော်ရာမရောက်အောင် ကြိုတင်ကာကွယ်လိုက်တာပါပဲ။

**နိဂုံး**

ကျွန်တော် အဖြေထုတ်မသွားပါဘူး။

ပရိသတ်ကပဲ သိုသိပ်ခွင့်၊ ကိုယ်ရေးကိုယ်တာအချက်အလက်စတာများနဲ့ ပတ်သက်လို့ ကိုယ့်ဘာသာ ဆင်ခြင်တော်မူကြပါ။ တောကျကျ အတွေးနဲ့ လင်မယားချင်းမို့ အကုန်သိသင့်တယ်ဆိုရင်လည်း လူကြီးမင်းရဲ့ သဘောထားပါ။ ကမ္ဘာကြည့် ကြည့်မြင်ပြီး လူကိုလည်း လူအလျောက်၊ ခွေးကိုလည်း ခွေးအလျောက် တလေးတစား ဆက်ဆံချင်တယ်ဆိုလည်း လူကြီးမင်းရဲ့ ရွေးချယ်မှုပါပဲလို့သာ မရဲတရဲနဲ့ ပြောလိုက်ချင်ပါတယ်။ အားလုံးအတွက် တွေးဆဆင်ခြင်ကြည့်စရာ တစ်စုံတစ်ရာ ရသွားတန်ကောင်းရဲ့လို့တော့ မျှော်လင့်မိပါတယ် ခင်ဗျား။ ။

> "လူတစ်ယောက်ရဲ့ကိုယ်ရေးကိုယ်တာဆိုတာထဲမှာ သူရနေတဲ့လုပ်ခလစာကအစ ပါဝင်ပါတယ်။ ဒါပေမယ့် ရွှေတွေကတော့ မရဘူးခင်ဗျ။ လခ ဘယ်လောက်ရလဲ၊ လုပ်ခ ဘယ်လောက်ရလဲဆိုတာ မေးခြင်းဟာ သူတစ်ပါးရဲ့ကိုယ်ရေးကိုယ်တာကို ဝင်ကျူးကျော်ရာ ရောက်နေမှန်း တစ်စက်ကလေးမှ မရိပ်မိကြဘဲ အရိုးခံသက်သက်နဲ့ မေးနေတတ်ကြပါတယ်။"

ကြေးမုံ



## အမျိုးသမီးများစွမ်းရည်မြင့်မားရေး ပံ့ပိုးကူညီမည့် စွမ်းရည်စီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲ သထုံတွင်ပြုလုပ်

**သထုံ ဩဂုတ် ၅**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ အမျိုးသမီးများအား စီးပွားရေးနှင့် ပတ်သက်သည့် ကိုယ်ပိုင်စွမ်းအားများမြင့်မားလာစေရန် ပက်မြန်မာနှင့် ကိုကာကိုလာဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်မည့် စွမ်းရည်စီမံကိန်း မိတ်ဆက်ရှင်းလင်းပွဲကို ဩဂုတ် ၄ ရက် နံနက်က သထုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ဒီစီမံကိန်းက ကျေးလက်ဒေသတွေမှာရှိတဲ့ အမျိုးသမီးတွေကို မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ မြင့်မားဖို့အပြင် ကျေးရွာရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာပါ ပါဝင်နိုင်တဲ့သူတွေဖြစ်ဖို့ ရည်ရွယ်ပါတယ်။ ကျေးရွာတွေမှာ ကိုယ်တိုင်စီမံခန့်ခွဲနိုင်တဲ့ ကျေးရွာဘဏ်တွေကို အမျိုးသမီးတွေဦးဆောင်ပြီး အဖွဲ့အလိုက် ကိုယ့်ငွေကိုယ်စု၊ ရလာတဲ့ငွေအပေါ်မှာ ပြန်လည်ချေးယူပြီး လုပ်ငန်းလုပ်နိုင်မယ့် စုပေါင်းငွေစုငွေချေးတဲ့ စနစ်တစ်ခုပါ။ ဘဏ်တွေကရလာတဲ့ လည်ပတ်ရန်ပုံငွေတွေကနေ စီးပွားရေးလုပ်ငန်းတွေကို ချဲ့ထွင်လာနိုင်ဖို့အတွက် စွမ်းရည်မြှင့်တင်ဖို့ သင်တန်းတွေပေးမယ်။ ကျေးရွာဘဏ်တစ်ခု ဘယ်လိုတည်ထောင်မလဲဆိုတဲ့ နည်းစနစ်တွေပံ့ပိုးပေးမယ်။ အများစုက စီမံကိန်းတစ်ခုဆိုရင် ပစ္စည်းငွေထောက်ပံ့ပေးမယ်ပဲထင်နေကြတာ။ ကျွန်မတို့က ကိုယ်ပိုင်အရည်အချင်းတွေ တိုးတက်လာဖို့ကိုပဲ အဓိကလုပ်ပေးသွားမှာပါ" ဟု ပက်မြန်မာမှ အကြီးတန်းစီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်မော်မော်စိုးကပြောသည်။

စီမံကိန်းမိတ်ဆက်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကား ပြောကြားပြီး ပက်မြန်မာမှ တာဝန်ရှိသူတို့က စီမံကိန်း၏ လုပ်ဆောင်ချက်များနှင့် ဆောင်ရွက်ပြီးစီးခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါစီမံကိန်းကို မြန်မာတစ်နိုင်ငံလုံး၌ တိုင်းဒေသကြီး ၅ ခုနှင့် ပြည်နယ်သုံးခုတို့ရှိ မြို့နယ်ပေါင်း ၈၃ မြို့နယ်မှ ကျေးရွာပေါင်း ၁၁၀၀၀ တွင် လူဦးရေ ၅ သန်းကျော်အား ဆောင်ရွက်ပေးခဲ့ပြီး သထုံမြို့နယ်တွင် ကျေးရွာပေါင်း ၇၀ ကျော်၌ အဖွဲ့ပေါင်း ၉၀၊ အဖွဲ့ဝင်ပေါင်း ၂၂၅၀ တို့ဖြင့် ကျေးရွာဘဏ်စနစ် ထူထောင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**

## နတ်တလင်း–မိုးညိုလမ်း ငါးပြေမရိုးတံတားအနီး တာကျိုးကျ



**မိုးညို ဩဂုတ် ၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ်ရှိ နတ်တလင်း-မိုးညိုကားလမ်းမကြီး၏ ဆင်ဂေါင်းအုပ်စု ရေအိုးစင်ကုန်းရွာနှင့် မယင်းငယ်ရွာကြား မိုင်တိုင်အမှတ် ၅၄/၄ အနီး ငါးပြေမရိုးကွန်ကရစ်တံတားနားတွင် ဩဂုတ် ၄ ရက် နံနက် ၇ နာရီခွဲ၌ ဧရာဝတီမြစ်ရေမြင့်တက်လာပြီး ရေတိုက်စားမှုကြောင့် ၁၅ ပေခန့်အကျယ်ရှိ တာကျိုးသွားကြောင်း သိရသည်။

ဆင်ဂေါင်းရွာမှ ဦးကြည်မြင့်က "တံတားပေါင်နဲ့ တာလမ်းက တစ်ပြေးညီဖြစ်နေတော့ ရေထွက်အားများပြီး မြေသားတာပေါင်ကို တိုက်စားလိုက်တာပါ။ အကယ်၍ တံတားသာ ၃ ပေလောက်မြင့်လိုက်ရင် ရေထွက်အားက တာပေါင်တိုက်စားနှုန်း နည်းသွားမှာဖြစ်တယ်။ ဧရာဝတီမြစ်ရေက အထက်ဘက်ကကျသွားရင် အောက်ဘက်က ဆက်တိုးနေဦးမှာပါ။ နေ့လည်ပိုင်း တာပေါင်ကိုရေတိုက်စားနေတာ ပေ ၃၀ နီးပါးလောက်ဖြစ်နေပါပြီ။ မဖြစ်မနေသွားလာနေရတဲ့ ခရီးသွားပြည်သူတွေလည်း အခက်တွေ့နေပါတယ်။ သွားရေး လာရေးအဆင်ပြေအောင် အမြန်ဆုံးဆောင်ရွက်ပေးစေချင်ပါတယ်။ ဒီလမ်းက မိုးညိုမြို့နယ်နဲ့ နတ်တလင်းမြို့ကိုသွားတဲ့ အချက်အချာကျတဲ့လမ်းဖြစ်နေလို့ပါ"ဟု ပြောပြသည်။ **(ဝ၇၁)**

## မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ရွေးချယ်ပွဲအခမ်းအနား မိုင်းယောင်း၌ပြုလုပ်

**မိုင်းယောင်း ဩဂုတ် ၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီခွဲတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်သစ် ရွေးချယ်ပွဲအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခမ်းလှိုင်က မိမိတို့မိုင်းယောင်းမြို့နယ် စနစ်တကျဖွံ့ဖြိုးသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့သည် အဓိကကျပြီး လွတ်လပ်စွာ ဆန္ဒပြုရွေးချယ်ဆောင်ရွက်ပေးစေလိုကြောင်း အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းက မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့၏ လုပ်ငန်းတာဝန်သည် နူးညံ့သိမ်မွေ့ပြီး ကျယ်ပြန့်သည့်အတွက် စေတနာနှင့်ပေါင်းစပ်ဆောင်ရွက်သွားစေလိုကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသန်းလွင်ဦးက ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ (၅/၂၀၁၃) အား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများမှ ဥက္ကဋ္ဌအဖြစ် ဦးထွန်းညို၊ အဖွဲ့ဝင်များအဖြစ် ဦးစိုင်းဆမ်၊ ဦးစိုင်းခမ်းလူးနှင့် ဦးစိုင်းမားတို့အား ဆန္ဒပြုရွေးချယ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **အားချာ(ပြန်/ဆက်)**

## ကျောက်ဆည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှစားသုံးသူကာကွယ်ပေးရေး ပညာပေး

**ကျောက်ဆည် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း အ.ထ.က(၂) အစည်းအဝေးခန်းမဆောင်၌ ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ကျောက်ဆည်ခရိုင်စားသုံးသူရေးရာဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးပညာပေးပွဲ ကျင်းပခဲ့သည်။

အခမ်းအနားကို ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုခရိုင်ဦးစီးမှူး ဦးမောင်ထူးက ဌာနမျှော်မှန်းချက် (Vision)ဟာ စားသုံးသူများ လုံခြုံစိတ်ချမှုရှိစေရန် အချက်ငါးချက်မှ (၁) စားသုံးသူများလိမ်လည်လှည့်ဖြားမှုမရှိစေရေး၊ (၂) စားသုံးသူအခွင့်အရေးများကို ထိရောက်စွာကာကွယ်ပေးနိုင်သော စနစ်တစ်ရပ်ဖြစ်ပေါ်ရန်၊ (၃) စားသုံးသူအကာကွယ်ပေးရေးလုပ်ငန်း အစီအမံပေါ်ပေါက်လာစေရန်၊ (၄) စီးပွားရေးလုပ်ငန်းရှင်များမှ တာဝန်ရှိယူမှုရှိသော အပြုအမူများ ဖြစ်ပေါ်လာစေရန်၊ (၅) အာမခံချက်ပေးနိုင်သည့် အရည်အသွေးမြင့်မားလာသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ဖြည့်ဆည်းပေးရန်တို့ကို ပြောကြားသည်။

စားသုံးသူဌာနခွဲတာဝန်ခံ ဦးဇော်မင်းလက်က စားသုံးသူများဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘပြည်သူများအား အသိပညာပေးဆွေးနွေးပြီး ကျန်းမာရေးဦးစီးဌာန မြို့နယ်သူနာပြုအဆင့် (၁) ဒေါ်ဟေမာက ကုန်အမှတ်တံဆိပ်ရှိသော အစားအစာများစားသုံးရေး၊ ယင်နားသောအစားအစာများ မစားသုံးရေး စသည်တို့ကိုပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာချိုက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ခင်မောင်လွင်**

## အသက် ၁၀ နှစ်အရွယ် ပျောက်ဆုံးကလေးငယ်အား မိဘထံပြန်လည်အပ်နှံ

**သနပ်ပင် ဩဂုတ် ၅**

သနပ်ပင်မြို့နယ် မင်းရွာကျေးရွာအုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက သနပ်ပင်မြို့နယ်ရဲစခန်းမှူး ဒုရဲမှူးနိုင်ဝင်းထံ ဖုန်းဖြင့်ဆက်သွယ်၍ မင်းရွာ အ.မ.က ကျောင်းမှ မစုယမင်း(ဘ) ဦးခင်ညွန့် အသက် ၁၀ နှစ်အရွယ် စတုတ္ထတန်း မင်းရွာကျေးရွာနေသူ ကျောင်းသူတစ်ဦး မနက် ၈ နာရီခန့်က ကျောင်းတွင် လွယ်အိတ်ထားပြီး ပျောက်ဆုံးနေ၍ ကူညီစုံစမ်းပေးပါရန် အကြောင်းကြားခဲ့သည်။

ယင်းကြောင့် သနပ်ပင်ရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နိုင်လင်း၊ နယ်ထိန်းတပ်ဖွဲ့ဝင်များနှင့် သက်သေဦးဝင်းနိုင်၊ ဦးအောင်မင်းတို့က သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် တံတားဖြူအောက်တွင် လိုက်လံစုံစမ်းနေစဉ် ကော့ပြတ်ရပ်ကွက်နေ မသန်းသန်းမူ (ဘ) ဦးမူကြည်အား ကလေးတစ်ဦးက ဘာမြို့လည်းဟုမေးမြန်းစဉ် ကလေးအားပြန်လည်မေးမြန်းကြည့်ရာ ၎င်းသည် ကျောင်းရှေ့မုန့်ဆိုင်သို့ မုန့်ထွက်ဝယ်စားစဉ် ဆိုင်ကယ်ကြုံဖြင့် ပဲခူးမြို့ရှိ ဦးလေးတော်သူ ဦးခင်မောင်ညွန့်ထံ သွားရောက်လို၍ ဆိုင်ကယ်ဖြင့်လိုက်လာရာ မကြက်စုကျေးရွာအနီးဆင်းပြီး သနပ်ပင်မြို့ဘက်သို့ လမ်းလျှောက်လာခဲ့ကြောင်း သိရှိရ၍ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်နိုင်လင်းနှင့် အဖွဲ့ထံသို့ အကြောင်းကြားရာ တံတားဖြူအနီး ကိုကျော်ဝင်းစိုးအလှပြင်ဆိုင်တွင် ကလေး၏ မိဘများနှင့် ဆက်သွယ်ကာ ပြန်လည်အပ်နှံပေးခဲ့ကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သစ်ဆိမ့်ကုန်းကျေးရွာအုပ်စု မော်သေးရပ်ရှိ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဆွေးမြေ့နေသော သစ်သားတိုင်များအစား ၉ မီတာ ကွန်ကရစ်ကျောက်တိုင်၊ သံလက်တန်းတို့ဖြင့် အစားထိုးလဲလှယ်မှုကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက ကျောင်းကုန်းမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြသည်။ မိုးတွင်းကာလဖြစ်သဖြင့် လေနှင့်မိုး တိုက်ခတ်ရွာသွန်းမှုကြောင့် ခိုင်ခန့်မှုမရှိသော ဆွေးမြေ့သစ်သားတိုင် ၄၅ တိုင်အား အစားထိုးလဲလှယ်ပေးခြင်းဖြစ်ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ-ဝင်းကြိုင်(ပြန်/ဆက်)



## မြစ်သားဈေးအတွင်းရှိ ဈေးဆိုင်ခန်း ၅၀ အားမဲစနစ်ဖြင့် ရောင်းချပေး

**မြစ်သား ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားဈေးအတွင်းရှိ မြေလွတ်နေရာ၌ ဈေးဆိုင်ခန်း ၅၀ အား မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဩဂုတ် ၄ ရက် နံနက် ၉ နာရီတွင် မြစ်သားဈေးမမှာရုံ၌ မဲစနစ်ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြစ်သားဈေးအတွင်းရှိ မြေလွတ်နေရာ၌ ဆိုင်ခန်း ၁၂ ခန်းတွဲပါ ဈေးရုံတစ်ရုံ၊ ၁၀ ခန်းတွဲပါ နှစ်ရုံ၊ ၁၄ ခန်းတွဲပါ တစ်ရုံနှင့် ၄ ခန်းတွဲပါ တစ်ရုံ ဆောက်လုပ်ရောင်းချမည်ဖြစ်ရာ ၂၃၁ ဦး လျှောက်ထားခဲ့ပြီး ၅၀ ဦးအား မဲစနစ်ဖြင့်ရွေးချယ်ရောင်းချပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ အတည်ပြုချက်အရ မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ဈေးဆိုင်ခန်း ၅၀ ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရေးအတွက် ကြီးကြပ်မှုကော်မတီ၊ လုပ်ငန်းပြီးစီးမှု စစ်ဆေးရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးကော်မတီနှင့် ဆိုင်ခန်းရောင်းချရေး၊ နေရာချထားရေး ကော်မတီတို့ဖြင့် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာတွင် နွားများ ခွာနာ၊ လျှာနာရောဂါဖြစ်ပွားနေ၍ ဆေးဝါးများ အချိန်မီလာရောက်ကုသပေးရန် ဒေသခံများမျှော်လင့်

**ငါ့သရောက် ဩဂုတ် ၅**

ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာတွင် ဩဂုတ် ၁ ရက်ကစတင်ပြီး ဒေသခံပြည်သူများ မွေးမြူထားရှိသည့် နွားများတွင် ခွာနာ၊ လျှာနာရောဂါများ ဖြစ်ပွားနေကြောင်း သိရသည်။

ထိုသို့ နွားများတွင် ခွာနာ၊ လျှာနာရောဂါများဖြစ်ပွားနေ၍ ယခုအခါ ဒေသခံပြည်သူများအနေဖြင့် စိုက်ပျိုးရာသီကာလ တောင်သူလုပ်ငန်းခွင်များ ဝင်ရောက်လုပ်ကိုင်ရန် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။ သို့ဖြစ်၍ ဖြူကြီးကျေးရွာမှ ဒေသခံတောင်သူများက ယခုလို စိုက်ပျိုးရာသီအချိန်တောင်သူလုပ်ငန်းခွင်များ မပျက်လုပ်ကိုင်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့မွေးမြူထားသည့် ခိုင်းနွားများခံစားနေရသည့် ခွာနာ၊ လျှာနာ ရောဂါများအား အမြန်ပျောက်ကင်းနိုင်ရေးအတွက် သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများ၏ ဆေးဝါးကုသပေးမှုကို မျှော်လင့်လျက်ရှိနေကြောင်း ငါ့သရောက်မြို့နယ် ဖြူကြီးကျေးရွာမှ ဒေသခံ တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ရွာမှာ ဒီလ တစ်ရက်နေ့ကစပြီး နွားတွေမှာ ခွာနာ၊ လျှာနာ ရောဂါတွေ ဖြစ်ပွားလာခဲ့ပါတယ်။ ဒါ့အပြင် နွားတွေတင်မကပဲ ဝက်တွေလည်း အလားတူ အနာရောဂါတွေ ဖြစ်ပွားနေပါတယ်ဗျာ။ ကျွန်တော်တို့ တောင်သူတွေအတွက် တစ်ခုဆိုးတာက အခုလို စိုက်ပျိုးရာသီကာလတွေမှာ ကျွန်တော်တို့ စိုက်ပျိုးရေးလုပ်ငန်းသုံးအတွက် မွေးမြူထားတဲ့ ခိုင်းနွားတွေမှာ ခွာနာ၊ လျှာနာ ရောဂါတွေဝင်ရောက်လာတော့ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ဖို့အတွက် ကျွန်တော်တို့တောင်သူတွေ အခက်အခဲတွေဖြစ်သွားခဲ့ပါတယ်။ နွားတွေမှာ ခွာနာ၊ လျှာနာ ရောဂါခံစားနေရတော့ ကျွန်တော်တို့တောင်သူတွေလည်း စိုက်ပျိုးရေးလုပ်ငန်းအတွက်အသုံးပြုဖို့ မခိုင်းရက်တော့ပါဘူး။

'ဒါ့အပြင် ကွန်တော်တို့ရွာက တောင်သူတွေကလည်း တစ်ဦးနှင့်တစ်ဦး မိမိတို့မွေးမြူထားတဲ့ နွားတွေကို ခွာနာ၊ လျှာနာရောဂါတွေ ကူးစက်ပျံ့ပွားမှာကို စိုးရိမ်နေကြပါတယ်။ အခုအချိန်က မိုးဦးမိုးနဲ့ ကျဲထားတဲ့ နှမ်းစိုက်ခင်းတွေ ရိတ်သိမ်းနေရတဲ့အချိန်ဖြစ်လို့ တောင်သူတွေက မိမိတို့နွားတွေကို ခွာနာ၊ လျှာနာရောဂါ ကူးစက်သွားခဲ့ရင် တောင်သူလုပ်ငန်းအတွက် အခက်အခဲဖြစ်မှာမို့ မကူးစက်စေချင်ကြပါဘူး။ အခု ခွာနာ၊ လျှာနာ ရောဂါ ဖြစ်ပွားနေတဲ့ အိမ်တွေမှာလည်း တောင်သူလုပ်ငန်းခွင်တွေ လုပ်ကိုင်ဖို့ အခက်အခဲတွေ ဖြစ်နေကြပါတယ်။

'ဒါ့ကြောင့် ကျွန်တော်တို့ ဖြူကြီးရွာက တောင်သူတွေမွေးမြူထားတဲ့ နွားတွေ တစ်ကောင်နှင့် တစ်ကောင် ခွာနာ၊ လျှာနာ ရောဂါ မကူးစက်အောင် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများအနေနဲ့ ဆေးဝါးများနဲ့ အချိန်မီ ဆေးကုသပေးစေချင်ပါတယ်။

'စိုက်ပျိုးရာသီကာလဖြစ်လို့ တာဝန်ရှိသူတွေအနေနဲ့ အချိန်မီ လာရောက်ဆေးကုသဖို့အတွက်လည်း ကျွန်တော်တို့ ရွာက တောင်သူတွေ မျှော်လင့်နေကြပါတယ်"ဟု ဖြူကြီးကျေးရွာမှ ဒေသခံတောင်သူ တစ်ဦးကပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# တိုးချဲ့မွေးမြူရေးအစီအစဉ်ဖြင့် ဒေသခံများသို့ ချိတ်နီ ဆိတ်မျိုးများ အခမဲ့ပေးအပ်

**မယ်စဲ့ ဩဂုတ် ၅**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်ဖြင့် ပြည်နယ်ဦးစီးမှူး ဒေါက်တာသန်းအေးနှင့် မြို့နယ်ဦးစီးမှူး ဒေါက်တာနေလင်းအောင်တို့ ဦးဆောင်သောအဖွဲ့သည် ဩဂုတ် ၃ ရက် မွန်းတည့် ၁၂ နာရီက မယ်စဲ့မြို့နယ်အတွင်းရှိ ဟိုဂျစ်၊ လမ်းဆုံ၊ လယ်တောကျေးရွာများသို့သွားရောက်၍ ဒေသခံပြည်သူများ လက်ဝယ်အရောက် ချိတ်နီဆိတ်မျိုး အကောင်ရေ ၂၀၀ အား ကယားပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆိတ်များတိုးပွားလာစေရန်ရည်ရွယ်၍ ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ချိတ်နီမျိုးဆိတ်များ ပေးအပ်ရာတွင် ဟိုဂျစ်ကျေးရွာအား ဆိတ်ကောင်ရေ ၁၀၀၊ လမ်းဆုံကျေးရွာအား အကောင် ၄၀၊ လယ်တောကျေးရွာအား အကောင် ၆၀ ကို တစ်ဦးလျှင် ၁၀ ကောင်နှုန်းဖြင့် ပေးအပ်ခဲ့ပြီး ကာလအားဖြင့် တစ်နှစ်ကြာလျှင် တိုးပွားလာသော ဆိတ်များအား ဒေသခံပြည်သူများထံသို့ လက်ဆင့်ကမ်း ဆက်လက်ပေးအပ်သွားမည်ဟု သိရသည်။

**ကိုစိုင်း (လွိုင်ကော်)**



# မြစိမ်းရောင်စီမံကိန်းကျေးရွာများအား ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**ပေါင် ဩဂုတ် ၅**

မွန်ပြည်နယ် သထုံခရိုင် ပေါင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း စတင်လည်ပတ်မည့် ကျေးရွာများသို့ ရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေး ဦးမောင်မောင်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က ပေါင်မြို့နယ်အနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာနှစ်ရွာဖြင့် စတင်အကောင်အထည်ဖော်ခဲ့ရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် စုစုပေါင်း ကျေးရွာကိုးရွာ ရှိပြီဖြစ်ကြောင်း စီမံကိန်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် ထပ်မံတိုးလာသည့် ကျောက်စရစ် ကျေးရွာ၊ ဒေးကင်းကျေးရွာနှင့် သပြေကုန်းကျေးရွာတို့ အတွက် တာဝန်ရှိသူများက ရန်ပုံငွေကျပ် သိန်း ၃၀၀ စီပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် ပြန်/ဆက်)**



# စပါးမျိုးသန့်၊ မျိုးပွား၊ မျိုးစေ့များထုတ်လုပ်နိုင်ရေးအတွက် (RS to CS)နည်းစနစ်ဖြင့် စိုက်ပျိုး

**နေပြည်တော် ဩဂုတ် ၅**

နေပြည်တော် ပျဉ်းမနားမြို့နယ်၌ စပါးမျိုးသန့်၊ မျိုးပွားမျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ပြူတွင်းကျေးရွာအုပ်စု ပြူတွင်းကျေးရွာတွင် (RS to CS) မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ထုတ်နည်းစနစ်ဖြင့် စပါးများ စိုက်ပျိုးနေသည့် တောင်သူဦးနီ၏ စိုက်ခင်းအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးလှိုင်ဝဏ္ဏနှင့် ဝန်ထမ်းများသည် စပါးစိုက်ပျိုးရာတွင် စိုက်စနစ်မှန်ကန်စေရန်၊ တန်းကြား ပင်ကြားမှန်ကန်စေရန်၊ လက်ဆမှန်ကန်မှုရှိစေရန်နှင့် ကောက်ပင်အတိမ်အနက် မှန်ကန်စေရန်အတွက် ဩဂုတ် ၃ ရက် နံနက် ၇ နာရီတွင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ (RS to CS) မျိုးသန့်၊ မျိုးပွား၊ မျိုးစေ့ထုတ်နည်းစနစ်ဖြင့် စပါးများ စိုက်ပျိုးရခြင်းမှာ စပါးစိုက်တောင်သူလယ်သမားများအနေဖြင့် မျိုးသန့်၊ မျိုးပွားမျိုးစေ့များ မှန်ကန်စွာ စိုက်ပျိုးကာ ထွက်ရှိသောစပါးများ အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်းများ တိုးစေရန်နှင့် မြို့နယ်အတွင်း မျိုးသန့်စိုက်ဧရိယာများ တိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် ပျဉ်းမနားမြို့နယ် မျိုးသန့်၊ မျိုးပွားမျိုးစေ့ထုတ် အသင်းကိုဖွဲ့စည်းကာ ဆင်းသုခ၊ မနောသုခ စသည့် စပါးမျိုးများကို ပျဉ်းမနားမြို့နယ်အတွင်း၌ ၇၅ ဧက စိုက်ပျိုးလျက်ရှိကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်အရ သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာစေရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ခရမ်း ဩဂုတ် ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်အတွင်း ပြည်သူများ အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ အသိပညာပေးခြင်းများကို ဩဂုတ်လပထမပတ်အတွင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရမ်းမြို့နယ်အတွင်းရှိ ဆိုင်ကယ်စီးနင်းသူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိလိုက်နာစေရန် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယာဉ်တိုက်မှုများ၌ ဆိုင်ကယ်စီးဦးထုပ်များ မဆောင်းသောကြောင့် မဖြစ်သင့်သည်များဖြစ်ကာ အသက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ နှစ်ယောက်ထက် ပိုမစီးရန်၊ ယာဉ်လမ်းကြောင်း မှန်ကန်အောင်စီးနင်းရန်၊ အရှိန်ဖြင့် မောင်းနှင်ခြင်းမပြုရန်၊ ကျော်မတက်ရန်စသည့် စည်းကမ်းချက်များကို ယာဉ်စီးသူ ယာဉ်မောင်းနှင်သူများလိုက်နာကြရန် ဟောပြောပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ယာဉ်ထိန်းတပ်စုမှ ရဲအုပ်ကပြောသည်။

ခရမ်းမြို့နယ်အတွင်း ဆိုင်ကယ်စီးနင်းမောင်းနှင်မှု များပြားလျက်ရှိပြီး ဩဂုတ် ၄ ရက် နံနက်က ခရမ်းမြို့ လူစည်ကားရာ ယာဉ်ကြောရှုပ်ထွေးတတ်သည့် မြို့မဈေးကြီးရှေ့တွင် ယာဉ်ထိန်းတပ်ဖွဲ့စု (၅၆)မှ ရဲအုပ်သန်းထွန်း ဦးဆောင်သောတပ်ဖွဲ့ဝင်များက ဆိုင်ကယ်မောင်းနှင်သူများအား အသိပညာပေး ဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ကိုမင်း (ခရမ်း)**

# မြစ်သားမြို့စည်ပင်သာယာရေးကော်မတီ ရွေးချယ်ဖွဲ့စည်းရေးအတွက် လူမှုရေး၊ စီးပွားရေးနှင့် ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ရွေးချယ်

**မြစ်သား ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် စည်ပင်သာယာရေးကော်မတီ ရွေးချယ်ဖွဲ့စည်းရေးအတွက် လူမှုရေး၊ စီးပွားရေးနှင့် ပညာအခြေပြုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ရွေးချယ်ပွဲကို ဩဂုတ် ၃ရက် နံနက် ၉ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရွေးချယ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးနိုင် ခေါင်းဆောင်သော ရွေးချယ်ရေးအဖွဲ့က လူမှုရေး၊ သို့မဟုတ် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စက်မှုလုပ်ငန်း စသည့် နယ်ပယ်အသီးသီးတို့မှ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီပြီး ဂုဏ်သိက္ခာရှိသော ပုဂ္ဂိုလ် ငါးဦးကို ၎င်းတို့၏ ဆန္ဒရယူလျက် လျှို့ဝှက်မဲစနစ်ဖြင့် ရွေးချယ်ပေးခဲ့သည်။

မြို့နယ်စည်ပင်သာယာရေးကော်မတီရွေးချယ် ဖွဲ့စည်းရာတွင် မြို့မိမြို့ဖ ၁၅ ဦးမှ နှစ်ဦး၊ လူမှုရေး၊ စီးပွားရေးနှင့် ပညာအခြေပြု အဖွဲ့အစည်းများ ငါးဦးမှ နှစ်ဦးတို့ကို ဩဂုတ် ၅ ရက်၌ ထပ်ဆင့်ရွေးချယ်ပြီး ဌာနဆိုင်ရာ အဖွဲ့အစည်းမှ သုံးဦးနှင့် စုစုပေါင်း ခုနစ်ဦးဖြင့် ဖွဲ့စည်းမည်ဖြစ်သည်။

**ရဲဝင်းထွန်း(မြစ်သား)**



စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ရေကျဆင်းသွားပြီးနောက် ရေနစ်မြုပ်သွားခဲ့ရသည့် မြို့မဈေးကြီးအမြန်ဆုံး ဖွင့်လှစ်နိုင်ရန်နှင့် ပြည်သူများ အသုံးပြုသွားလာနေရသည့် မင်္ဂလာလမ်းမကြီး သန့်ရှင်းသပ်ရပ်စေရန် ဩဂုတ်လ ၄ ရက်၊ နံနက်ပိုင်းတွင် မော်လိုက်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းမင်းသိန်း၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- မော်လိုက်သားလေး

# စကားပြောသော ကိန်းဂဏန်းများဖြင့် အောင်မြင်သောအနာဂတ် ပန်းတိုင်ဆီသို့ ခေါ်ဆောင်သွားမည့် မြန်မာ့စာရင်းအင်း



àမယု(စက်မှု)

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြသပေးသည့် စာရင်းအချက်အလက် ကိန်းဂဏန်းများ မှန်ကန်တိကျရေးသည် အရေးပါသကဲ့သို့ အဆိုပါ စာရင်းအချက်အလက်များ ရရှိရန်အတွက် အချိန်နှင့် တစ်ပြေးညီ စနစ်တကျကောက်ယူစုစည်း၍ မြန်မြန်ဆန်ဆန် ထုတ်ပြန်နိုင်ရေးသည်လည်း အလွန်အရေးပါသည့် စာရင်းကဏ္ဍ၏ လုပ်ငန်းပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးမှုအဆင့်ကို ၎င်းနိုင်ငံ၏ ကိန်းဂဏန်းများကပင် ပြောပြနိုင်ပေးလိမ့်မည်။ ထို့ကြောင့် မှန်ကန်တိကျသော ကိန်းဂဏန်းများရရှိရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် စာရင်းအင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်တင်ပြရာတွင် ဖွံ့ဖြိုးတိုးတက်လာသည့် ခေတ်နှင့်အညီ နိုင်ငံတကာ အဆင့်မီသည့် စာအုပ်များ၊ စာစောင်များအဖြစ် ထုတ်ပြန်ဖော်ပြနိုင်ရန်အတွက် ပြည်ပမှ စာရင်းအင်း အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများထံမှ နည်းပညာ အထောက်အပံ့များ၏ ကူညီပံ့ပိုးမှုဖြင့် ထုတ်ပြန်ဖော်ပြလျက်ရှိပါသည်။ ထို့အပြင် အင်တာနက်မှတစ်ဆင့် Electronic Document များအဖြစ် ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။

နိုင်ငံတော်၏ စာရင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် စာရင်းအင်းအချက်အလက်များ တိကျမြန်ဆန်စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် https://www.csostat.gov.mm စာရင်းအင်းဝန်ဆောင်မှု Website သာမက ၂၀၁၅ခုနှစ် အောက်တိုဘာ ၂၀ ရက်နေ့တွင် ကျင်းပခဲ့သည့် 'ကမ္ဘာ့စာရင်းအင်းနေ့' အခမ်းအနားတွင် နည်းပညာအသစ်များဖြင့် မြန်မာ့စာရင်းအင်း အချက်အလက်များ ဝန်ဆောင်မှုစနစ် ဖြစ်သည့် http://www.mmsis.gov.mm MMSIS Website ကို ကိုရီးယားနိုင်ငံတွင် လက်ရှိအသုံးပြုနေသည့် KOSIS Website တွင် ဝန်ဆောင်မှုပေးသည့်အတိုင်း သတင်းအချက်အလက်များကို တစ်နေရာတည်းမှ ရရှိနိုင်သည့် One Stop Service taeဖြင့် ဝန်ဆောင်မှုပေးကာ နိုင်ငံတကာ စာရင်းအင်း အဖွဲ့အစည်းများနှင့်တန်းတူ မြန်မာ့ စာရင်းအင်းကဏ္ဍ၏ မျက်နှာစာသစ်ကို ဖွင့်လှစ်နိုင်ခဲ့ရုံသာမက ကောက်ယူစုစည်းတွက်ချက်ထားသည့် စာရင်းအင်း အချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်တင်ပြပေးလျက် ရှိပါသည်။

နိုင်ငံတော်၏ တိုးတက်ပြောင်းလဲမှု အခြေအနေကို ပြည်သူလူထုနှင့် တိုင်းပြည်၏ အုပ်ချုပ်မှု အလွှာအသီးသီးမှ ပုဂ္ဂိုလ်များ၊ ဆုံးဖြတ်ချက်ချမှတ်သူများ၊ နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည် စီမံကိန်းရေးဆွဲသူများ၊ တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို လေ့လာစောင့်ကြည့်နေသော ပြည်တွင်း၊ ပြည်ပမှ သုတေသနပညာရှင်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေးသည် အလွန်အရေးကြီးပါသည်။ စာရင်းအင်းပညာရှင်များအတွက်လည်း လိုအပ်သော စာရင်းအင်းအချက်အလက်များ မြန်မြန်ဆန်ဆန်ရရှိရေးနှင့် တွက်ချက်ထုတ်ပြန်နိုင်ရေးသည် အချိန်နှင့်အမျှ အရေးပါသည်။

သို့ဖြစ်ပါ၍ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ၂၀၁၅ခုနှစ် နှစ်ပတ်လည်စာရင်းစာစောင် 'Myanmar Statistical Year Book 2015' အား နိုင်ငံတကာတွင် ထုတ်ပြန်လျက်ရှိသည့် စာရင်းအင်းစာစောင်များနည်းတူ အခန်းပေါင်း ၁၇ ခန်း၊ ဇယားပေါင်း ၂၇၅ ခုဖြင့် နိုင်ငံတကာအဆင့်မီ ခေတ်မီဒီဇိုင်းအသစ်ဖြင့် စာအုပ်သာမက 'Myanmar Data on CD-Rom 2015' အဖြစ် ထုတ်ပြန်ပြီ ဖြစ်ကြောင်း ၂၀၁၆ခုနှစ် ဖေဖော်ဝါရီ ၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာနှင့် New Light of Myanmar သတင်းစာများတွင် ကြော်ငြာထည့်သွင်းဖော်ပြခဲ့ပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ဝေခဲ့သည့် စာစောင်များကို ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်) နေပြည်တော်၊ ရန်ကုန်တိုင်း ဗဟိုစာရင်းအင်းအဖွဲ့ရုံးနှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ရုံသာမက http://www.mmsis.gov.mm နှင့် https://www.csostat.gov.mm များတွင်လည်း ကြော်ငြာထားပါသည်။

ထို့အပြင် ထုတ်ပြန်ခဲ့သည့် နှစ်ပတ်လည် စာရင်းစာစောင်များဖြစ်သည့် ၂၀၁၀ခုနှစ် နှစ်ပတ်လည်စာရင်းစာစောင် 'Myanmar Statistical Year Book 2010' နှင့် ၂၀၁၁ ခုနှစ် နှစ်ပတ်လည်စာရင်းစာစောင် 'Myanmar Statistical Year Book 2011' ကို ဗဟိုစာရင်းအင်းအဖွဲ့မှ လွှင့်တင်ထားသည့် http://www.mmsis.gov.mm တွင် ဝင်ရောက်ဖတ်ရှုနိုင်ရန် ထုတ်ပြန်ဖော်ပြထားပါသည်။ ၂၀၁၆ ခုနှစ် နှစ်ပတ်လည်စာရင်းစာစောင် 'Myanmar Statistical Year Book 2016' ကို ပိုမိုအရည်သွေးကောင်းမွန်စွာ ထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မကြာမီ ထုတ်ပြန်နိုင်တော့မည် ဖြစ်ပါသည်။

Myanmar Statistical Year Book 2015 တွင် အခန်းပေါင်း ၁၇ ခန်းပါရှိပြီး အခန်း(၁) Climate, Territory, Population၊ အခန်း(၂) Health and Social Welfare၊ အခန်း(၃)Vital Statistics၊ အခန်း(၄)ustice and Security၊ အခန်း(၅) Education၊ အခန်း(၆) Households and Social Issues၊ အခန်း(၇) Labour and Employment၊ အခန်း(၈) National Accounts၊ အခန်း(၉) Agriculture၊ အခန်း(၁၀) Forestry၊ အခန်း(၁၁) Industry and Construction၊ အခန်း(၁၂)Tourism ၊ အခန်း(၁၃) Coastal Trade၊ အခန်း(၁၄) Foreign Trade and Internationalization၊ အခန်း(၁၅) Transport and Communication ၊ အခန်း(၁၆) Prices၊ အခန်း(၁၇) Public Finance တို့ကို ဇယားပေါင်း ၂၇၅ ခုဖြင့် ပြည့်စုံစွာ ဖော်ပြထားပါသည်။

အခန်း(၁၅) Transport and Communication တွင် ၁၉၉၅-၉၆ ခုနှစ်မှ ၂၀၁၄-၁၅ ခုနှစ်အထိ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအခန်းကဏ္ဍ၏ တိုးတက်လာမှု အခြေအနေများကို ဇယားများ၊ Graphs များဖြင့် ဖေါ်ပြထားပါသည်။ ဇယားများအနေဖြင့် Volume of Passengers carried and Freight Traffic by Types of Transport, Volume of Passengers carried by Types of Transport, Commodities Transported by Railways, Merchant Shipping Foreign Trade အစရှိသည်တို့ကို အခန်းများအလိုက် ပြည့်စုံစွာ ဖော်ပြထားပါသည်။

လစဉ် စီးပွားရေးအညွှန်းကိန်း စာစောင်များ အနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလ Selected Monthly Economic Indicator (SMEI) ကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ ထွက်ရှိပြီးသည့် ၂၀၁၃ ခုနှစ် မတ်လ မှစ၍ ၂၀၁၅ခုနှစ် ဒီဇင်ဘာလထိ လစဉ်စီးပွားရေးအညွှန်းကိန်း စာစောင်များ၏ ကိန်းဂဏန်း အချက်အလက်များ MMSIS Website တွင်ဝင်ရောက်ကြည့်ရှု၍ Download file များရယူနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

လစဉ် စီးပွားရေး အညွှန်းကိန်းစာစောင်များကိုလည်း ယခုအခါ လစဉ် တစ်လချင်းစီ ထုတ်ပြန်ခဲ့သည့်အပြင် သုံးလစာ စုပေါင်း၍ Quarterly အနေဖြင့်လည်း ထုတ်ပြန်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ဝန်ကြီးဌာန ကိုယ်စားပြု၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်၍ သုံးလ တစ်ကြိမ် ထုတ်ဝေဖြန့်ချိသည့် စီမံ/ဖွံ့ဖြိုးဂျာနယ်ကိုလည်း စတင်ထုတ်ဝေသည့် ၂၀၁၃ခုနှစ် (ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ) အတွက် စာအုပ်မှ ၂၀၁၅ ခုနှစ် (ဧပြီလ၊ မေလ၊ ဇွန်လ) အတွက် စာအုပ်များအထိ လေ့လာကြည့်ရှုနိုင်ရန်နှင့် MMSIS Website တွင် Download များ ရယူနိုင်ရန် တင်ပြထားပါသည်။ ၂၀၁၆ ခုနှစ် (ဧပြီလ၊ မေလ၊ ဇွန်လ) စီမံ/ဖွံ့ဖြိုးဂျာနယ် ထွက်ရှိပြီး ဖြန့်ဝေရောင်းချနေပြီဖြစ်ပါသည်။ ဂျာနယ်တွင် စီမံကိန်းနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ဆောင်းပါးများ၊ စာရင်းအင်းဆိုင်ရာ ဆောင်းပါးများ၊ လုပ်ငန်းခွင်ဗဟုသုတဆောင်းပါးများ၊ အခြား သုတရသဆောင်းပါးများဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ၁၉၅၂ ခုနှစ် ဗဟိုစာရင်းစစ်တမ်းကောက်ယူရေး အာဏာပိုင်အက်ဥပဒေအား ကျင့်သုံးခဲ့ရာ ယင်းအက်ဥပဒေသည် ခေတ်စနစ်နှင့် လိုက်လျောညီထွေမှု မရှိတော့ပါသဖြင့် စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ စာရင်းအင်း ဥပဒေအသစ် ပြင်ဆင်ရေးဆွဲတင်ပြထားပြီးဖြစ်ပါသည်။ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် နိုင်ငံတော်၏ စာရင်းအင်းကဏ္ဍကို တာဝန်ယူဆောင်ရွက်နေသည့် အဖွဲ့အစည်းဖြစ်သည့်အလျောက် ထောင်စုနှစ်ဖွံ့ဖြိုးမှုပန်းတိုင်များ (MDGs) ပြီးဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်နေသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs)အား အမြင့်ဆုံးအတိုင်းအတာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ၂၀၃၀ ပြည့်နှစ် အရောက်တွင် ကမ္ဘာလောကကြီးအား ပိုမိုကောင်းမွန်သော နေရာတစ်ခု ဖြစ်လာအောင် ဖန်တီးရေးအတွက် ချမှတ်ထားသော ပန်းတိုင် ၁၇ ခု၊ ရည်မှန်းချက် ၁၆၉ ခုနှင့် အညွှန်းကိန်းပေါင်း ၂၅၀ ကျော်အား တင်ပြနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ SDGs သည် နိုင်ငံအဆင့်မဟာဗျူဟာသာမက ကမ္ဘာလုံးဆိုင်ရာ မဟာဗျူဟာအဖြစ် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အတွက် အာဆီယံအသိုက်အဝန်းဆိုင်ရာ စာရင်းအင်းစနစ် (ASEAN Community Statistical System- ACSS) ကိုလည်း လုပ်ဆောင်နေပြီး စာရင်းအင်း စီမံကိန်း ၂၀၁၆-၂၀၂၅ ဖြစ်သည့် ၁၀ နှစ် တာ ကာလ မဟာဗျူဟာစီမံကိန်းအဖြစ် အမျိုးသားအဆင့် စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှုမဟာဗျူဟာ (National Strategy for the Development of Statistics -NSDS) ကိုလည်း လုပ်ဆောင်လျက်ရှိပါသည်။

အရည်အသွေးပြည့်ဝသော စာရင်းအင်းကိန်းဂဏန်းအချက်အလက်များသည် လူမှုအသိုင်းအဝန်းရှိ ဆုံးဖြတ်ချက် ချမှတ်သူများအတွက် အလွန်လိုအပ်ပါသည်။ နိုင်ငံတော်၏ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းအင်း အချက်အလက်များ တိကျမှန်ကန်၍ ယုံကြည်စိတ်ချရမှုသာလျှင် အနာဂတ် စီမံချက်များ၊ သဘာဝရင်းမြစ်များ မှန်ကန်စွာဖြန့်ဝေ သုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ချက်များ အစရှိသည့် လုပ်ငန်းစဉ်များ အချိန်မီ ဆောင်ရွက်နိုင်ပြီး ဖွံ့ဖြိုးမှုပန်းတိုင်သို့ အောင်အောင်မြင်မြင် ရောက်ရှိနိုင်မည်ဖြစ်ကာ မြန်မာပြည်သူများအတွက် ပိုမိုကောင်းမွန်သော လူနေမှုဘဝရရှိနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် နိုင်ငံတော်၏ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Co-ordinator အဖြစ် ဘက်ပေါင်းစုံမှ တာဝန်ယူဆောင်ရွက်ကာ စကားပြောသော ကိန်းဂဏန်းများ၊ မှန်ကန်သော စီမံချက်ဖြင့် အောင်မြင်သော အနာဂတ် ပန်းတိုင်ဆီသို့ ခေါ်ဆောင်သွားမည့် မြန်မာ့ စာရင်းအင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ စုစည်းထုတ်ပြန်နိုင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပံ့ပိုးကူညီလျက်ရှိကြောင်း တင်ပြအပ်ပါသည်။



MYANMAR HOTELIER ASSOCIATION
MHA
YANGON ZONE

Main sponsored by
RICH INN
hospitality group Co., Ltd
"LET US HELP GROW YOUR BUSINESS"

# မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်)
# နှစ်ပတ်လည်ညစာစားပွဲသို့တက်ရောက်ပါရန် ဖိတ်ကြားခြင်း

မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) မှ နှစ်ပတ်လည်ညစာစားပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရန်ကုန်ဇုန်အနေဖြင့် ဟိုတယ်လုပ်ငန်းရှင်များအချင်းချင်း ချစ်ခင်ရင်းနှီးစွာ လုပ်ငန်းများ ချိတ်ဆက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်ပါသည်။ အဆိုပါနှစ်ပတ်လည် ညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရန်ကုန်ဇုန်၏ အသင်းဝင်ဟိုတယ်ဖြစ်စေ၊ အသင်းမဝင်ရသေးသော ဟိုတယ်များဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

Gold sponsored by
FIRST NATIONAL INSURANCE
HANVICO

ကျင်းပမည့်နေ့ရက် • ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၁၉) ရက်
ကျင်းပမည့်အချိန် • ညနေ (၄:၀၀) နာရီ မှ (၆:၀၀) နာရီအထိ (Networking & Display Time)
• ည (၆:၀၀) နာရီ မှ (၉:၀၀) နာရီအထိ (Entertainment & Dinner Time)
ကျင်းပမည့်နေရာ • NOVOTEL HOTEL YANGON MAX

( ကံစမ်းမဲအစီအစဉ်များပါဝင်သည့်အတွက် ကံစမ်းမဲကူပွန်နှင့်တကွ ကြွရောက်ပေးပါရန် လေးစားစွာ အသိပေးအပ်ပါသည်။ )

ခေါင်းကိုက်ခြင်း၊ ကိုယ်ပူဖျားနာခြင်း၊ နှာစေးခြင်းတို့အတွက် ..
NEO MIXAGRIP
မစ်ဆာဂရစ် နဲ့ ကွက်တိဘဲ
MIXAGRIP Myanmar
ဆေးဝါးမှတ်ပုံတင်အမှတ် - R2001AA1988





NEO MIXAGRIP
လျှင်မြန်ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။
KALBE

STRONG SOURCE
CONSTRUCTION CO.,LTD.

MOONSOON SPECIAL
"HOUSING, LIVING & LIFESTYLE EXPO EXHIBITION"
တပ်မတော်ခန်းမ (4~7 August 2016)

ရရှိနိုင်မည့်အခွင့်အရေး . . .

- ကွန်ဒိုတစ်ခန်းအား (၁၀)နှစ် အရစ်ကျဖြင့် ဝယ်ယူခွင့်ရရှိမည်
- တိုက်ခန်းတစ်ခန်းအား လစဉ်(၁၆)သိန်း အရစ်ကျဖြင့် ဝယ်ယူခွင့်ရရှိမည်
- ၅၀% ပေးသွင်းပြီး နေထိုင်ခွင့်ရရှိမည်

STRONG SOURCE PTE.LTD(Singapore)
STRONG SOURCE CONSTRUCTION CO.,LTD.
Hotel SS Hotels & Resorts
SSCL
Holiday Inn & Suites
DO GO MO Mobile
sm@rt talk
BLACK CANYON COFFEE
GIONEE
CANTON PARADISE

အမှတ်(၂/အေ)၊ စီးပွားရေးအဆောက်အအုံ၊ မင်းရဲကျော်စွာလမ်းနှင့်ပြည်လမ်းထောင့်၊ ၁၂-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ (စိန်ဂွမ်း - KBZ BANK ဘေး)
ဆက်သွယ်ရန်ဖုန်း - ၀၉ - ၂၆၃၆၅၆၆၇၇၊ ၀၉ - ၂၆၃၆၅၆၆၈၈၊ ၀၉ - ၂၆၃၆၅၆၆၉၉၊ ၀၉ - ၄၂၀၀၁၂၃၃၊ ၀၉ - ၄၂၀၀၂၂၅၅
E-mail : constructionunit@strongsourcegroup.com Website : www.strongsourcegroup.com
Facebook : www.facebook.com/strongsourceconstruction

# မွေးနေ့မင်္ဂလာဆုတောင်းလွှာ
# ဦးကျော်ဝင်း

✤ ရိုးကျင့်မှန်စွာ စေတနာနှင့် သဒ္ဓါဖြိုးမောက် နိဗ္ဗာန်ရောက်မည့် စိတ်ထားဖြူစင် မွေးနေ့ရှင်သည် ယနေ့စတည်နှစ်ရာချီ၍ သက်ရှည်ကျန်းမာ မင်္ဂလာနှင့် ပြည့်စုံစေကြောင်း ဤဆုတောင်းကို ပို့အပ်ပါသည် တပည့်များ၏ စိတ်တိုင်းတွင်

✤ ဆွေမျိုးပမာ မြတ်မေတ္တာဖြင့် တပည့်များအား စောင့်ရှောက်ကူညီ တတ်လည်းသင်သည့် ပဲ့ပြင်ဆရာ ဦးဆောင်စွာဖြင့် ကမ်းလက်တွဲညီ အားမာန်ချီကာ စည်းစိမ်ဖြိုးမောက် ကြံတိုင်းအောင်၍ ဆောင်တိုင်း မြောက်ရပါစေချင်၊

✤ ကျန်းမာချမ်းသာ ဝမ်းသာစွာဖြင့် ဘဝတွဲဖော် လက်တွဲခါကာ ချစ်သားချစ်သမီး အိုအောင်မှီး၍ ဆွေမျိုးစုံစွာ သာသနာနှင့် ဘာသာအကျိုး ရွက်သယ်ပိုးကာ ကောင်းကျိုးကိုယ်၌ တည်ပါစေကြောင်း တောင်းဆုခြွေလွှာ ပို့အပ်ပါသည်။

**ချစ်တပည့်များ**

**တိုက်ခန်းရောင်းမည်**

သဃ်န်းကျွန်းသွားဆေးတက္ကသိုလ်အနီး၊မေတ္တာလမ်းမပေါ်ရှိ တိုက်ခန်းရောင်းမည်၊တိုက်ခန်းအကျယ်(၁၈ပေ-၅၅ပေ)၊ (၅)လွှာ၃၂၅သိန်း၊(၆)လွှာ၂၉၅သိန်း၊(B.C.C ရှိပြီး) ဖုန်း-၀၉၇၉၅၇၀၄၇၆၊၀၉၇၃၁၃၉၇၂၇၅

**ဖခင်အမည်မှန်**

ဖျာပုံခရိုင်၊ အမာမြို့နယ်ခွဲ၊ အမြတ်ကျေးရွာ၊ ရွှေထီး အထက၊ ပဥ္စမတန်းမှ မောင်ချစ်နိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးကိုကိုဝင်း [၁၄/ဖပန(နိုင်)၀၃၈၀၇၂]ဖြစ်ပါသည်။ **ဦးကိုကိုဝင်း**

မိတ်ဟောင်းမိတ်သစ်များကို ဖိတ်ခေါ်ပါသည်။

**ပန်း ထိုး ဝက်**

နှင့် အပ်ချုပ်စက်အမျိုးမျိုးရောင်းသည်။

**ဦးသန်းအောင်**

Ph: 563033, 0973191322

**အာရှနဂါး**

**Asia Dragon ကျိုက်ထီးရိုး**

**ချောင်းသာ/ငွေဆောင်**

Ph: 01 707062, 09 799100100
01 703790, 09 797100100

**ဖခင်အမည်မှန်**

အင်းစိန်မြို့နယ်၊ အထက(၂)၊ အဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မဆုဝတီထွန်းနှင့် အမက(၁၂)စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မဖူးမြတ်နေခြည်တို့၏ ဖခင်အမည်မှန်မှာ ဦးလှသိန်း[၁၂/အစန(နိုင်)၂၀၄၀၇၆]ဖြစ်ပါကြောင်း။

**ဦးလှသိန်း**
**[၁၂/အစန(နိုင်)၂၀၄၀၇၆]**

**မြေကွက်များ ရောင်းရန်ရှိသည်**

ပေ(၄၀×၆၀)၊
၆၅သိန်း-သိန်း-၇၀
ပဲခူး- ရန်ကုန်လမ်းမဘေး၊
လှည်းကူးမြို့။
**ဖုန်း-** ၀၉-၇၉၉၉၄၀၇၀၁၊
၀၉-၇၉၉၉၄၀၇၀၂

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ The Global New Light of Myanmar သတင်းစာတိုက်မှ ထွက်ရှိသော ဘေးထွက်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစနစ်တို့၏ အသေးစိတ်အချက်အလက်များကို (၈-၈-၂၀၁၆)ရက်မှ (၁၀-၈-၂၀၁၆) ရက်အထိ နေ့စဉ် (၉း၃၀)နာရီမှ (၁၆း၀၀)နာရီအတွင်း အောက်ပါလိပ်စာတွင်လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၁၁-၈-၂၀၁၆)ရက် (၁၂း၀၀)နာရီ မတိုင်မီအတွင်း The Global New Light of Myanmar သတင်းစာတိုက်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ပါရန် ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ယင်းနေ့ ညနေ (၁၄း၀၀) နာရီအချိန်၌ တင်ဒါပေးသွင်းသူများရှေ့တွင် တင်ဒါကိုဖွင့်ပါမည်။

၄။ အဆိုပါဘေးထွက်ပစ္စည်း အမျိုးအမည်၊ အရေအတွက်နှင့် ပစ္စည်းမျက်မြင်အနေအထားကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက The Global New Light of Myanmar သတင်းစာတိုက်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၁-၈၆၀၄၅၃၂ တို့ထံသို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရေးအဖွဲ့**
**The Global New Light of Myanmar သတင်းစာတိုက်**
**အမှတ်(၁၅၀)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**

## တင်ဒါခေါ်ယူခြင်း

မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိသော မာရီစတုပ် အင်တာနေရှင်နယ် (မြန်မာ)လူမှုရေးအဖွဲ့ (International Non-Government Organization)မှ အောက်ဖော်ပြပါ လုပ်ငန်းများအတွက် တင်ဒါခေါ်ယူလိုပါသည်။

**လုပ်ငန်းအမျိုးအမည်**

၁။ စိတ်ချ ဆေးကတ်ဗူး(ကြီး) ပုံနှိပ်ခြင်းနှင့်ဒါးဘောင်ချိုးခြင်း (အရေအတွက် ၅၀၀၀၀)
၂။ စိတ်ချ ဆေးကတ်ဗူး(သေး) ပုံနှိပ်ခြင်းနှင့်ဒါးဘောင်ချိုးခြင်း (အရေအတွက် ၁၀၀၀၀၀၀)
၃။ ဆေးသောက်ရန် သတိပေးကပ်ခွာ (sticker) ပုံနှိပ်ခြင်း (အရေအတွက် ၁၀၀၀၀၀၀)
၄။ ဆေးသောက်အညွှန်းစာရွက်ပုံနှိပ်ခြင်း (အရေအတွက် ၁၀၀၀၀၀၀)

တင်ဒါပိတ်မည့်ရက် ၁၉-၈-၂၀၁၆ (ညနေ ၄ နာရီ)

တင်ဒါပုံစံနှင့် တင်ဒါတင်ရန်အတွက် လိုအပ်သောအချက်အလက်များကို ဤကြော်ငြာပါသည့်နေ့မှစ၍ အောက်ပါလိပ်စာအတိုင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဦးရဲအောင်ခိုင်၊ ဦးဝင်းနိုင်ဇော်**
**အမှတ်(၅၂၄/၁၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၅၄၄၄၂၃၊ ၇၀၅၆၅၇**




ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့










သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး

# ပေါ်ပြူလာစတား Travel & Services

## ဗုဒ္ဓဂယာခရီးစဉ်

သံဝေဇနီယ(၄)ဌာန၊ အဝိဇဟိတ(၄)ဌာန၊
နယူးဒေလီ၊ တာ့ဂျ်မဟာ
၁၄ည/၁၅ရက် – ၁၀သိန်း၅သောင်းကျပ်

| | |
|---|---|
| အောက်တိုဘာ | - ၆၊ ၂၁ |
| နိုဝင်ဘာ | - ၄၊ ၁၈ |
| ဒီဇင်ဘာ | - ၂ |
| ဇန်နဝါရီ | - ၁၈ |
| ဖေဖော်ဝါရီ | - ၁၊ ၁၅ |
| မတ် | - ၁၊ ၁၅၊ ၂၉ |

လေယာဉ်လက်မှတ်၊ ဗီဇာသေချာမှု
ရှိစေရန်စရံငွေ(၂)သိန်းဖြင့်(၂)လ
ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

နေရာစုံသို့ မချွင်းမချန် ပို့ဆောင်ပေးခြင်း။ ညမောင်းခရီးစဉ် လုံးဝ မပါရှိခြင်း။ 3 Stars အဆင့်ရှိ ဟိုတယ်တွင် (၂) ညအိပ်တည်းခိုခြင်း။
၁၀နှစ်သက်တမ်းရှိ ဝါရင့်ဂိုက်၏ ဦးဆောင်မှု။ ဆရာဝန် ၊သူနာပြု ကျန်းမာရေး ဝန်ဆောင်မှု။ နယ်မှဘုရားဖူးများအတွက် တည်းခိုစရာ နှင့် ကြိုပို့စီစဉ်ပေးခြင်း။

ရန်ကုန်ရုံးချုပ်– အမှတ်(၇၄)၊ ပထမထပ်၊ နံ့သာလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်။ Ph: 01 2301866, 09-5129134, 09-799676523

---

**DADDY (ဒယ်ဒီ)**
Travels & Tours
မြဝတီ-မဲဆောက်-ဘားအံ
2 ညအိပ်/ 3 ရက်
August 19,Sep 2 ထွက်မည်
ဝရိုက်ငြိမ်း - 100,000
09-448001903

---

**GOLDEN STAR** ခရီးသွားလုပ်ငန်း
- တောင်ကြီး–မန္တလေး–ပြင်ဦးလွင် Aug-12
- ပုဂံ(ရွှေစည်းခုံ)–ပုပ္ပါး–ပခုက္ကူ Aug-12

ကျိုက်ထီးရိုး/ရှောင်းသာ/ငွေဆောင်
Ph: 209200, 544383, 430480, 09-5081580

---

**"ရွှေစည်"**
အိမ်ပြောင်း၊ အိမ်ရွှေ့နှင့်
ကုန်စည်ဝန်ဆောင်မှု
လုပ်သားပါ ညှိနှိုင်းဈေးဖြင့်
ဝန်ဆောင်မှုပေးသည်။
09-73122029, 09-8615420

---

ကုသိုလ်လည်းရ စမ်းလည်းစမည့် ဒီကန့်မြန်မာ တပိုင်တနိုင်
ကျန်းမာရေးပရဟိတအစီအစဉ် မှ သင့်အားဖိတ်ခေါ်အပ်ပါသည်

- ဒီကန့်မြန်မာကုမ္ပဏီသည် လွန်ခဲ့သော၁၀နှစ်ကျော်ကတည်းက ကိုရီးယားနိုင်ငံတွင် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများထုတ်လုပ်ခဲ့ပြီး နိုင်ငံတကာသို့ဖြန့်ချိနေသော ကုမ္ပဏီဖြစ်ပါသည်။
- နိုင်ငံတကာမှဝင်ငွေများဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပရဟိတလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်မှာ ယခုနှစ်ဆိုလျှင် မြန်မာနိုင်ငံတွင်(၅)နှစ်ပြည့်မြောက်ခဲ့ပါသည်။
- ယခု ဒီကန့်မြန်မာကုမ္ပဏီမှပြုလုပ်မည့် "ဒီကန့်မြန်မာ တပိုင်တနိုင် ကျန်းမာရေး ပရဟိတအစီအစဉ်" တွင် ပါဝင်နိုင်ရန် သင့်အားဖိတ်ခေါ်အပ်ပါသည်။
- ယခုအစီအစဉ်မှာ ဒီကန့်မြန်မာမှတင်သွင်းသော ကျန်းမာရေးအထောက်အကူပြု စက်များ (တန်ဖိုး–သိန်း၃၀ခန့်) ရင်းနှီးမြှုပ်နှံပြီး လစဉ် ဝင်ငွေအသားတင် ၂၅၀၀၀၀–ကျပ် ဝင်ငွေရရှိမည့် "ကိုယ်တိုင်လည်း ကျန်းမာ၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ" အစီအစဉ်ဖြစ်ပါသည်။
- အစီအစဉ် အသေးစိတ်ကို စိတ်ဝင်စားပါက "ဒီကန့်မြန်မာ တပိုင်တနိုင်ပရဟိတ ဖွံ့ဖြိုးရေး အစီအစဉ်" သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။
- မြို့နယ်နှင့်လူဦးရေအကန့်အသတ်ရှိပါသဖြင့် အမြန်ဆုံးဆက်သွယ်မေးမြန်းလိုက်ပါ။

ဆက်သွယ်ရန်လိပ်စာ – အမှတ်(၄၂)၊ ဦးရွှေဥန်းလမ်း၊ ရွှေဘုန်းပွင့်ဘုရားရှေ့၊ ပုဇွန်တောင်မြို့နယ်။
VIGEN MYANMAR Ph - 01397848, 09421115696, 09798293050

---

**အရောင်းဆိုင်တာဝန်ခံ(မ)**
**တစ်ဦးအလိုရှိသည်**
- အသက် ၂၅ နှစ် မှ ၃၅နှစ် အတွင်း
- ဘွဲ့ ရရှိပြီးသူ ဖြစ်ရမည်။
- နံနက် ၁၀နာရီ မှ ညဂနာရီ ထိ လုပ်ရမည်။

Ph; 09 - 450044535၊
09 - 250147867

---

**တရုတ်**
စကားပြောရုံပဲဆိုရင် Sayar.Yang
(တရုတ်)စာမတတ်လည်းပြောလို့ရတယ်။

**ENGLISH** Conversation Practice
ပြောလိုပြီးပြောမတတ်သူ
ပြောတတ်ပြီးပြောမထွက်သူအတွက်
စကားပြောလေ့ကျင့်သင်တန်း

Great Wall စကားပြော ၊ စကားပြန်
TAMWE - 540714, 09 5183636
09 49 285182

---

**FORWARD CAR RENTAL**
ခရီးစဉ်အမျိုးမျိုးနှင့် မြို့တွင်းမြို့ပြင်
လချုပ်/နှစ်ချုပ် ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်နိုင်ပါသည်။
Ph: 09 5089800
09 252522200

---

ODYSSEY
ပြည်တွင်း၊ ပြည်ပလေယာဉ်လက်မှတ်
အိမ်အရောက်ပို့ဝန်ဆောင်မှု
01-246334,246339,240545
အရောင်းအဲ့ဂျင်ယ်စားလှယ်ယူနိုင်သည်

---




---

**မင်္ဂလာပါ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

---

**ပြည်ဖြိုး (Pyi Phyo)**
အခြေခံ ယာဉ်မောင်း စက်ပြင်သင်တန်း
လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနားလည်ပြီး
တကယ်ကားမောင်းတတ်ချင်ရင်
"ပြည်ဖြိုးယာဉ်မောင်း" သင်တန်းသို့ ကြွရောက်ခဲ့ပါ။
လိုင်စင်ရရှိရေးကို အထူးကူညီဆောင်ရွက်ပေးပါသည်။
No. 59၊ ဗိုးမသလမ်း၊ မုန့်/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
သင်တန်းခွဲ–အမှတ်–၁၊ (၅)လမ်းနှင့် (၆)လမ်းကြား၊ လေးဆောင့်ကန်ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။
Ph : 09-43157170, 09-254923256,
09-43155793, 09-785183035, 09-43192144


---

**ရွှေမန်းတောင်** အမှတ်တံဆိပ်
**အစာကြေဆေးပြား**
TMR000063(0715)

**ရွှေမန်းတောင်** အမှတ်တံဆိပ်
**သွေးတိုးကျဆေးပြား**
TMR012467(1116)
ဖြန့်ချိရေး – အမှတ်(၁၀၂)၊ (၃၈)လမ်းအောက်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁ – ၃၇၆၈၀၈၊ ၅၄၉ ၀၄၂၊ ၅၉၀၀၃၄။

---


ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
**MECHANICAL CAR PARKING**










TPW
No. (31), Room (5), 7 Miles,
Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။




ဦးသာရင် ၏ သွက်ချာပါဒ လေငန်းဆေးပြား
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆထလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။
Certificate TH06/3966.01




ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၃)လမ်း၊ (၆)လမ်း၊ (၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း-၀၉-၅၄၁၁၀၀၁၁၊ ၀၉-၇၇၀၉၅၆၇၇၊ ၀၉-၅၀၀၂၉၃၀

ရောင်းမည်/ငှားမည်
KTV နှင့် တည်းခိုခန်း
တွဲလျက်၊ ရောင်းမည်/ငှားမည်
ဖုန်း-၀၉ ၇၉၄၇၄၇၀၇၉

သတိုးအောင်ဧရာ DESKTOP & LAPTOP
Celeron, အမျိုးအစားစက်များကို ကျပ်( 80000 )ဖြင့်ရောင်းချပေးရာမှ Celeron Cpu,ထက်များစွာအဆင့်မြင့်မားသော
( Core 2Duo )စက်များကို ကျပ်( 90000 ) အထူးပရိုမိုးရှင်းဖြင့်ထက်မံရောင်းချပေးမည်ဖြစ်ပါသည်။
Laptop တစ်လုံးလျှင် (90,000 Ks) ဖြင့်ရောင်းချပေးနေပါသည်။
ယနေ့ (2.8.16) မှ (7.8.16) အထိ အထူးအစီအစဉ်
မှာကြိုး နေ့ ကျပ်(၁၀၀၀၀/-) ပေးခြင်းဖြင့် BOOKING လုပ်နိုင်ပါသည်။
(၅)လုံးအထက်ဝယ်ယူသူများကို /လက်ကား ဈေးဖြင့်ရောင်းချပေးပါမည်။
(1 Year) (Parts & Services)
အမှတ်(၁၁၆)၊ ဆိပ်ကမ်းသာလမ်း(မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား)၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၀၁-၂၅၀၈၈၄၊ ၀၉-၅၄၇၅၅၀၉
အမှတ်(၆၆/၆၈)၊ တိုက်(A)၊ အခန်း(D)၊ စံရိပ်မြိမ် အင်းစိန်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၄၃၀၈၅၁၁၁၊ ၀၉-၄၃၀၂၃၉၃၉
အမှတ်(ပ-၅၃)၊ ပွဲရုံအထွက်လမ်း၊ ဇေယျာဝတီဘက်လမ်း၊ မြို့မဈေး၊ နေပြည်တော်မြို့။ ဖုန်း ၀၉-၄၂၀၁၈၇၀၃၄၊ ၀၉-၈၇၇၂၂၁၃၃၂



# ဂုဏ်ယူဝမ်းမြောက်ခြင်း

**TD သိဒ္ဓိဝင် မိန်ရွှေရတနာဆိုင်** မှ (၃၁-၇-၂၀၁၆) (တနင်္ဂနွေနေ့) တွင်

ကျင်းပခဲ့သော ပထမအကြိမ်မြောက်ကံစမ်းမဲအစီအစဉ်တွင် ပေါ်ထွက်လာသည့်

ကံထူးရှင်များအား **သိဒ္ဓိဝင်** မိသားစုမှ အထူးပင် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း






## (၁) အထူးဆု Honda Fit ကားကံထူးရှင်

အမည် - ဒေါ်ခင်ပပထွန်း

မှတ်ပုံတင်အမှတ် - ၁၀/ပမန (နိုင်) ဝ၆၄၃၆၅

နေရပ်လိပ်စာ - အမှတ် (၁၀၉/၁)၊ မြင်သာ(၉)လမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

## (၂) တစ်ကျပ်သားရွှေလက်ကောက်ကံထူးရှင်

အမည် - မတင်ရီလေး (ခ) မပိုးပိုး

မှတ်ပုံတင်အမှတ် - ၇/တငန (နိုင်) ၂၂၂၂၆၄

နေရပ်လိပ်စာ - ဝေဇယန္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ်။

## (၃) တစ်ကျပ်သား ရွှေဆွဲကြိုးကံထူးရှင်

အမည် - ဒေါ်ခင်စန္ဒာထွန်း

မှတ်ပုံတင်အမှတ် - ၁၂/မဂဒ (နိုင်) ၁၃၈၂၀၇

နေရပ်လိပ်စာ - အမှတ် (၁၃၀၄)၊ ဓမ္မာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။








## (၅) ငါးမူးသား ရွှေလော့ကတ်သီးကံထူးရှင်

အမည် - ဒေါ်ရင်သန်း

မှတ်ပုံတင်အမှတ် - ၇/ အဖန (နိုင်) ၀၀၄၉၉၉

နေရပ်လိပ်စာ - ကျက်ဆူတောရွာ၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်း။

## (၄) ငါးမူးသား ရွှေလက်စွပ်ကံထူးရှင်

အမည် - မသဲစုနိုင်

မှတ်ပုံတင်အမှတ် - ၁၂/ ဥကမ (နိုင်) ၁၈၇၁၀၀

နေရပ်လိပ်စာ - အမှတ် (၉၈၃)၊ ကျော်သူ (၂၃)လမ်း၊ တောင်ဥက္ကလာပမြို့နယ်။

## (၆) လေးပဲသား ရွှေဆွဲကြိုး ကံထူးရှင်

အမည် - ကိုအောင်ကိုစိုး

မှတ်ပုံတင်အမှတ် - ၁၃/ လရန (နိုင်) ၁၀၅၆၈၄

နေရပ်လိပ်စာ - ရန်ကင်းမြို့နယ်။



## (၇) လေးပဲသား ရွှေလက်ကောက် ကံထူးရှင်

အမည် - မနီနီစိုး

မှတ်ပုံတင်အမှတ် - ၁၀/ မလမ (နိုင်) ၁၈၅၀၇၂

နေရပ်လိပ်စာ - အမှတ် (၂၁၅)၊ ပထမထပ်၊ အနော်ရထာလမ်းမ၊ ပန်းဘဲတန်းမြို့နယ်။



# သဘာဝဘေးအန္တရာယ်မှာ ရှောင်လွှဲ၍မရသော်လည်း ထိခိုက်ဆုံးရှုံးမှုနှင့် ပျက်စီးဆုံးရှုံးမှုလျော့ပါးအောင် ဆောင်ရွက် သဘာဝဘေးစီမံခန့်ခွဲသူတိုင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥပဒေ၊ နည်းဥပဒေများကို အခြေပြုလုပ်ကိုင်

**နေပြည်တော် ဩဂုတ် ၅**

သဘာဝဘေးရင်ဆိုင်တုံ့ပြန်ရေး၊ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် ပြည်သူများကိုယ်တိုင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်စေရေးအတွက် ပြည်သူကို စည်းရုံးလှုံ့ဆော်နိုင်ရမည်ဖြစ်ပြီး ရပ်ရွာလူထုအခြေပြု သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ (Community Based Disaster Management)ကိုမိမိတို့အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၈ နာရီခွဲတွင်ကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (၁/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ဒုတိယသမ္မတက ယနေ့အချိန်အခါတွင် ရာသီဥတုပြောင်းလဲမှုနှင့် ကမ္ဘာကြီးပူနွေးမှုကြောင့် သဘာဝဘေးအန္တရာယ်များလည်း ကြုံတွေ့နေကြရပြီဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်မှာ ရှောင်လွှဲ၍မရသော်လည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင်နှင့် ပျက်စီးဆုံးရှုံးမှု လျော့ပါးသက်သာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝကြောင့် ဖြစ်ပေါ်လာသည့်ဘေးအန္တရာယ်များနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ(၁/၂၀၁၆) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)



ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ပါလှဲ့ကျေးရွာတွင် ရေဘေးကြိုတင်ကာကွယ်ရေးအတွက် တပ်မတော်သားများနှင့် ပြည်သူများက ရေဘေးကာကွယ်ရေးပစ္စည်းများ ကြိုတင်စုဆောင်းနေစဉ်။

## ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ညောင်တုန်းမြို့နယ်ရှိ ကမ်းရင်းတာကျိုးပေါက်

ညောင်တုန်း ဩဂုတ် ၅

**ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအုပ်စု ထုံးဝကျေးရွာတွင် ဧရာဝတီမြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှုကြောင့် မူလကမ်းရင်းတာသည် ဩဂုတ် ၄ ရက် ညနေပိုင်းတွင် ကျိုးပေါက်သွားခဲ့ကြောင်း သိရသည်။**

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✪

## Southern ကို ရောဝတီ ဂိုးပြတ်သွင်း

ရန်ကုန် ဩဂုတ် ၅

**၂၀၁၆ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၂၀) ပထမနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ကျင်းပရာ ဧရာဝတီအသင်းက Southern အသင်းကို ငါးဂိုးပြတ်အနိုင်ရရှိခဲ့သည်။**

ဒုတိယအကျော့တွင် ရလဒ်ရောခြေစွမ်းပိုင်းပါ မတည်မငြိမ်ဖြစ်နေသည့် ဧရာဝတီအသင်းသည် ယခုပွဲတွင် နိုင်ဂျီးရီးယားတိုက်စစ်မှူး ခရစ္စတိုဖာ၏ ခြေစွမ်းပြသွင်းဂိုးများနှင့်အတူ ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ Southern အသင်းသည် ယခုရှုံးပွဲကြောင့် MNL တွင်ဆက်ရှိရန်ဖိအားများသွားပြီဖြစ်သည်။

Souhtern အသင်းသည် တန်းဆင်းဇုန်မှရုန်းထွက်နိုင်ရန် အမာခံကစားသမားအများစုဖြင့်ပွဲထွက်ခဲ့သော်လည်း ရန်နိုင်ထွေးနှင့် ချီကာတို့မပါနိုင်၍ တိုက်စစ်အားပျော့ခဲ့ရသည်။ ဧရာဝတီအသင်းမှာလည်း ခရစ္စတိုဖာနှင့် တာကူမူနှစ်ဦးစလုံးကို တစ်ပြိုင်နက်တည်းအသုံးပြုကာ တိုက်စစ်အသားပေးကစားခဲ့သည်။ ဧရာဝတီအသင်းသည် ပထမပိုင်းပြီးခါနီးမှ ဂိုးစတင်ရရှိခဲ့သော်လည်း ပင်နယ်တီနှစ်ကြိမ်ရခဲ့သောကြောင့် ဂိုးပြတ်သွင်းခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ခရစ္စတိုဖာက (၄၃၊၅၀၊၆၆၊၇၄)မိနစ်တို့တွင် တစ်ဦးတည်းလေးဂိုးသွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာ တာကူမူ က ၈၇ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

မကွေး-ရတနာပုံ

(အောင်ဆန်းကွင်း)

ရခိုင်-ချင်းယူနိုက်တက်

**(ရှိုင်းထက်ဇော်)**

မြန်မာ့ငလျင်ဘေးလျော့ချရေး သတိထားစရာနှင့် လုပ်ဆောင်စရာ စာမျက်နှာ - ၆

လူငယ်၊ ရပ်တုများနှင့် နိုင်ငံတော်သစ်တည်ဆောက်ရေး စာမျက်နှာ - ၇

